မြသန်းတင့်

မရဏာအိပ်မက်တစ်ခု၏ မှတ်တမ်း

CHRONICLE OF A DEATH FORETOLD

BY GABRIEL GARCIA MARQUEZ

WHISPER OF WORDS

မရဏအိပ်မက်တခု၏ မှတ်တမ်း

မြသန်းတင့်

Chronicle of A Death Foretold

by Gabriel Garcia Marquez

ဂေဘရီယယ် ဂါစီယာ မားကွတ်ဇ် (၁၉၂၈-၂၀၁၃)

ကိုလံဘီယာနိုင်ငံ၊ အရာကာတကာမြို့တွင် ၁၉၂၈ ခုနှစ်၊ မတ်လ ၆ ရက်၌ မွေးသည်။ ငယ်မည် ဂေဘရီယယ် ဂျိုဆေဒီလာ ကွန်ကောဒီးယား ဖြစ်သည်။

အခြေခံနှင့် အလယ်တန်းပညာများကို ဘာရန်ကွီးလာနှင့် ဇစ်ပါကွီရဲရှိ ဒေသဆိုင်ရာ ကျောင်းများတွင် သင်ယူခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် ဘိုဂိုတာ အမျိုးသားတက္ကသိုလ်နှင့် ကာတာဂျီးနား တက္ကသိုလ်တို့တွင် ဥပဒေပညာနှင့် သတင်းစာပညာ သင်ယူခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် သတင်းစာဆရာအဖြစ် အသက်မွေးသည်။ ၁၉၅၀ ပြည့်နှစ် နောက်ပိုင်းတွင် ဘိုဂိုတာ နေ့စဉ်သတင်းစာ El Espectador ၏ နိုင်ငံခြားသတင်းထောက်အဖြစ် ရောမနှင့် ပါရီတွင် အမှုထမ်းသည်။ ၁၉၅၈ ခုနှစ်တွင် ကာရာကက်၌ သတင်းစာဆရာအဖြစ် ရပ်တည်ပြီး မာစီဒက်စ်ဘာချာပါတိုနှင့် လက်ထပ်သည်။ ၁၉၅၉-၆၁ အထိ ကျူးဘား သတင်းအေဂျင်စီ အတွက် ကိုလံဘီယာ၊ ဟာဗားနား၊ နယူးယော့စီးတီးတွင် တာဝန်ယူသည်။ ၁၉၆၀ ပြည့်နှစ်တွင် မက္ကဆီကိုစီးတီး၌ ဇာတ်ညွှန်းရေးသမား၊ သတင်းစာဆရာ၊ ဂျာနယ်ထုတ်ဝေသူ ဖြစ်လာသည်။ ၁၉၇၃ ခုနှစ်တွင် ဘာစီလိုနာသို့ ပြောင်းရွှေ့သည်။ ၁၉၈၁ ခုနှစ်မှစ၍ မက္ကဆီကိုတွင် အခြေချသည်။

၁၉၄၀ ပြည့်နှစ် နှောင်းပိုင်းတွင် ဝတ္ထုတိုများ စတင်ရေးသားသည်။ The Third Resignation မှာ သူ့အသက် ၁၉ နှစ်အရွယ် ၁၉၄၇ ခုနှစ်တွင် ပုံနှိပ်ခဲ့သည့် ရှေးဦးလက်ရာ ဝတ္ထုတိုဖြစ်သည်။ ရေးသားပြီးသည့် ဝတ္ထုတို၊ ဝတ္ထုရှည်များမှာ Eyes of a Blue Dog (1947), Leaf Storm (1955), No One Writes to the Colonel (1958), In Evil Hour (1962), Big Mama's Funeral (1962), One Hundred Years of Solitude (1967), Innocent Erendira and Other Stories (1972), The Autumn of The Patriach (1975), Love in the Time of Cholera (1985), The General in His Labyrinth (1989), Collected Stories (1991), Strange Pilgrims

Stories (1992), Of Love and Other Demons (1994) တို့ ဖြစ်ကြသည်။ တကယ့်ဖြစ်ရပ်မှန်အပေါ် အခြေပြု၍ သတင်းစာ အရေးအသားသစ် ပုံစံဖြင့် Chronicle of a Death Foretold (1981), The Story of a Shipwrecked Sailor (1986), Clandestine in Chile (1987), News of a Kidnapping (1996) တို့ကိုလည်း ရေးသားခဲ့သည်။ The Story of a Castaway (1970) နှင့် When I was Happy and Undocumented(1973) တို့မှာ သတင်းဆောင်းပါးပေါင်းချုပ် အုပ်တွဲများဖြစ်၍ La navlela en America Latina (1968) မှာ ပီရူး စာရေးဆရာ မာရီယိုဗားဂက်စ်ကွိုင်ဇာနှင့် ပူးတွဲရေးခဲ့သည့် စာပေဝေဖန်ရေးကျမ်း ဖြစ်သည်။

လက်တင်အမေရိက စာပေသမိုင်းတွင် ပဉ္စလက်သရုပ်မှန်ဝါဒ လှုပ်ရှားမှုကို တဆင့်မြှင့်၍ ကျယ်ကျယ်ပြန့်ပြန့် ဦးဆောင်ခဲ့သူ ဖြစ်သည်။ ၁၉၈၂ ခုနှစ်တွင် စာပေနိုဘယ်လ်ဆု ရရှိပြီး ဧပြီ ၁၇၊ ၂၀၁၄ ခုနှစ်တွင် ကွယ်လွန်သည်။

မြသန်းတင့် (၁၉၂၉-၁၉၉၈)

ပခုက္ကူခရိုင်၊ မြိုင်မြို့တွင် အဖ ဦးပေါ်တင့်၊ အမိ ဒေါ်လှိုင်တို့မှ ၁၉၂၉ ခုနှစ်၊ မေ ၂၃ ရက်၊ ကြာသပတေးနေ့၌ မွေးဖွားသည်။ အမည်ရင်းမှာ ဦးမြသန်း ဖြစ်သည်။

မြိုင်မြို့ တိုင်းရင်းမြန်မာ အထက်တန်းကျောင်းနှင့် ပခုက္ကူမြို့၊ မြန်မာ-အင်္ဂလိပ် ဗုဒ္ဓဘာသာ အထက်တန်းကျောင်းတို့တွင် ပညာသင်ခဲ့သည်။ ပဥ္စမတန်း (၁၉၄၁)၊ တက္ကသိုလ်ဝင် စာမေးပွဲ (၁၉၄၇)၊ ၁၉၄၈ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်သို့ ရောက်သည်။ ဝိဇ္ဇာဘွဲ့ (၁၉၅၄)၊ ဥပဒေဘွဲ့ (၁၉၅၆) ရရှိခဲ့သည်။

အာရှလူငယ်အဖွဲ့ (၁၉၄၃)၊ ဖက်ဆစ်တော်လှန်ရေး မြေအောက်လှုပ်ရှားမှု (၁၉၄၄-၄၅)၊ မန္တလေးခရိုင် အထက်မြန်မာပြည် အဖွဲ့ချုပ်နှင့် မြင်းခြံခရိုင် အလုပ်သမားသမဂ္ဂနှင့် လယ်သမား သမဂ္ဂတို့တွင် အလုပ်အမှုဆောင် (၁၉၄၅-၄၇)၊ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ) အလုပ်အမှုဆောင် (၁၉၅၂)၊ ပြည်တွင်းငြိမ်းချမ်းရေး ဗဟိုကော်မတီ အတွင်းရေးမှူး (၁၉၅၅)၊ ပြည်သူ့တိုးတက်ရေးပါတီ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့ဝင်နှင့် ပြည်သူ့ကော်မတီဝင် (၁၉၆၃) အဖြစ် ပါဝင်ခဲ့သည်။ စာပေသစ် မဂ္ဂဇင်း ဦးဆောင်ထုတ်ဝေသူ တဦး (၁၉၅၀)၊ စာပေမဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ၊ ပြည်တော်သစ်ဂျာနယ် အယ်ဒီတာချုပ်နှင့် တိုးတက်ရေးသတင်းစာ နိုင်ငံခြားရေး အယ်ဒီတာ (၁၉၅၂)၊ စာရေးဆရာသမဂ္ဂ အမှုဆောင် (၁၉၆၂) အဖြစ် တာဝန်ယူခဲ့သည်။

၁၉၄၉ ခုနှစ် တာရာမဂ္ဂဇင်း အတွဲ ၃၊ အမှတ် ၂၁ တွင် ပါရှိသည့် 'ဒုက္ခသည်' သည် ပထမ ပုံနှိပ်ဝတ္ထုတို ဖြစ်သည်။ ကလောင်အမည်ခွဲ များစွာသုံး၍ စာမျိုးစုံကို ပင်ကိုရေး၊ ဘာသာပြန်၊ အမှီးပုံစံများဖြင့် စာအုပ်ပေါင်း ၁၀၀ ခန့် ပြုစုခဲ့သည်။ ထင်ရှားသော စာအုပ်အချို့မှာ မေတ္တာအသချေ (၁၉၅၃)၊ လိုက်ခဲ့တော့ မြနန္ဒာ (၁၉၆၀)၊ ဓားတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်မည် (၁၉၇၃)၊ ကျွန်တော် ဆက်၍ရေးချင်သော ဝတ္ထုများ (၁၉၇၄)၊ မော်ရုံတောမှာ မောလှပြီ (၁၉၇၈)၊ ပါရီကျဆုံးခန်း (၁၉၈၂)၊ ရေပွက်ပမာ (၁၉၈၉)၊ ခေတ်ပေါ် နိုင်ငံတကာ ကဗျာရှည် သုံးပုဒ် (၁၉၉၁)၊ နှစ်ဆယ်ရာစု နိုင်ငံရပ်ခြား ကဗျာများ (၁၉၉၃) တို့ ဖြစ်ကြသည်။ အမျိုးသားစာပေ ဘာသာပြန်ဆုရ စာအုပ်များမှာ စစ်နှင့် ငြိမ်းချမ်းရေး (၁၉၇၂)၊ လေရူးသုန်သုန် (၁၉၇၈)၊ ခန်းဆောင်နီ အိပ်မက် (၁၉၈၈)၊ သုခမြို့တော် (၁၉၉၂)၊ အချစ်မိုးကောင်းကင် (၁၉၉၅) တို့ ဖြစ်ကြသည်။

မြသန်းတင့် ကလောင်အမည်အပြင် မြသန်း၊ မောင်သစ်တည်၊ စောယွန်း၊

ထက်အောင်၊ မေမေလှိုင်၊ မင်းနန္ဒာ၊ ရဲအောင်ဇေ၊ အုတ်လှငယ်၊ ဇောတိက စသည်တို့ကိုလည်း အသုံးပြုသည်။

၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်တွင် ကွယ်လွန်သည်။

* * * * *

ဘာသာပြန်သူ၏ အမှာ

၁၉၉၆ ခုနှစ်၊ လ၏ နေ့တနေ့၌ နိုဘယ်ဆုရ ကိုလံဘီယာ အမျိုးသား စာရေးဆရာကြီး ဂေဘရီယယ် ဂါစီယာမားကွတ်ဇ် အိမ်မှ တယ်လီဖုန်းခေါင်းလောင်းသံသည် ဆူညံစွာ မြည်လာ၏။ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည့်အခါတွင် သူ့မိတ်ဆွေတဦး ဖြစ်နေသည်။

ထိုမိတ်ဆွေသည် တခါတုန်းက သူ့ဇနီး ပြန်ပေးဆွဲခံရပုံကို ပြောပြခဲ့ဖူးသည်။ ထိုပြန်ပေးဆွဲမှု သည် ဆူညံသောင်းကျန်းသော မူးယစ်ဆေး ယဉ်ကျေးမှုနှင့် ပတ်သက်နေ၏။ ထိုအကြောင်းကို မားကွက်ဇ်က မှတ်တမ်းသဘောဖြင့် စာအုပ်တအုပ် ရေးခဲ့သည်။ သူ့စာအုပ်အမည်မှာ 'ပြန်ပေးဆွဲမှုသတင်း' ဆိုသည့်စာအုပ် ဖြစ်သည်။ မားကွက်ဇ်သည် ထိုစာအုပ်ကိုရေးပြီး နောက်ဆုံးပရုဖ်များကို ထုတ်ဝေသူထံ ပို့ပြီးခါစ ရှိသေး၏။

ယခု ထိုမိတ်ဆွေသည် ပြန်ပေးဆွဲမှု သတင်းတခုအကြောင်းကို ပြောပြနေပြန်သည်။ ယခုတကြိမ် ပြန်ပေးဆွဲမှုမှာ သူ့ဇနီး မဟုတ်ပါ။ ကိုလံဘီယာနိုင်ငံ သမ္မတဟောင်း ဆီဇာဂါဗီးရီးယား၏ ညီကို ပြန်ပေးဆွဲသွားသည့်ကိစ္စ ဖြစ်သည်။

ပြန်ပေးဆွဲသည့် လူဆိုးများက သတင်းစာတိုက်များသို့ ထုတ်ပြန်သည့် ကြေညာချက်ထဲတွင် ဂါစီယာမားကွက်ဇ်ကို နိုင်ငံတော် သမ္မတ တင်မြှောက်လိုသည်ဟု ဖော်ပြထားကြောင်းဖြင့် သူ့မိတ်ဆွေက ပြောပြသည်။

မားကွက်ဇ်သည် တယ်လီဖုန်းကိုချကာ အိပ်ရာထဲတွင်ထိုင်ပြီး တွေးနေသည်။ အဖြစ်အပျက်များ သည် သူ့ဝတ္ထုထဲက အဖြစ်အပျက်များနှင့် တူနေသည်။ လက်တင်အမေရိက၌ အနုပညာသည် ဘဝနှင့် မတူဘဲ ဘဝသည် အနုပညာနှင့် တူနေသည်။ အနုပညာသည် ဘဝကို သရုပ်ဖော်ခြင်း မပြုဘဲ ဘဝသည် အနုပညာကို သရုပ်ဖော်သကဲ့သို့ ဖြစ်နေသည်။

သူ၏ 'အထီးကျန် နှစ်တရာ'၊ 'အဖသခင်၏ ဆောင်းဦး' ဆိုသည့် ဝတ္ထုများတွင် ရေးခြယ်ပြသည့် စိတ်ကူးရုပ်ပုံ ရှုခင်းလိုပင် မားကွက်ဇ်၏ဘဝသည် နိုင်ငံရေးနှင့် စကားပြေ ရောထွေးယှက်လိမ် နေသည့်ဘဝ ဖြစ်သည်။ ထိုဘဝတွင် အလွမ်းနှင့် အသောသည် အတူယှဉ်တွဲ တည်ရှိနေကြသည်။ အမှန်သည် စိတ်ကူးထက် ဆန်းကြယ်နေတတ်သည်။ ပြန်ပေးဆွဲသည့် လူဆိုးများက ဂါဘို (သူ့ကို ကိုလံဘီယာလူထုက ဤသို့ ခေါ်သည်) အား သမ္မတတင်ရန် တောင်းဆိုခြင်းသည် ကမ္ဘာကြီးအဖို့ ထူးဆန်းကောင်း ထူးဆန်းနေမည်

ဖြစ်သော်လည်း ကိုလံဘီယာနိုင်ငံအဖို့ကား အဆန်းမဟုတ်ပါ။ ဂါဘိုသည် သူတို့နိုင်ငံတွင် အမျိုးသား ရတနာတပါး ဖြစ်နေပါသည်။ အသက် ၆၉ နှစ်ရှိ ဂါစီယာမားကွက်ဇ်သည် ရသဖန်တီးမှုနှင့် လက်ဝဲအယူအဆများကို ကိုင်စွဲကာ သြဇာကြီးသူတဦး ဖြစ်မြဲ ဖြစ်နေသေးကြောင်းကို ထိုအဖြစ်အပျက်က သက်သေထူနေသည်။ လူထုက ဂါစီယာမားကွက်ဇ် ဘာပြောမလဲဟု စောင့်နေကြသည်။ မားကွက်ဇ်က သူတို့ ကမ်းလှမ်းချက်ကို ပယ်ချလိုက်ပြီး 'ခင်ဗျားတို့လက်နက်တွေကို မြေကြီးထဲ မြှုပ်ပစ်လိုက်ပါ၊ မျက်နှာဖုံးအစွပ်တွေကို ဖယ်ပစ်လိုက်ပါ၊ ထွက်လာပြီး ခင်ဗျားတို့ အတွေးအခေါ်တွေကို ပြောပြစမ်းပါ၊ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေတခုအောက်မှာတော့ ဖြစ်ရမှာပေါ့' မားကွက်ဇ်က ရှင်းရှင်းပြတ်ပြတ် ပြောခဲ့သည်။

ကိုလံဘီယာ ကြေးနန်းစာရေးတယောက်၏သားဖြစ်သည့် ဂါစီယာမားကွက်ဇ်သည် သူ၏ ပဥ္စလက် သရုပ်မှန်ဝါဒဖြင့် လက်တင်အမေရိက၏အသံကို ရှင်းလင်းစွာ ဖော်ပြခဲ့သည်။ ပဥ္စလက် သရုပ်မှန်ဝါဒ ဆိုသည်မှာ အခြားမဟုတ်။ ဆန်းကြယ်သော စိတ်ကူးနှင့် အစစ်အမှန်တို့ကို တမင် အားထုတ်ခြင်း မရှိဘဲ သဘာဝကျကျ ပေါင်းစပ်ထားသည့်ဟန် ဖြစ်သည်။

၁၉၆၇ ခုနှစ်တွင် ထုတ်ဝေသည့် အထီးကျန် နှစ်တရာသည် ဘာသာပေါင်း ၃၀ သို့ ပြန်ဆိုပြီး ဖြစ်ကာ စောင်ရေ သန်း ၂၀ ကျော် ရောင်းခဲ့ရပြီး ဖြစ်သည်။ ထိုဝတ္ထုကြောင့်ပင် သူသည် စာပေနိုဘယ်ဆု ချီးမြှင့်ခြင်း ခံခဲ့ရသည်။ သူ့စာဖတ်ပရိသတ်များသည် ဥရောပ၊ အာဖရိက၊ အာရှနှင့် အရှေ့အလယ်ပိုင်းဒေသတို့အထိ ကမ္ဘာအနှံ့တွင် ရှိနေသည်။ အာရပ်ကမ္ဘာလောကမှာ တော့ မားကွက်ဇ်ဟာ ပေါ်ပြူလာအဖြစ်ဆုံးပဲဟု လက်ဘနွန် ထုတ်ဝေသူတဦးက ပြောသည်။

သို့ရာတွင် စာပေဝေဖန်ရေးဆရာတို့ အဆိုအရ မားကွက်ဇ်၏ စိတ်ကူးဆန်းကြယ်သည် မြေကြီးနှင့် ပို၍နီးစပ်လာကာ သရုပ်မှန်ဝါဒက ကဲလာပြီး ပဥ္စလက်က နည်းလာသည်ဟု ဆိုကြသည်။ မားကွက်ဇ်သည် ယခုတိုင် စာတွေကို တသွင်သွင်ရေးဆဲ ဖြစ်သည်။ 'စာမရေးရရင် ကျွန်တော် သေသွားမှာဗျ' ဟု သူက ပြောသည်။ ဝတ္ထုဆရာ မားကွက်ဇ်၏ ရည်မှန်းချက်သည် မြင့်မားပါသည်။ သူသည် လက်တင်အမေရိက တိုက်ကြီးကို နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့ အရ ပေါင်းစည်းသော အစုအဝေးကြီးတခု ဖြစ်စေချင်သည်။ လက်တင်အမေရိကတိုက်သည် သမိုင်းဦးကတည်းက အတွင်းကွဲပြဲမှုများဖြင့် အစည်းပြေနေသော တိုက်ကြီး မဟုတ်လော။ ၁၉ ရာစုနှစ် အစတုန်းက လက်တင်အမေရိက ခေါင်းဆောင်တဦးဖြစ်သည့် ဆီမွန်ဘိုလီဗားသည် လက်တင်အမေရိကတိုက်ကြီးကို စည်းလုံး ညီညွတ်အောင်လုပ်ရန်

အားထုတ်ခဲ့ဖူးသည်။ သို့ရာတွင် မအောင်မြင်ခဲ့ပါ။ မားကွက်ဇ်သည် ဘိုလီဗားအကြောင်းကို သူ၏ ထင်ရှားသည့် ‘ဝက်ပါထဲက ဗိုလ်ချုပ်’ ဆိုသည့် ဝတ္ထုထဲတွင် အကျယ်ရေးခဲ့သည်။

“ကျွန်တော့်အဖို့တော့ ဘိုလီဗားရဲ့အယူအဆကို အကြိုက်ဆုံးပဲဗျ၊ သူ့အယူအဆက ဘာလဲ၊ လက်တင်အမေရိကတိုက်ကြီး စည်းလုံးညီညွတ်ရေးပဲ၊ ဒီလိုအယူအဆမျိုးအတွက်ဆိုရင် အသေခံရဲပါတယ်” ဟု သူက ပြောသည်။

သူ စာရေးပုံကို နယူးစ်ဝိခ်သတင်းထောက်အား ဤသို့ ပြောပြခဲ့သည်။

“မနက်တိုင်း ၅ နာရီဆိုရင် အိပ်ရာက နိုးတယ်၊ ဘယ်အချိန်ပဲ အိပ်အိပ်၊ ၅ နာရီမှာတော့ နိုးတာပဲ၊ ပြီးတော့ စောစောအိပ်ဖြစ်အောင်လည်း ကြိုးစားတယ်လေ၊ ကျွန်တော့်အဖို့ ၄ နာရီလောက် အိပ်ရင် လုံလောက်နေတာပါပဲ၊ ကျွန်တော့်အိပ်ရာဘေးက စားပွဲပေါ်မှာ လိုအပ်တဲ့ပစ္စည်းတွေ အကုန်တင်ထားတယ်၊ စာဖတ်တယ်၊ လုပ်စရာရှိတာကို လုပ်တယ်၊ စာတမ်းတို့ ဘာတို့ ရေးတယ်၊ အိပ်ရာက ထလို့ ရပါတယ်၊ ဒါပေမဲ့ ဒီလိုအချိန်မှာ အိပ်ရာထဲက ထရတာဟာ သိပ်ပျင်းစရာကောင်းတယ်ဗျာ၊ တယောက်တည်း ဖြစ်နေတယ်၊ အဝတ်အစားတွေ လဲပြီး လမ်းလျှောက်ထွက်ရမှာကလည်း ပိုပြီးတောင် အထီးကျန်နိုင်သေးတယ်၊ မနက် ၇ နာရီဆိုရင် သတင်းစာတွေ ဖတ်တယ်၊ ဒါပေမဲ့ ခေါင်းစီးလောက်ပဲ ဖတ်တာပါ၊ ကျွန်တော့်မိတ်ဆွေတွေက သတင်းစာဆရာတွေ မဟုတ်လား၊ သူတို့နဲ့ တနေ့လုံး စကားပြောပြီးသားဆိုတော့ သူတို့တတွေ ဘာရေးမလဲဆိုတာ ကျွန်တော် သိပြီးသားလေ၊ ၈ နာရီ၊ ၉ နာရီလောက်ဆိုရင် ကျွန်တော် ကွန်ပျူတာရှေ့မှာ ရောက်နေပြီ။

‘ကာလဝမ်းရောဂါ ဖြစ်ချိန်အချစ်’ ဆိုတဲ့ဝတ္ထု ပထမအခန်းကတည်းက ကျွန်တော် ကွန်ပျူတာနဲ့ စာရေးတယ်၊ အဲဒီမတိုင်ခင်တုန်းကတော့ ကျွန်တော့်နှုန်းက ၇ နှစ်မှ တအုပ်ရတယ်၊ ကွန်ပျူတာနဲ့ ရိုက်လိုက်တော့ ၃ နှစ်မှာ တအုပ် ထွက်လာတယ်၊ လူလည်း သက်သာတယ်၊ လက်နှိပ်စက်နဲ့ ရိုက်တုန်းကတော့ မနက် ၈ နာရီကနေ ညနေ ၂ နာရီ၊ ၃ နာရီအထိဆိုတော့ ကျွန်တော့်ခါးကို ထိတာပေါ့။

ခု ကျွန်တော် နောက်ဆုံးရေးတဲ့ ‘ပြန်ပေးဆွဲမှုသတင်း’ ဆိုတဲ့ စာအုပ်ကတော့ ဝတ္ထုမဟုတ်ဘူးဗျ၊ ဝတ္ထုမဟုတ်တဲ့ စာအုပ်တအုပ်ကို ရေးချင်နေတာ ကြာလှပြီ၊ သတင်းပို့ချက်အပေါ်မှာ တည်ပြီး ရေးတဲ့စာအုပ်မျိုး ဆိုပါတော့၊ ကျွန်တော်က သတင်းထောက်ဘဝက လာတာဆိုတော့ သတင်း အရေးအသားကို သဘောကျတယ်လေ၊ ဒီတုန်းမှာ မာဂူဂျာပါရှန်နဲ့ တွေ့တယ်၊ ဒီတော့ သူနဲ့ သူ့ယောကျ်ားက သူတို့ ပြန်ပေးဆွဲခံရတဲ့အကြောင်းကို ပြောပြတယ်၊ အဲဒီစာအုပ်ကို နေ့တိုင်း ရေးတာတောင် ၃ နှစ် ကြာတယ်၊ ဒီစာအုပ်မှာ အရေးကြီးတာက

ပြန်ပေးဆွဲမှုတခုမှာ ပြန်ပေးဆွဲတဲ့သူရော၊ အဆွဲခံရသူရော၊ အာဏာပိုင်တွေရော၊ မိသားစုတွေရော စိတ်သောက ဖြစ်ရတာကို အဓိက ထားတာပါ" မားကွက်ဇ်က ပြောသည်။

မြသန်းတင့်

သူတို့တတွေ သူ့ကိုသတ်မည့်နေ့က စန်တီယာဂိုနာဆားသည် ဘုန်းတော်ကြီး လိုက်ပါလာမည့် သင်္ဘောကို ကြိုရန် မနက် ၅ နာရီခွဲတွင် အိပ်ရာမှ ထသည်။ မိုးမှုန်ကလေးတွေ တဖွဲဖွဲ ရွာနေသည့် တောအုပ်ကြီးတခုထဲသို့ ဖြတ်လာခဲ့သည်ဟု သူ အိပ်မက် မက်ခဲ့၏။ အိပ်မက်ထဲတွင် သူသည် တခဏလောက်တော့ အပျော်ကြီး ပျော်သွားခဲ့သည်။ သို့ရာတွင် အိပ်ရာမှ နိုးလာသည့် အခါတွင် သူ့တကိုယ်လုံး ငှက်ချေးတွေ ပေကျံနေသည်ဟု ထင်မိသည်။

"သူက သစ်ပင်တွေအကြောင်းကို အမြဲတမ်းလိုလို အိပ်မက် မက်တတ်တယ်"

ထိုစိတ်ပျက် ညစ်ညူးဖွယ်ကောင်းသည့် တနင်္လာနေ့က အကြောင်းကို သူ့အမေ ပလေစီ ဒါလီနာရိုက နောင် ၂၇ နှစ်အကြာတွင် ကျွန်တော့်ကို ပြောပြသည်။

"အဲဒီရက်မတိုင်ခင် တပတ်ကလည်း ဇာဒ်ပင်တွေကြားထဲမှာ သံဖြူလေယာဉ်ကလေးတစင်းနဲ့ လျှောက်ပျံနေတယ်လို့ အိပ်မက် မက်သတဲ့၊ ဇာဒ်ပင်တွေကြားထဲက ဖြတ်ပျံတာတောင် ဘာနဲ့မှ မတိုက်မိဘူးတဲ့"

သူမက ကျွန်တော့်ကို ပြောပြသည်။ သူ့အမေသည် အိပ်မက်များကို အတိတ်နိမိတ် ကောက်ရာတွင် အလွန်တိကျ မှန်ကန်သည်ဟု နာမည်ကြီးသူ ဖြစ်၏။ တခုတော့ ရှိသည်။ အိပ်မက်ကို အတိတ်ကောက်ခိုင်းလိုလျှင် အစာမစားမီတော့ အိပ်မက်ကို ပြောပြဖို့ လိုသည်။ သို့ရာတွင် သူ့သား၏ အိပ်မက်နှစ်ခုကိုတော့ ထူးထူးခြားခြား အတိတ်မကောက်မိပေ။ သူ မသေမီ တလောက နံနက်ခင်းများတွင် ပြောပြတတ်သော သစ်ပင်များနှင့်ပတ်သက်သည့် အိပ်မက်များ ကိုလည်း ထူးထူးခြားခြား အတိတ်မကောက်မိခဲ့ပါ။

စန်တီယာဂိုနာဆား ကိုယ်တိုင်လည်း အတိတ်နိမိတ်တွေကို သတိမထားမိခဲ့။ သူသည် အဝတ်အစားပင် မလဲနိုင်ဘဲ မှောက်မျဉ်းမှျသာ အိပ်ပျော်ပြီးနောက် ခေါင်းတစစ်စစ် ကိုက်ခဲရင်း အာခေါင်ထဲတွင် ကြေးနီမှုန့်အနံ့ နံလျက် နိုးလာခဲ့သည်။ မနေ့ညက သန်းခေါင်ကျော်အထိ မင်္ဂလာဆောင်တွင် သောက်စားခဲ့သောကြောင့် ဖြစ်မည် ထင်သည်။

ထို့ပြင် ၆ နာရီထိုးပြီး ၅ မိနစ်အလွန် အိမ်မှ သူ ထွက်လာခဲ့ပြီးနောက် ဝက်တကောင်လို အပိုင်းပိုင်း အပြတ်ပြတ် လှီးဖြတ် အသတ်မခံရမီ အချိန်ကလေးအတွင်း သူ့ကို တွေ့ခဲ့သူများ ကလည်း ထိုစဉ်က သူသည် အိပ်ချင်မူးတူး ဖြစ်ဟန်ရှိကြောင်း၊ သို့ရာတွင် စိတ်ထား ပုံမှန်ပင် ဖြစ်ကြောင်း၊ ထိုနေ့မှာ သာယာလှပသည့် နေ့တနေ့ ဖြစ်ကြောင်းဖြင့် လမ်းတွင်တွေ့သူများကို နှုတ်ဆက်သွားခဲ့သေးကြောင်း ဖြင့် သတိရနေကြ သေးသည်။ ရာသီဥတုနှင့်ပတ်သက်၍ ပြောဆို သွားသည်ဟုတော့ မည်သူမျှ အသေအချာ

မပြောနိုင်။ ထိုနေ့မှာ နေခြည်ထွန်းလင်း၍ ငှက်ပျောတောများကြားမှ ပင်လယ်လေညင်း တသုန်သုန် ဖြတ်သန်း တိုက်ခတ်နေကြောင်း ကိုတော့ လူတော်တော်များများက တိုက်တိုက်ဆိုင်ဆိုင် မှတ်မိနေကြသည်။ ထိုသို့သော ရာသီဥတုမျိုးမှာ ထိုအချိန် သာယာသည့် ဖေဖော်ဝါရီလတွင် ရှိတတ်သည့် ရာသီဥတုမျိုး ဖြစ်သည်။ သို့ရာတွင် အများစုကမူ ထိုနေ့က ရာသီဥတုသည် ကောင်းကင်နိမ့်ဆင်းကာ တိမ်ထူ ထပ်မှုန်မှိုင်းနေပြီး ရေသေနံ့ နံနေသည်ဟု မှတ်မိနေကြသည်။ ကြမ္မာဂြိုဟ်ဆိုးဝင်သည့် ထိုအချိန်က စန်တီယာဂိုနာဆား၏ အိပ်မက်တောအုပ်ထဲတွင် မြင်ခဲ့ရသလို မိုးမှုန်ဖွဲဖွဲကလေးတွေ ကျဆင်းနေသည်။ ကျွန်တော့်မှာ မနေ့ညက မင်္ဂလာဆောင်တွင် စားခဲ့သောက်ခဲ့သဖြင့် အိပ်ပျော်သွားရာမှ ခေါင်းလောင်းသံများကြောင့် နိုးလာခဲ့သည်။ ဘုန်းတော်ကြီး၏ မီးသင်္ဘော ရောက်လာသည့်အတွက် ခေါင်းလောင်းတီး၍ ကြိုခြင်းဖြစ်လိမ့်မည်ဟု ကျွန်တော် ထင်လိုက်၏။

စန်တီယာဂိုနာဆားသည် ရှပ်အင်္ကျီအဖြူနှင့် ဘောင်းဘီအဖြူတို့ကို ဝတ်ထားပြီး နှစ်ခုစလုံးမှာ မီးပူထိုးထားခြင်း မရှိပေ။ မင်္ဂလာဆောင်မတိုင်မီ တနေ့က ဝတ်ထားသည့်အတိုင်းပင်။ ထိုအဝတ်အစားမှာ ပွဲကြီးလမ်းကြီးရှိသည့်အခါများတွင် သူ ဝတ်လေ့ရှိသော အဝတ်အစားများ ဖြစ်သည်။ ဘုန်းတော်ကြီး ကြွလာခြင်း မဟုတ်လျှင် သူသည် ကာကီအဝတ်အစားနှင့် မြင်းစီးဖိနပ်တို့ကို စီးကာ အဖေ့ထံမှ အမွေရခဲ့ပြီးနောက် ကောင်းစွာ စီမံအုပ်ချုပ်သည့်တိုင် များစွာ ကံအကျိုးမပေးလှသည့် 'ဒေဝမျက်နှာ' အမည်ရှိ မွေးမြူရေးခြံသို့ သွားလေ့ရှိသည်။

အပြင်သို့သွားလျှင် သူသည် ပွိုင့် ၃၅၇ မဂ္ဂနမ်သေနတ်ကို ခါးမှာ ချိတ်သည်။ ထိုသေနတ်မှ သံချပ်ကာကျည်ဆန်များသည် (သူပြောသည့်အတိုင်း ပြောရလျှင်) မြင်းတကောင်ကို အလယ်မှ နှစ်ပိုင်းပြတ်သွားစေနိုင်သည်။ ရစ် ထောင်ချိန်များတွင် သူသည် သူ၏ သိန်းငှက်ဖမ်း ကိရိယာ များကိုလည်း ယူသွားတတ်၏။ ဗီရိုထဲတွင် မန်းလစ်ချာရှိနေ‌ေပါး ပွိုင့် ၃၀.၀၆ ရိုင်ဖယ်တလက်၊ ပွိုင့် ၃၀၀ ဟော်လန်နှင့် ဟော်လန်မဂ္ဂနမ် ရိုင်ဖယ်တလက်၊ အင်အားနှစ်ဆရှိ မှန်ပြောင်းတပ် ပွိုင့် ၂၂ ဟွန်းနက် ရိုင်ဖယ်တလက်နှင့် ဝင်ချက်စတာ ရိုင်ဖယ်တလက်တို့လည်း ရှိသေးသည်။

သူသည် သူ့အဖေလိုပင် ခေါင်းအုံးအောက်တွင် သေနတ်ထား၍ အိပ်လေ့ရှိ၏။ သို့ရာတွင် ထိုနေ့ကမူ အိမ်မှမထွက်မီ သေနတ်ထဲမှ ကျည်ဆန်များကိုထုတ်ကာ အိပ်ရာဘေး စားပွဲအံဆွဲ ထဲတွင် ထည့်ထားခဲ့သည်။ 'သူက ဘယ်တော့မှ သေနတ်ကို ကျည်ထိုးပြီး ထားမပစ်ခဲ့ဘူး' ဟု သူ့အမေက ကျွန်တော့်ကို ပြောပြသည်။ အိမ်တွင် မတော်တဆဖြစ်စေ၊ သေနတ်ကို တယောက်ယောက်က ကျည်ဆန် ထိုးမိ၊ ထည့်မည် စိုးသည့်အတွက် သူသည် သေနတ်များကို တနေရာတွင် သိမ်းပြီး ကျည်ဆန်များကိုလည်း

ခပ်ဝေးဝေးနေရာတွင် သိမ်းလှေ့ရှိသည်ကိုလည်း ကျွန်တော် သိပါသည်။ တခါ သူ့အဖေရှိစဉ် တမနက်က အိမ်စေမကလေး တယောက်သည် အိပ်ရာသိမ်းစဉ် ခေါင်းအုံးကို ခါလိုက်ရာ သေနတ်မှ ကျည်ဆန်ထွက်သွားပြီး ကြမ်းပြင်ကို သွားမှန်သည်။ ထို့နောက် အခန်းထဲရှိ ဗီရိုကို သွားထိကာ ဒြေ့ခန်းဆောင်နံရံကို ဖောက်ထွင်း သွားပြီးနောက် တဖက်အိမ် ထမင်းစားခန်းထဲသို့ ဝင်သွားပြီး ကွက်လပ်တဖက်ရှိ ဘုရား ရှိခိုးကျောင်းထဲမှ သူတော်စင် ရုပ်ပွားတော်တခုကို ပလတ်စတာမှုန့်များအဖြစ် ပြောင်းလဲ သွားစေခဲ့သည်။

ထို့နောက်မှစ၍ သူ့အဖေသည် သေနတ်နှင့် ကျည်ဆန်ကို တခြားစီထားသည့် ထိုအမြော်အမြင် ရှိသည့် ထုံးစံကို ထားပစ်ခဲ့သည်။ ထိုစဉ်က ကလေးငယ်ကလေးမျှသာ ရှိသေးသည့် စန်တီယာဂို နာဆားသည် ထိုအဖြစ်အပျက်မှ သင်ခန်းစာကို ဘယ်တော့မျှ မမေ့နိုင်တော့ချေ။

အမေ မြင်လိုက်ရသော သူ၏ နောက်ဆုံးရုပ်ပုံလွှာမှာ အိပ်ခန်းထဲမှ လှစ်ခနဲ ထွက်ပြေးသွားသော ရုပ်ပုံလွှာ ဖြစ်၏။ ရေချိုးခန်းထဲရှိ အိမ်သုံး ဆေးသေတ္တာကလေး မွှေနှောက်ကာ အက်စပရင် ဆေးပြား ရှာနေသံကြောင့် အမေသည် အိပ်ရာမှ နိုးလာခဲ့သည်။ မီးဖွင့်၍ ကြည့်လိုက်သည့် အခါတွင် လက်ထဲတွင် ရေခွက်ကိုကိုင်၍ အခန်းဝတွင် ရပ်နေသည်ကို မြင်ရသည်။ ဤပုံကို သူမ အမြဲ သတိရနေပေတော့မည်။ ထို့နောက် စန်တီယာဂိုနာဆားက သူ့အိပ်မက်ကို ပြောပြသည်။ သို့ရာတွင် သူမသည် သစ်ပင်များအကြောင်း အိပ်မက် မက်သည်ကိုမူ သတိမထားမိ။

'ငှက်တွေအကြောင်းကို မက်ရင်တော့ ကျန်းမာတယ်ဆိုတဲ့ သဘောပဲကွဲ့' ဟု သူမက ပြောသည်။

သူမသည် ကြိုးခုတင်ထက်မှနေ၍ လဲလျောင်းရင်း သူ့ကို ကြည့်နေသည်။ ကြေမွနေသော မှန်စများမှနေ၍ မှတ်ဉာဏ်မှန်ကွဲကို ပြန်၍ ဆက်စပ်ကြည့်ရန် ကြိုးစားဖို့ မေ့လျော့ခံနေရသည့် ရွာကလေးသို့ ကျွန်တော် ပြန်ရောက်သွားသည့်အခါတွင်လည်း သူမသည် ဇရာဒုဗ္ဗလ၏ နောက်ဆုံးအလင်းရောင်တွင် ထိုကြိုးခုတင်ပေါ် ၌ ထိုအနေအထားအတိုင်း လဲလျောင်းနေဆဲ ဖြစ်သည်။ တောက်ပ ထိန်လင်းနေသော အလင်းရောင်ထဲမှာပင်လျှင် သူမသည် ပုံပန်းသဏ္ဍာန် တို့ကို ကောင်းစွာ မခွဲခြားနိုင်တော့။ အိပ်ခန်းထဲမှ သူ့သား နောက်ဆုံးထွက်သွားခဲ့စဉ် ရခဲ့သော ထာဝရ ခေါင်းကိုက်ဝေဒနာကို သက်သာစေရန်အတွက် နားထင်နှစ်ဖက်ပေါ်တွင် ဆေးဖက်ဝင် အရွက်တို့ကို ကပ်ထားလျက်ရှိ၏။

သူမသည် တဖက်သို့ စောင်းလိုက်ပြီးနောက် ကြိုးခုတင် ခေါင်းရင်းက

ကြိုးထုံးကို ဆုပ်ကိုင်ကာ အားယူထရန် ကြိုးစားသည်။ မှောင်တဝက် လင်းတဝက် ဖြစ်နေသည့် အလင်းရောင်ထဲတွင် ဘုရားရှိခိုးကျောင်းက အနံ့မျိုးကို ကျွန်တော် ရနေသည်။ ရာဇဝတ်မှု ဖြစ်ပွားသည့်နေ့ မနက်က ကျွန်တော့်အဖို့ အလန့်တကြားဖြစ်စေသည့် အနံ့ ဖြစ်ပါသည်။

အခန်းဝသို့ ကျွန်တော် ရောက်သွားသည်နှင့် စန်တီယာဂို နာဆားကို အောက်မေ့တသ စိတ်ဖြင့် ကျွန်တော့်ကို စိတ်ညစ်ညူးစေခဲ့ပါသည်။

"ဟော... ငါ့သား ပြန်လာပြီ၊ သူက ဆပ်ပြာမပါဘဲ ရေနဲ့ချည်း လျှော်တဲ့ အဖြူရောင်ဝတ်စုံကို အမြဲဝတ်တာ၊ သူ့အသားက သိပ်ပြီးနူးညံ့တော့ ကော်ပါတာတို့၊ ဆိုဒါပါတာတို့ကို မခံနိုင်ဘူးလေ"

သူမသည် ကြိုးခုတင်ပေါ်တွင် အတန်ကြာမျှ ထထိုင်ကာ သူ့သား ပြန်ရောက်လာပြီဆိုသည့် အထင် ပျက်ပြယ်သွားသည်အထိ ငရုတ်ကောင်းစေ့များကို ဝါးနေသည်။

"အမေ့ဘဝမှာ သူတယောက်ပဲ ရှိတယ်"

သူမက သက်ပြင်းချသည်။

ကျွန်တော်သည် သူမ၏မှတ်ဉာဏ်ထဲက သူ့ကို မြင်နေပါသည်။ ဇန်နဝါရီ နောက်ဆုံးပတ်ဆိုလျှင် သူသည် အသက် ၂၁ နှစ် ရှိလေပြီ။ သူသည် ပိန်ပိန်ပါးပါး၊ အသားဖြူဖျော့ဖျော့နှင့်ဖြစ်ပြီး အာရေဗျသွေးပါသည့် သူ့အဖေ၏ မျက်ခွံများနှင့် ကွေ့ကောက်သော ဆံပင်များ ရှိ၏။ သူသည် ပျော်ရွှင်မှုဆို၍ တစက်ကလေးမျှ မရခဲ့သော ငွေပခာန အိမ်ထောင်ရေးမှ ပေါက်ဖွားလာသည့် တဦးတည်းသောသား ဖြစ်သည်။

သို့ရာတွင် သူသည် လွန်ခဲ့သည့် ၃ နှစ် ရုတ်တရက် ကွယ်လွန်သွားခဲ့သည့် အချိန်အထိ အဖေနှင့် နေရသည်ကို ပျော်ရွှင် နှစ်ခြိုက်ဟန် ရှိခဲ့သည်။ သူ ကွယ်လွန်ခဲ့သည့် လွန်ခဲ့သည့် တနင်္လာနေ့ အထိ သူ၏ အထီးကျန်အမေနှင့် နေရသည်ကိုလည်း ပျော်ရွှင်ပုံ ရပါသည်။

သူသည် အဖေ့ထံမှ ဆင္ဍမအာရုံကို အမွေရခဲ့သည်။

အဖေ့ထံကမူ ငယ်စဉ်တောင်ကျေး အရွယ်ကတည်းကပင်လျှင် လက်နက်များ ကိုင်ဆောင် ပစ်ခတ်ပုံ၊ မြင်းများကို ချစ်တတ်ပုံ၊ ကောင်းကင်အမြင့်တွင် ပျံသည့် သိန်းငှက်တို့ကို ထောင်ဖမ်းပုံ တို့ကို လေ့လာသင်ယူခဲ့သည်။ ထို့ပြင် အဖေ့ထံမှ ရဲရင့်ခြင်းနှင့် ဉာဏ်ရှိခြင်းဟူသော ကောင်းမွန်သော အတတ်ပညာတို့ကိုလည်း သင်ယူ တတ်မြောက်ခဲ့၏။

သူတို့နှစ်ယောက်ချင်း ဆိုလျှင် သားနှင့် အဖေသည် အာရေဗျဘာသာဖြင့် ပြောလေ့ရှိကြပြီး ပလေစီဒါလီနာရဲ့ ရှေ့တွင် ဆိုလျှင်မူ သူ့ကို ကြဉ်ထားသည့်နှယ် ဖြစ်မည်စိုးသဖြင့် အာရေဗျ ဘာသာစကားကို မပြောကြပါ။ သူတို့သားအဖသည် မြို့ထဲသို့ သွားလျှင် ဘယ်တော့မျှ လက်နက်ကိုင်ဆောင်သည်ကို မတွေ့ရ။ သူတို့ သင်ကြားထားသည့် ငှက်များကို ယူလာသည့်အချိန်များမှာလည်း အလှူပွဲဈေးများရှိသည့် အချိန်မျိုးသာလျှင် ဖြစ်သည်။ အဖေ ကွယ်လွန်ခြင်းသည် သူ့အထက်တန်းကျောင်း ပညာရေးကို အဆုံးသတ်လိုက်ကာ မိသားစုပိုင် မွေးမြူရေးခြံကို အုပ်ချုပ်သူဖြစ်အောင် တွန်းပို့ပေးလိုက်သည်။ ပင်ကိုအားဖြင့် စန်တီယာဂိုနာဆာသည် ပျော်ပျော်နေတတ်ပြီး အေးအေးဆေးဆေးနှင့် စိတ်ထား ပွင့်လင်းသူ ဖြစ်သည်။

သူတို့တတွေ သူ့ကို သတ်မည့်နေ့က အဖြူရောင်ဝတ်သည်ကို မြင်သဖြင့် သူ့သားသည် နေ့မှားနေပြီဟု အမေ ထင်လိုက်၏။ အဲဒီတုန်းက ‘တနင်္လာနေ့နော်လို့ သူ့ကို သတိပေးလိုက် သေးတယ်ကွဲ့’ ဟု သူမက ကျွန်တော့်ကို ပြောပြသည်။ သို့ရာတွင် စန်တီယာဂို နာဆာက ပုပ်ရဟန်းမင်းကြီးလို အဖြူရောင်ကို တမင်ဝတ်ခြင်းဖြစ်ကြောင်း၊ ဘုန်းတော်ကြီး၏လက်စွပ်ကို နမ်းခွင့်ရမည်ထင်ကြောင်းဖြင့် ပြောသည်။ အမေကမူ စိတ်ဝင်စားဟန် မပြပါ။

“ဘုန်းကြီးက သင်္ဘောပေါ်ကတောင် ဆင်းမှာမဟုတ်ပါဘူးကွယ်၊ ခါတိုင်းလို ဝတ်ကျေတမ်းကျေ ဆုပေးပြီး ခရီးဆက်သွားမှာပါ၊ သူက ဒီမြို့ကို လာချင်တာမှ မဟုတ်တာ”

သူမက ပြောသည်။

စန်တီယာဂိုနာဆာလည်း သိပါသည်။ သို့ရာတွင် သူသည် ဘုရားရှိခိုးကျောင်း၏ ကြီးကျယ် ခမ်းနားမှုကို သဘောကျတတ်သည်။ ‘ရုပ်ရှင် ကြည့်နေရသလိုပဲဗျ’ ဟု တခါက ကျွန်တော့်ကို ပြောဖူးသည်။ အမေက ဘုန်းတော်ကြီးကို စိတ်ဝင်စားသည့်အကြောင်းမှာမူ ဘာသာတရားကို ကြည်ညိုလွန်း၍ မဟုတ်ပါ။ မနေ့ညက သူ့သား အိပ်ပျော်နေစဉ် နှာချေသံကို ကြားသဖြင့် သားကို မိုးရေ မစိုစေလိုသောကြောင့် ဖြစ်ပါသည်။ အမေက သင်္ဘောဆိပ်သို့သွားလျှင် ထီးတချောင်း ယူသွားဖို့ ပြောသေးသည်။ သို့ရာတွင် သူသည် လက်ပြ နှုတ်ဆက်ပြီးနောက် အခန်းထဲမှ ထွက်သွားခဲ့သည်။ ထိုအကြိမ်မှာ သူ့ကို နောက်ဆုံးမြင်လိုက်ရခြင်း ဖြစ်သည်။

ထမင်းချက်မိန်းမကြီး ဗစ်တိုးရီးယား ဂုဇ်မန်းကမူ ထိုနေ့က မိုးမရွာ၊ ဖေဖော်ဝါရီလ တလလုံး လည်း မိုးမရွာဟု အသေအချာ ပြောပါသည်။

သူမ မကွယ်လွန်မီက ကျွန်တော် ရောက်သွားသည့်အခါတွင်

ဇစ်တိုးရီးယားဂုဇ်မန်းက..

"ဘယ်ကလာ မိုးရွာရမှာလဲရှင်၊ နေပူလိုက်တာမှ တော်သလင်း နေကတောင် အရှုံးပေးရလိမ့်ဦး မယ်" ဟု ပြောသည်။

သူမသည် လျှာတစ်လစ်ထုတ်နေကြသည့် ခွေးတအုပ် ဝိုင်းရံကာ နေ့လယ်စာအတွက် ယုန် ၃ ကောင်ကို ဖျက်နေစဉ် စန်တီယာဂိုနာဆားသည် မီးဖိုထဲသို့ ဝင်လာသည်။

'သူ အိပ်ရာကထလာရင် အမြဲလိုလို အိပ်ရေးမဝတဲ့ ပုံမျိုးပဲ' ဟု ဇစ်တိုးရီးယားဂုဇ်မန်းက မနှစ်သက်ဟန်ဖြင့် ပြော၏။ သူ့သမီးငယ် အပျိုပေါက်ကလေး ဒီဗီနာဖလိုက တနင်္လာနေ့ မနက်ခင်း ထုံးစံအတိုင်း တောင်ပေါ်ကော်ဖီ မတ်ခွက်ပြည့် ဖျော်ပေးကာ ကြံအရက်ကလေး နည်းနည်းစွက်ပေးသည်။ ညက အိပ်ရေးပျက်လျှင် ခံနိုင်အောင် ဖြစ်သည်။ မီးဖိုမှ မီးတောက် များနှင့် အိပ်တန်းတက်နေသော ကြက်မများ၏ တီးတိုးသံကြောင့် ကျယ်ဝန်းသော မီးဖိုခန်းကြီး သည် တိတ်တဆိတ် အသက်ရှူနေသယောင် ထင်ရ၏။

စန်တီယာဂိုနာဆားသည် အက်စပရင် နောက်တပြားကို မြုံချကာ မတ်ခွက်ထဲမှ ကော်ဖီကို ခပ်ဖြည်းဖြည်း သောက်နေသည်။ သူ့မျက်လုံးများမှာ မီးဖိုအနီးတွင် ယုန်ဝမ်းတွင်းသားများကို ထုတ်နေသည့် အမျိုးသမီးနှစ်ယောက်ထံမှ မခွာတော့။ ဇစ်တိုးရီးယား ဂုဇ်မန်းသည် အသက်အနည်းငယ် ထောက်သည့်တိုင် ကိုယ်လုံးကိုယ်ပေါက် လှပနေဆဲ ဖြစ်သည်။ အပျိုရိုင်း ကလေးဖြစ်သည့် သမီးငယ်မှာမူ အဖိုအရိုက် အမို့အမောက်တို့ ပြည့်လျှမ်းနေလေပြီ။ စန်တီယာဂို နာဆားသည် ကုန်သွားသည့် ကော်ဖီမတ်ခွက်ကို လာယူသည့် သူမလက်ကို ဖမ်းဆွဲလိုက်၏။

'နင့်ကိုလည်း ယဉ်ပါးအောင် သင်ရမယ့်အချိန် ရောက်ပြီ' သူက ပြောသည်။

ဇစ်တိုးရီးယားဂုဇ်မန်းက သွေးတွေစွန်းပေနေသည့် သားလှီးဓားကို ထောင်ပြလိုက်ကာ...

"ဟေ့ ... လူဖြူကောင်လေး၊ လွှတ်လိုက်၊ ငါရှိနေသရွေ့ နင် ဒီရေကို မသောက်ရဘူး"

သူမ အပျိုဖော်ဝင်စတုန်းကလည်း သူမကို အီဘရာဟင်နာဆားက ဖြားယောင်း သွေးဆောင်ခဲ့ သည်။ သူမသည် မွေးမြူရေးခြံမှ မြင်းဇောင်းများထဲတွင် သူ့ကို နှစ်ပေါင်းများစွာ ပျော်တော်ဆက် ခဲ့ရသည်။ ငြီးငွေ့သွားသည့်အခါတွင် အီဘရာဟင်နာဆားသည် သူမကို အိမ်စေအဖြစ် ခေါ်လာခဲ့ သည်။

မိမိသည်လည်း မကြာမီတွင် စန်တီယာဂိုနာဆား၏ အိပ်ရာထဲသို့ တိတ်တဆိတ် ရောက်ရဦးမည် ကို အခြားသူတယောက်နှင့် မွေးခဲ့သည့် ဒီဗီနာဖလို ကောင်းကောင်းသိသည်။ ထိုသို့ တွေးလိုက်မိ သည်နှင့် ဒီဗီနာဖလိုသည် စိုးရိမ်သောကတွေ ပေါ်လာသည်။

'ဒီလိုလူမျိုးတော့ နောက်ထပ် မမွေးပါစေနဲ့တော့ရှင်' ဟု ဝဖိုင့် ၍ မေးမိုန်ဖျော့တော့ကာ အခြား အချစ်များဖြင့်ရသည့် ကလေးများ ဝိုင်းရံနေသည့် သူမက ပြောပြသည်။

'သူ့အဖေနဲ့ အတူတူပဲ' ဟု ဗစ်တိုးရီးယားဂုဇ်မန်းက ပြောသည်။ သို့ရာတွင် သူမက ယုန်ဝမ်းတွင်းသားများနှင့် အငွေ့တထောင်းထောင်း ထနေသည့် ယုန်အူများကို ဝမ်းဗိုက်ထဲမှ ဆွဲနုတ်လိုက်ပြီး ခွေးများကို ပစ်ကျွေးလိုက်သည့်အခါတွင် စန်တီယာဂိုနာဆား အကြောက်လှိုင်း ထသွားပုံကို သူမ သတိရနေသည်။

'ခင်ဗျားကလည်း တောတွင်းသား လူရိုင်းလို မလုပ်ပါနဲ့၊ လူလို လုပ်စမ်းပါ' ဟု သူက ပြောသည်။

အကာအကွယ်မဲ့သည့် တိရစ္ဆာန်များကို အမဲလိုက် သတ်ဖြတ်နေသူ တယောက်က ထိုသို့သော အကြောက်မျိုး ရှိတတ်သေးသည် ဆိုသည့်အချက်ကို သဘောပေါက်ရန်အတွက် ဗစ်တိုးရီးယား ဂုဇ်မန်းသည် နောက် အနှစ် ၂၀ လောက် စောင့်ရသေးသည်။

'ဘုရားရေ… လက်စသတ်တော့ အဲဒါတွေက ရှေ့ပြေးနိမိတ်တွေကိုး' ဟု သူမက တအံ့တသြ ဆိုသည်။ သို့ရာတွင် ယုန်ဝမ်းတွင်းသားတွေကို ခွေးအုပ်ထဲသို့ ပစ်ကျွေးခဲ့သည့် မနက်ကမူ သူမသည် ဒေါသကို အနိုင်နိုင် ချုပ်တည်းထားခဲ့ရသည်။ ထိုစဉ်က သူမ၏ ဆန္ဒမှာ စန်တီယာဂို နာဆား၏ မနက်စာကို ခါးအန်စေရန် ဖြစ်သည်။ ဘုန်းတော်ကြီး၏ မီးသင်္ဘောက မြေကမ္ဘာ တုန်ဟည်းစေလောက်သည့် ဥဩသံကို ပေးသဖြင့် မြို့ငယ်ကလေး တမြို့လုံး နိုးလာချိန်တုန်းက သူတို့၏ ဆက်ဆံရေးမှာ ထိုအတိုင်းပင် ရှိခဲ့သည်။

အိမ်သည် ယခင်က ကုန်လှောင်ရုံဖြစ်ပြီး နှစ်ထပ်အိမ် ဖြစ်သည်။ တောသစ်ကြမ်းများကို ကာထားပြီး သွပ်မိုးဖြစ်လျက် သင်္ဘောဆိပ်ရှိ အမှိုက်ပုံကို မျှော်ကြည့်ရန် လင်းတများ နားရာလည်း ဖြစ်သည်။ မြစ်ကြောင်းသွားလာမှု လွယ်ကူစွာ အသုံးချစဉ်က ထိုအိမ်ကို ဆောက်ခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်ကတော့ ပင်လယ်သို့သွားသည့် လှေသမ္ဗန်ကြီးများနှင့် သင်္ဘောကြီးများပင်လျှင် မြစ်ဝ စိမ့်တောမြေများအထိ ဆန်တက်လာနိုင်ခဲ့ကြသည်။ ပြည်တွင်းစစ်များ ပြီးဆုံး၍ နောက်ဆုံး အာရပ်လူမျိုးများနှင့်အတူ အီဘာရာဟင်နာဆား ရောက်လာချိန်တွင်မူ

မြစ်ကြောင်း ပြောင်းသွားသည့်အတွက် ပင်လယ်ကူး သင်္ဘောများလည်း ဆန်တက်လာနိုင်ခြင်း မရှိတော့။

ကုန်လှောင်ရုံသည်လည်း အသုံးမဝင်တော့ဘဲ ဖြစ်သွားခဲ့သည်။ အီဘရာဟင်နာဆားသည် နိုင်ငံခြားကုန်ပစ္စည်းဆိုင်တဆိုင် ဖွင့်ရန် ထိုကုန်လှောင်ရုံကို ဈေးပေါပေါဖြင့် ဝယ်လိုက်သည်။ သို့ရာတွင် နိုင်ငံခြားပစ္စည်းဆိုင်မှာ ဘယ်တော့မျှ မဖွင့်ဖြစ်ခဲ့ပါ။ အိမ်ထောင်ကျသည့်အခါမှ သာလျှင် ထိုကုန်လှောင်ရုံကို နေအိမ်အဖြစ် ပြောင်းပစ်ခဲ့သည်။ မြေညီထပ်တွင် အစစ အရာရာ အသုံးပြုနိုင်မည့် အခန်းတခန်း ဖွဲ့ကာ နောက်ဖေးဘက်တွင် တိရစ္ဆာန် ၄ ကောင်အတွက် မြင်းဇောင်းတခုကို ဆောက်သည်။ အစေခံတန်းလျား တခုနှင့် မြစ်ဆိပ်ဘက်သို့ မျက်နှာမူနေ သည့် ပြတင်းများရှိသည့် တောမီးဖိုဆောင်တခု ထပ်၍ ချဲ့သည်။

မြစ်ဘက်မှ ပုပ်ဟောင်နေသည့် ရေဆိုးနံ့သည် အမြဲလိုလို မီးဖိုထဲသို့ ဝင်လာနေသည်။ ဧည့်ခန်း ထဲတွင် မပြုမပြင် နဂိုအတိုင်း ထားသည့်အရာဆို၍ သင်္ဘောပျက်တစင်းပေါ်မှ ဆယ်ယူလာခဲ့ ဟန်ရှိသည့် ကြောင်လိမ်လှေကားတခုသာ ဖြစ်သည်။ အကောက်ခွန် အရာရှိများ နေခဲ့သည့် အပေါ်ထပ်တွင် အိပ်ခန်းကြီးနှစ်ခန်းနှင့် ကလေးငယ်များအတွက် အိပ်ခန်းကလေးတွေ ဖွဲ့သည်။ ထို့နောက် ရှေ့ကွက်လပ်ထဲက ဗာဒံပင်များကို မျက်နှာမူနေသည့် လသာဆောင်တခု ထုတ်သည်။ မတ်လ ညနေခင်းများတွင် ပလေစီဒါလီနာရုံသည် ထိုလသာဆောင်တွင် ထိုင်ကာ သူမ၏ အထီးကျန်ဖြစ်မှုကို ဖြေသိမ့်လေ့ရှိ၏။ အိမ်ရှေ့ဘက်၌ တံခါးမကြီးတခုနှင့် ကြမ်းပြင်အထိရှိသော ပြတင်းပေါက်ကြီး နှစ်ပေါက်ကို ဖောက်ကာ သံတိုင်များ တပ်ထားသည်။

နောက်ဖေးပေါက်ကိုမူ မြင်းတစ်ကောင်ပါ ဝင်နိုင်အောင် အပေါက်ကြီး ဖောက်ထားသည်။ ထို့ပြင် ကိုယ်လုံးပေါ်မှန်ဟောင်းကြီး တချပ်ကိုလည်း ထောင်ထားသည်။ ထိုတံခါးမှာ အများဆုံး သုံးသော တံခါးဖြစ်၏။ မီးဖိုဆောင်နှင့် မြင်းစာခွက်များဆီသို့ သွားရာတွင် အနီးဆုံး ဖြစ်သောကြောင့်သာမက သင်္ဘောဆိပ်အသစ်သို့ သွားချင်လျှင်လည်း ကွက်လပ်ကိုပတ်၍ သွားမနေရတော့ဘဲ တိုက်ရိုက် ရောက်နိုင်သောကြောင့် ဖြစ်သည်။ ရှေ့တံခါးမကြီးမှာ ပွဲလမ်း ရှိသည့်အခါများမှအပ အမြဲလိုလိုပင် ပိတ်ထားတတ်သည်။ သို့ရာတွင် စန်တီယာဂိုနာဆားကို သတ်မည့်သူများ သူ့ကို စောင့်ဆိုင်းရာနေရာသည် နောက်ဖေးတံခါးပေါက် မဟုတ်ဘဲ ရှေ့တံခါးပေါက်ရှိရာ ထိုနေရာပင် ဖြစ်သည်။

ဘုန်းတော်ကြီးကို ကြိုဖို့ သင်္ဘောဆိပ်သို့ ဆင်းလျှင် အိမ်ကို ကွေ့ပတ်ပြီး ဆင်းရမည်ကို သိသော်လည်း စန်တီယာဂိုနာဆားသည် ထိုတံခါးပေါက်မှပင် ဆင်းသွားခဲ့သည်။

ထိုသို့သော သေလောက်သည့် တိုက်ဆိုင်မှုမျိုးကို မည်သူမျှ နားလည်နိုင်မည် မဟုတ်။ ရီသိုဟာချာမှ ရောက်လာသည့် စုံစမ်း စစ်ဆေးရေး အရာရှိကိုယ်တိုင် ထိုအချက်ကို ဝန်မခံသော် လည်း သဘောပေါက်မိပုံရသည်။ သူ၏ အစီရင်ခံချက်၌ ကျိုးကြောင်း ယုတ္တိရှိစွာ တင်ပြရန် ကြိုးစားသည့်တိုင် ပေါ်လွင်ခြင်း မရှိပါ။ ထို ကွက်လပ်ဘက်သို့ ထွက်သည့် အိမ်ရှေ့တံခါးမကြီးကို စုံထောက်ဝတ္ထုထဲက နာမည်ဆန်ဆန် 'မရဏတံခါး' ဟု အမည်ပေးထားကာ အစီရင်ခံစာထဲတွင် ကြိမ်ဖန်များစွာ ဖော်ပြထားသည်။ မေးခွန်းများကို မိခင်စိတ်၊ မိခင်ဉာဏ်ဖြင့် ဖြေဆိုသွားသည့် ပလေစီဒါလီနာရို၏ ထွက်ချက်သာလျှင် တခုတည်းသော ခိုင်မာသည့်ထွက်ချက် ဖြစ်သည်။

'ကျကျနန ဝတ်စားပြီးရင် ကျွန်မသားဟာ ဘယ်တော့မှ နောက်ဖေးတံခါးက မထွက်ပါဘူး' ဟု သူမက ထွက်ဆိုသွားခဲ့သည်။ ထိုမျှ လွယ်ကူသေးဖွဲ့သည့် အဖြေကလေးကို စုံစမ်းစစ်ဆေးသူက မျဉ်းဘေးမှတ်ချက်တွင် ဖော်ပြထားသော်လည်း အစီရင်ခံစာထဲတွင် ထည့်သွင်းဖော်ပြထားခြင်း မရှိ။

ဗစ်တိုးရီးယားဂုဇ်မန်း၏ အဖြေမှာမူ ရှင်းလင်းတိကျသည်။ စန်တီယာဂိုနာဆားကို သတ်ရန် လူတွေ စောင့်ဆိုင်းနေသည်ကို သူလည်း မသိ၊ သူ့သမီးလည်း မသိဟု ထွက်ဆိုသွားခဲ့သည်။ သို့ရာတွင် နောင် အသက်ကြီးလာသည့်အခါတွင်မူ မီးဖိုထဲသို့ ကော်ဖီသောက် ဝင်လာစဉ်က ထိုလူများ စောင့်ဆိုင်းနေကြောင်းကို သူတို့နှစ်ယောက်စလုံး သိသည်ဟု ဝန်ခံလာခဲ့သည်။ ၅ နာရီ ထိုးပြီးနောက်တွင် သူတို့ထံသို့ နို့လာတောင်းသည့် မိန်းမတယောက်က ပြောသွားကြောင်း၊ ထိုမျှသာမက သတ်ရန် ကြံရွယ်နေကြောင်းနှင့်တကွ သူတို့တွေ စောင့်ဆိုင်းသည့်နေရာကိုပါ ပြောသွားကြောင်းဖြင့်လည်း ပြောခဲ့သည်။

'အဲဒီတုန်းက ကျွန်မ သူ့ကို သတိမပေးခဲ့ဘူး၊ အရက်မူးသမား ကားပဲ ဖြစ်မှာပဲလို့ ထင်လိုက်လို့ပါ' ဟု သူမက ကျွန်တော့်ကို ပြောသည်။

သို့ရာတွင် သူ့အမေ ကွယ်လွန်ပြီး ကျွန်တော် နောက်တကြိမ် ရောက်သွားသည့်အခါတွင်မူ သူ့အမေသည် စန်တီယာဂိုနာဆား သေစေချင်သည့်အတွက် ထိုအကြောင်းကို ထိမ်ဝှက်ထားခဲ့ ခြင်း ဖြစ်ကြောင်းဖြင့် သူ့သမီး ဒီဗီနာဖလိုက ကျွန်တော့်ကို ဝန်ခံသည်။ သူကလည်း ထိုအချိန်တုန်းက သတိမပေးမိခဲ့။ ထိုစဉ်က သူမမှာ ကြောက်လန့်နေသည့် ကလေးငယ် တယောက်မျှသာဖြစ်ပြီး သူ့ကိုယ်ပိုင် ဘာမျှ မဆုံးဖြတ်တတ်သည့်အတွက်ကြောင့် တကြောင်း၊ စန်တီယာဂိုနာဆားက သူ့လက်မောင်းကို လူသေကြီး၏လက်ဖြင့် ကိုင်သလို အေးစက်မာကျော နေသည့် လက်ကြီးဖြင့် ကိုင်သဖြင့် ပို၍ ကြောက်လန့်နေသောကြောင့် တကြောင်း ထိုအကြောင်း ကို မပြောဖြစ်ခဲ့ချေ။

စန်တီယာဂိုနာဆားသည် ခြေလှမ်းကျဲကြီးများဖြင့် မှောင်ရီသမ်းနေသော အိမ်ထဲမှ ထွက်လာခဲ့ စဉ် ဘုန်းတော်ကြီး၏သင်္ဘောမှ အော်ဟစ်ပြောဆိုသံ၊ ဥသြဆွဲသံများကို ကြားနေရသည်။ ဒီဗီနာဖလိုက သူ့ရှေ့မှသွားပြီး တံခါးကို ဖွင့်ပေးသည်။ ထမင်းစားခန်းထဲက အိပ်ပျော်နေသော ငှက်များ၏ လှောင်အိမ်များ၊ ကြိမ်ကုလားထိုင်များနှင့် ဧည့်ခန်းတွင် ချိတ်ဆွဲထားသော ဋ္ဌသန်လျှင်းချိတ်ပင်များ ကြားမှ ဖြတ်ကာ သူ့ရှေ့က ရောက်နှင့်အောင် တံခါးဆီသို့ ခပ်သုတ်သုတ် လာခဲ့သည်။ သို့ရာတွင် တံခါးမင်းတုပ်ကို ဖြုတ်နေစဉ် သူ့လက်သရမ်းမှုကို ရှောင်ပြေး၍ မရပါ။

“ကျွန်မကို လက်သရမ်းသွားသေးတယ်ရှင့်၊ အိမ်မှာ လူလစ်လို့ နှစ်ယောက်ချင်း မတွေ့လိုက်နဲ့၊ တွေ့လိုက်တာနဲ့ လက်သရမ်းတော့တာပဲ၊ ဒါပေမဲ့ အဲဒီနေ့တုန်းကတော့ ဘာဖြစ်လို့လဲ မသိဘူး၊ ခါတိုင်းလို အံ့သြတာတို့ ဘာတို့ မရှိဘဲ ငိုချင်သလိုလို ဘာလိုလိုကြီး ဖြစ်နေတယ်”

သူမသည် သူ အပြင်ထွက်သွားနိုင်ရန် ဘေးသို့ ဖယ်ပေးလိုက်၏။ ခပ်ဟဟဖြစ်နေသော တံခါးမှ နေ၍ ကွက်လပ်ထဲရှိ ဗာဒံပင်များကို မြင်ရသည်။ အရုဏ်ခြည်ထဲတွင် ဗာဒံပင်များသည် နှင်းလို ဖြူလွှနေကြ၏။ သို့ရာတွင် သူမသည် အခြားအရာများကို ကြည့်ရဲသည့်သတ္တိ မရှိပါ။

“ခဏနေတော့ သင်္ဘောဥသြသံ ရပ်သွားပြီး ကြက်တွန်သံတွေ ကြားရတယ်၊ အဲဒီနေ့ မနက်က ကြက်တွေက တွန်လိုက်တာ မပြောပါနဲ့တော့ရှင်၊ အဲဒီတော့မှ မြို့ထဲမှာ ကြက်တွေ ဒီလောက် ပေါမှန်း သိတော့တယ်၊ ဘုန်းကြီးရဲ့သင်္ဘောပေါ်မှာ ပါလာသလားတော့ မပြောတတ်ဘူး”

သူမက ကျွန်တော့်ကို ပြောပြသည်။

သူမ တသက်လုံး မနှစ်သက်ခဲ့သူအတွက် သူမ လုပ်ပေးနိုင်သော တခုတည်းသော အရာမှာ သခင်မ ပလေစီဒါလီနာရို၏ အမိန့်ကို လွန်ဆန်ကာ တံခါးကို မင်းတုပ်မထိုးဘဲ ထားခဲ့ရန် ဖြစ်သည်။ အရေးကိစ္စ ကြုံလာလျှင် သူ ပြန်လာနိုင်ရန် ဖြစ်သည်။ အမည်မဖော်လိုသည့် တစုံတယောက်က စာအိတ်တအိတ်ကို တံခါးအောက်ကြားထဲတွင် ထိုးထည့်ပစ်ခဲ့သည်။

ထိုစာထဲတွင် သူ့ကိုသတ်ရန် သူတို့တတွေ စောင့်နေကြကြောင်း၊ စန်တီယာဂိုနာဆားကို သတိပေးထားသည်။ ထို့ပြင် သတ်မည့်နေရာ၊ ရည်ရွယ်ချက်နှင့် အခြားသော အသေးစိတ် အကြောင်းအရာများကိုလည်း စာထဲတွင် ဖော်ပြထား၏။ စန်တီယာဂိုနာဆား အိမ်မှ ထွက်သွားချိန်၌ ထိုစာအိတ်သည် တံခါးအနီး ကြမ်းပြင်ပေါ်တွင် ရှိနေသည်။ သို့ရာတွင် သူ တွေ့မသွားပါ။ ရာဇဝတ်မှု ကျူးလွန်မပြီးမီအထိ ဒီဗီနာဖလိုသော်လည်းကောင်း၊

အခြားတယောက်ယောက်သော်လည်းကောင်း ထိုစာအိတ်ကို မတွေ့ခဲ့ကြပါ။

မနက် ၆ နာရီ ထိုးပြီ။ လမ်းမီးများမှာမူ လင်းနေကြဆဲ ဖြစ်သည်။ ဗာဒံပင်ကိုင်းများနှင့် အချို့သော လသာဆောင်များပေါ်တွင် မင်္ဂလာဆောင်မှ ပန်းစက္ကူရောင်စုံများသည် တွဲလောင်း ကျနေကြဆဲ ဖြစ်သည်။ ဘုန်းတော်ကြီးကို ကြိုဆိုသည့်အနေဖြင့် မွမ်းမံပြင်ဆင်ထား သယောင်ပင် ထင်ရသေးသည်။ သို့ရာတွင် တီးဝိုင်းထားရာ ဘုရားရှိခိုးကျောင်းလှေကားအထိ ဘုရားရှိခိုးကျောင်း ကွက်လပ်တခုလုံးမှာ ပုလင်းခွံများ၊ စွန့်ပစ်ပစ္စည်းများဖြင့် ပြည့်နေသဖြင့် အမှိုက်ပုံကြီးနှင့် တူနေသည်။ စန်တီယာဂိုနာဆား အိမ်မှ ထွက်လာသည့်အခါ၌ လူများသည် တူတူပေးနေသော သင်္ဘောမှ ဥသြသံကြောင့် မြစ်ဆိပ်သို့ အပြေးအလွှား သွားနေကြသည်။

ကွက်လပ်ထဲတွင် ဖွင့်ထားသည့်ဆိုင်မှာ ဘုရားရှိခိုးကျောင်း တဖက်ရှိ နို့ဆိုင်တဆိုင် ဖြစ်သည်။ ထိုနို့ဆိုင်ထဲတွင် လူနှစ်ယောက်သည် စန်တီယာဂိုနာဆားကို သတ်ရန်အတွက် စောင့်နေကြ၏။ နို့ဆိုင်ရှင် မိန်းမကြီးဖြစ်သည့် ကလိုတီလ်ဒါအာမင်တာသည် အရုဏ်ခြည်ထဲတွင် သူ့ကို ပထမဆုံး စတင်မြင်သူ ဖြစ်သည်။ သူ့စိတ်ထဲ၌ စန်တီယာဂိုနာဆားသည် အလူမီနီယံ သတ္တုပြားကို ဝတ်ဆင်ထားသလားဟု အောက်မေ့မိသည်။

'သူ့ကိုကြည့်ရတာ တစ္ဆေကို ကြည့်ရသလိုပဲရှင့်' ဟု သူမက ကျွန်တော့်ကို ပြောပြသည်။

သူ့ကိုသတ်မည့်သူများသည် သတင်းစာစက္ကူဖြင့် ပတ်ထားသည့် ဓားမြှောင်များကို ရင်ဘတ်တွင် ပိုက်ကာ ခုံတန်းလျားပေါ်တွင် အိပ်နေကြသည်။

ကလိုတီလ်ဒါအာမင်တာသည် သူတို့ နိုးမည်စိုးသဖြင့် အသက်ကိုပင် ကောင်းကောင်းမရှူရဲ။

သူတို့နှစ်ယောက်မှာ အမြွှာညီအစ်ကိုများ ဖြစ်ကြသည့် ပီဒရိုနှင့် ပက်ဘလို ဗီကာရီယိုတို့ ဖြစ်၏။ သူတို့သည် အသက် ၂၄ နှစ် ရှိလေပြီ။ ရုပ်ချင်း ဆင်သည့်အတွက် တယောက်နှင့် တယောက် ခွဲခြားဖို့ တော်တော်ခက်သည်။

'ညီအစ်ကိုနှစ်ယောက်မှာ ရုပ်ခပ်ကြမ်းကြမ်း ဖြစ်သော်လည်း စိတ်သဘောကောင်းသူများ ဖြစ်သည်' ဟု ရဲအစီရင်ခံစာတွင် ဖော်ပြထားသည်။ မူလတန်းကျောင်းမှာကတည်းက သူတို့ကို သိခဲ့သည့် ကျွန်တော်သည်လည်း ထိုအတိုင်းပင် ရေးမည်သာ ဖြစ်သည်။ ထိုနေ့ မနက်က သူတို့သည် အနက်ရောင် မင်္ဂလာဝတ်စုံကို ဝတ်ထားကြသည်။ ကာရစ်ဘီယန်ဒေသအတွက် ထူထဲလွန်းပြီး ထုံးတမ်းစဉ်လာ ဆန်လွန်းနေသည်။ သူတို့နှစ်ယောက်ကို ကြည့်ရသည်မှာ

နာရီပေါင်းများစွာ ကျပ်ကျပ်တည်းတည်း နေခဲ့ရသည့်အတွက် တော်တော် စိတ်ပင်ပန်းနေဟန် ရှိ၏။ သို့ရာတွင် သူတို့၏တာဝန်ကို ပြီးအောင် လုပ်ခဲ့ပြီးနောက် မှတ်ဆိတ်ကို ရိတ်ထားသည်။ မင်္ဂလာဆောင် မတိုင်မီကတည်းက အရက်ကို ဆက်တိုက် သောက်ခဲ့သည့်တိုင် သုံးရက်မြောက် နေ့အထိ မမူးကြသေး။ သို့ရာတွင် သူတို့နှစ်ယောက်မှာ အိပ်မပျော်သောရောဂါ စွဲကပ်နေသည့် အိပ်ပျော်ရင်း ယောင်ယမ်း လမ်းလျှောက်သူများလို ဖြစ်နေကြသည်။ ကလိုတီလ်ဒါအာမင်တာ၏ စတိုးဆိုင်ကလေးထဲတွင် ၃ နာရီမျှကြာအောင် စောင့်ဆိုင်းခဲ့ပြီးနောက် အရုဏ်၏ ပထမ လေပြည်များနှင့်အတူ သူတို့ အိပ်ပျော်သွားခဲ့သည်။ သောကြာနေ့ နောက်ပိုင်းတွင် ပထမဆုံး အကြိမ် အိပ်ရခြင်း ဖြစ်သည်။ သဘော်မှ ပထမဆုံး ဥဩသံနှင့်အတူ သူတို့ နိုးလာခဲ့ကြသည်။ သို့ရာတွင် စန်တီယာဂိုနာဆား အိမ်ထဲမှ ထွက်လာသည့်အခါတွင် သဘော်မှ ဥဩသံထက် ပကတိစိတ်က သူတို့ကို နှိုးလိုက်သည်ဟုဆိုလျှင် ပို၍မှန်ပေလိမ့်မည်။ ထို့နောက် သူတို့နှစ်ယောက်သည် လိပ်ထားသည့် သတင်းစာများကို ကောက်ကိုင်မိလိုက်ကြ၏။ ပီဒရိုက ဦးစွာထသည်။

“ဘုရားရေ … ဘုရား၊ တရား ကြည်ညိုတဲ့ သူငယ်ပါကွယ်၊ နောက်မှ လုပ်ကြပါတော့လား”

ကလိုတီလ်ဒါအာမင်တာက ညည်းသည်။

“အသက်ဆိုတာ မြင့်မြတ်သော ဝိညာဉ်တော်က မန်းမှုတ်ထားတဲ့ ပစ္စည်းပါကွယ်”

ကလိုတီလ်ဒါအာမင်တာက မကြာခဏ ပြောတတ်သည်။ မှန်ပါသည်။ လူဆိုသည်မှာ ဘုရားသခင်က ဖန်တီးပေးထားသည့်အရာ ဖြစ်ပါသည်။ သို့ရာတွင် ယာယီမျှသာ တန်ဖိုးရှိသော ပစ္စည်း ဖြစ်ပါ၏။ ကလိုတီလ်ဒါအာမင်တာ၏ စကားကို ကြားသည့်အခါ အမွှာညီအစ်ကို နှစ်ယောက်သည် အတန်ကြာ စဉ်းစားနေကြ၏။ မတ်တတ်ထနေသူလည်း ပြန်ထိုင်လိုက်သည်။ သူတို့နှစ်ယောက်၏ မျက်လုံးသည် ကွင်းပြင်ကို ဖြတ်လာနေသော စန်တီယာဂိုနာဆားကို လိုက်ကြည့်နေကြသည်။ သူတို့ ကြည့်နေပုံက သနားကရုဏာသက်တဲ့ ကြည့်ပုံမျိုးဟု ကလိုတီလ်ဒါအာမင်တာက ပြောသည်။ ထိုစဉ် သီလရှင်ကျောင်းတွင် စာသင်နေသည့် မိန်းကလေးများသည် မိဘမဲ့ကျောင်း ဝတ်စုံကလေးများကို ဝတ်ကာ ကွက်လပ်ထဲသို့ ထွက်လာနေကြသည်။

ပလေစီဒါလီနာရီ ပြောသည်မှာ မှန်သည်။ ဘုန်းတော်ကြီးမှာ သဘော်ပေါ်မှ မဆင်းပါ။ သဘော်ဆိပ်တွင် အာဏာပိုင်များနှင့် ကျောင်းသူ ကျောင်းသားကလေးများအပြင် လူတွေ အများကြီး ရောက်နေသည်။

ဘုန်းတော်ကြီးကို ကန်တော့ရန် ယူလာသည့် ဝဖီးနေသော ကြက်များကို ထည့်ထားသည့် ကြက်ခြင်းများမှာ နေရာအနှံ့ ပြန့်ကျဲလျက် ရှိ၏။ ဘုန်းတော်ကြီး မှာ ကြက်မောက်ဟင်းချိုကို ကြိုက်သဖြင့် ယူလာကြခြင်း ဖြစ်သည်။ သင်္ဘောဆိပ်တွင် ထင်းပုံကြီးကလည်း ဟည်းနေသည်။ ထင်းများကို သင်္ဘောပေါ်သို့တင်လျှင် အနည်းဆုံး နှစ်နာရီ လောက်တော့ ကြာလိမ့်မည်။ သို့ရာတွင် သင်္ဘောမှာ ဆိပ်ကမ်းသို့ မကပ်ပါ။ သင်္ဘောသည် နဂါးတကောင်လို တရှူးရှူးမှုတ်ကာ မြစ်ကွေ့မှ ပေါ်လာသည်။ ဆိုင်းအဖွဲ့က ဘွဲ့ခံ တီးသည်။ ခြင်းထဲက ကြက်များ တွန်သဖြင့် မြို့ထဲက ကြက်များလည်း လိုက်တွန်ကြသည်။

ထိုခေတ်က ထင်းထိုး၍မောင်းရသည့် ငါးမန်းယက်သင်္ဘောများမှာ ပျောက်ကွယ်စပြုနေလေပြီ။ ကျန်သည့် သင်္ဘောများပေါ် တွင်လည်း စန္ဒရားအတီးအမှုတ်များ၊ အထူးခန်းများ မပါတော့။ ရေဆန်ဆိုလျှင် မနည်းခုတ်နေရသည်။ သို့ရာတွင် ယခု မီးသင်္ဘောမှာ အသစ်ဖြစ်၏။ မီးခိုးခေါင်းတိုင် တခုမျှသာမက နှစ်ခုပါသည်။ မီးခိုးခေါင်းတိုင် အလယ်တွင် ဆေးနီအရစ် ခြယ်ထားသည်။ ပဲ့ပိုင်းတွင် တပ်ထားသည့် သစ်သားလက်ကိုင်ဘီးကြောင့် ပင်လယ်ကူး သင်္ဘောကြီးများနှင့် တူနေသည်။ အထက်ထပ် မာလိန်မှူးအခန်း ဘေးတွင် အဖြူရောင် သင်တိုင်းအင်္ကျီရှည်ကို ဝတ်ထားသည့် ဘုန်းတော်ကြီးသည် စပိန်လူမျိုး ဒကာများ ခြံရံ၍ လိုက်ပါလာ၏။

'ရာသီက နာတာလူးရာသီလေ' ဟု ကျွန်တော့်ညီမ မားဂေါ့က ပြောပြသည်။ သူမ ပြောပြသည့် အတိုင်းဆိုလျှင် မီးသင်္ဘောမှ ရေနွေးငွေ့များကို မှုတ်ထုတ်လိုက်သဖြင့် သင်္ဘောဆိပ် ရေစပ်တွင် ရပ်နေသူများမှာ ရေတွေ စိုရွှဲကုန်သည်။ ရှုခင်းမှာ ခဏမျှသာ ဖြစ်သည်။ ဘုန်းတော်ကြီးသည် ကားတိုင်သင်္ကေတာန် အချက်ပြကာ ကမ်းပေါ်ရှိ လူထုကို နှုတ်ဆက်၏။ ထို့နောက်တွင်လည်း စိတ်ပါဟန် မရှိဘဲ ကားတိုင်သင်္ကေတာန် အချက်ပြကာ ကမ်းတလျှောက်မှ လူထုများကို နှုတ်ဆက်သွားသည်။ အဝေးတွင် သင်္ဘော ပျောက်ကွယ်သွားသည်အထိ တလျှောက်လုံး ကားတိုင်သင်္ကေတာန် အချက်ပြ၍ ဆက်သွားသည်။ နောက်ဆုံး၌ ကမ်းစပ်တွင် တကြော်ကြော် တွန်နေသည့် ကြက်များသာ ကျန်တော့သည်။

စန်တီယာဂိုနာဆားအဖို့ သူ့ကို ညာသွားသည်ဟုလည်း ထင်စရာ ဖြစ်နေသည်။ သူသည် ဘုန်းတော်ကြီး ကားမင်းအာမာဒို ကျောင်းတွင် သုံးစွဲရန်အတွက် ထင်းအမြောက်အမြားကို လှူခဲ့သည်။ ထို့ပြင် အမောက်ထွားထွားကြီးတွေရှိသည့် ကြက်ကြီးများကိုလည်း ယူလာခဲ့သည်။ သို့ရာတွင် ယခုမူ ဘုန်းတော်ကြီးသည် သင်္ဘောကိုပင် မရပ်၊ ဖြတ်သွားရုံမျှသာ ဖြစ်သဖြင့် မကျေမနပ် ဖြစ်နေသည်။ ဆိပ်ခံသမ္ဗန်ပေါ်တွင် သူနှင့်အတူရှိနေသည့်

ကျွန်တော့်ညီမ မားဂေါ့ ကမူ ထိုစဉ်က စန်တီယာဂိုနာဆားသည် စိတ်လက်ရွှင်ပျနေပြီး အက်စပရင်စား၍ ခေါင်းကိုက် မပျောက်သည့်တိုင် ဘုန်းတော်ကြီးအား ကြိုဆိုသည့်ပွဲတွင် ထက်ထက်သန်သန် ရှိနေသည်ဟု ဆိုသည်။

'သူ့ကို ကြည့်ရတာ အေးတိအေးစက် မဖြစ်ပါဘူး၊ မင်္ဂလာဆောင်ရင် စရိတ် ဘယ်လောက် ကုန်မလဲ ဆိုတာကိုပဲ စဉ်းစားနေတာ' ဟု ပြောသည်။ ထိုစဉ်က သူတို့နှင့်အတူရှိနေသည့် ခရစ္စတို ဘီဒိုယာက အံ့သြစရာကောင်းသည့် ကိန်းဂဏန်းများကို ပြောပြသည်။ သူသည် စန်တီယာဂို နာဆား ကျွန်တော်တို့နှင့်အတူ မနက် ၄ နာရီလောက်အထိ သောက်စားနေခဲ့သည်။ သူသည် မိဘများအိမ်သို့ ပြန်မသွားဘဲ အဘိုးအဘွားများအိမ်တွင် ထိုင်၍ စကား ပြောနေခဲ့သည်။ ထိုသို့ရှိနေစဉ် ဧည့်ခံစရိတ်အတွက် ကုန်ကျမည် ငွေများကို သိခဲ့ရခြင်း ဖြစ်သည်။ သူ့အဆိုအရ သူတို့သည် ဧည့်သည်များအတွက် ကြက်ဆင် အကောင် ၄၀၊ ဝက် ၁၁ ကောင်နှင့် အမဲ ၄ ကောင် ပေါ်ခဲ့သည်ဟု ဆိုသည်။ ဧည့်သည်များအား ကျွေးရန် ယင်းတို့ကို ကွက်လပ်တွင် ကင်ခဲ့သည်။ ထို့ပြင် မင်္ဂလာဆောင် ခိုးခိုးသွင်းသည့် အရက်စည်ပေါင်း ၂၀၅ စည် ကုန်ပြီး ကြံအရက်ပုလင်း ပေါင်း ၂၀၀၀ တို့ကိုလည်း လူထုကို ဝေငှခဲ့သေးသည်။ ထိုမြို့ကလေးက အကြီးကျယ်ဆုံးသော ဧည့်ခံပွဲကြီးသို့ လူဆင်းရဲရော လူချမ်းသာပါ မလာရောက်သောသူဆို၍ တယောက်မျှ မရှိချေ။ စန်တီယာဂိုနာဆားသည် အသံထွက် စဉ်းစားနေလေ၏။

'ငါ့မင်္ဂလာဆောင်ဟာ ဒီလိုပဲ ဖြစ်ရမယ်၊ သေသည်အထိ ပြောမဆုံးဖြစ်အောင် လုပ်ရမယ်' ဟု ပြောမိသည်။

ကျွန်တော့်ညီမ၏ စိတ်ထဲတွင် နတ်တမန်တပါး ဖြတ်သန်းသွားသည်ဟု ထင်မိ၏။ သူမသည် ဖလော်ရာမစ်ဂွယ် ကံကောင်းပုံကို တွေးမိသည်။ သူ့ဘဝတွင် ပစ္စည်းဥစ္စာလည်း ပြည့်စုံပြီ။ ထို့ပြင် နာတာလူးပွဲတော်ချိန်ရောက်လျှင် စန်တီယာဂိုနာဆားကိုလည်း ပိုင်ရတော့မည်။

'စန်တီယာဂိုနာဆားလို လူမျိုးက အရှားသားကလား၊ ရုပ်လည်း ချောတယ်၊ စကားလည်း တည်တယ်၊ အသက် ၂၁ နှစ်မှာ ကိုယ်ပိုင်လုပ်ငန်းနဲ့' ဟု ကျွန်တော့်ကို ပြောပြသည်။ သူမသည် စန်တီယာဂိုနာဆားအား ကျွန်တော်တို့အိမ်သို့ ဖိတ်ပြီး မနက်စာ ကျွေးလေ့ရှိသည်။ ကျွန်တော်တို့ အိမ်တွင် သူကြိုက်တတ်သည့် ပီလောပီနံ ငါးပေါင်းကြော် လုပ်တတ်သည်။ ထိုနေ့မနက်ကလည်း အမေက အိမ်တွင် ပီလောပီနံ ငါးပေါင်းကြော် လုပ်ပါသည်။ စန်တီယာဂိုနာဆားက ဝမ်းမြောက် ဝမ်းသာ လက်ခံပါသည်။

'ငါ အိမ်ပြန် အဝတ်အစားလဲပြီးရင် လာခဲ့မယ်ကွာ' ဟု ဆိုကာ

လက်ပတ်နာရီ စားပွဲပေါ် မေ့ကျန်ခဲ့သည်ကို သတိရသွား၏။

"ဘယ်နှနာရီလဲ..."

အချိန်မှာ မနက် ၆ နာရီ ၂၅ မိနစ် ဖြစ်သည်။ စန်တီယာဂိုနာဆားသည် ခရစ္စတိုဘီဒိုယာကို လက်ဆွဲကာ ကွက်လပ်ဆီသို့ ခေါ်သွားသည်။

'နောက် ၁၅ မိနစ်လောက်အတွင်း ပြန်လာခဲ့မယ'' ဟု ကျွန်တော့်ညီမကို ပြောသည်။

ကျွန်တော့်ညီမက ငါးပေါင်းကြော် အဆင်သင့်ဖြစ်နေသဖြင့် ချက်ချင်းလိုက်ခဲ့ရန် ခေါ်သည်။ ခရစ္စတိုဘီဒိုယာက

"မားဂေါ့က အတင်းခေါ်နေတာကလည်း တော်တော်ထူးဆန်းတယ်ကွာ၊ မားဒေါ့ဟာ စန်တီယာဂို အသတ်ခံရမှာကို သိနေလို့များ မင်းတို့အိမ်မှာ ဝှက်ထားဖို့ ခေါ်သလားလို့ တခါတလေ ငါ စဉ်းစားမိတယ်"

စန်တီယာဂိုနာဆားက သူ မြင်းစီးဘောင်းဘီ သွားလဲဦးမည် ဖြစ်၍ သွားနှင့်ရန် ကျွန်တော့်ညီမကို ပြောသည်။ ခဏကြာလျှင် နွားဝယ်သွားရမည် ဖြစ်သောကြောင့် အဝတ်အစားလဲခြင်း ဖြစ်သည်။ သူသည် သူ့အမေကို လက်ပြနှုတ်ဆက်လေ့ရှိသည့် ထုံးစံအတိုင်း မားဂေါ့ကို လက်ပြနှုတ်ဆက်ပြီး ခရစ္စတိုဘီဒိုယာကို လက်ဆွဲခေါ်ကာ ကွက်လပ်ဆီသို့ ထွက်သွားသည်။ ယင်းမှာ မားဂေါ့ အနေဖြင့် စန်တီယာဂိုနာဆားကို နောက်ဆုံးမြင်လိုက်ရခြင်း ဖြစ်သည်။

သင်္ဘောဆိပ်တွင်ရှိသည့် လူတော်တော်များများကလည်း သူတို့တတွေ စန်တီယာဂိုနာဆားကို သတ်တော့မည်ကို သိကြသည်။ တခါက ဗိုလ်မှူးကြီးတဦးဖြစ်ခဲ့ပြီး အငြိမ်းစားယူသည့်အခါ ၁၁ နှစ်တိုင်တိုင် မြို့တော်ဝန်လုပ်ခဲ့သည့် ဒွန်လာဇာရိုအာပွန်တီကလည်း သူ့ကို လက်ပြနှုတ်ဆက်ခဲ့သေးသည်။

'ငါကလည်း သူ့မှာ အန္တရာယ်မရှိတော့ဘူးလို့ ထင်လိုက်မိတယ်ကွာ၊ ဘာကြောင့် ထင်သလဲ ဆိုတော့ အကြောင်းရှိတာပေါ့' ဟု ကျွန်တော့်ကို ပြောပြသည်။

ဘုန်းတော်ကြီး ကားမင်အာမာဒိုကလည်း သူ့အတွက် စိတ်မပူပါ။

'သူ ဘာမှမဖြစ်တာ မြင်ရတော့ ကြားရတဲ့စကားတွေဟာ ကောလာဟလတွေပဲလို့ ထင်လိုက်တာ ပေါ့' ဟု ပြောပြသည်

စန်တီယာဂိုနာဆားအား အန္တရာယ်ကို သတိပေးသလား၊ မပေးသလား

ဆိုသည်ကိုလည်း မည်သူမျှ မစဉ်းစားကြပါ။ သူ့ကို တယောက်မဟုတ် တယောက်က သတိပေးပြီးသား ဖြစ်မည်ဟု ယူဆထားသောကြောင့် ဖြစ်ပါသည်။

အမှန်ပြောရလျှင် သူတို့တတွေ စန်တီယာဂိုနာဆားကို သတ်မည်ဟု မသိသေးသူ အနည်းငယ် ထဲတွင် ကျွန်တော့်ညီမ မားဂေါ့လည်း တယောက်အပါအဝင် ဖြစ်ပါသည်။

'ကျွန်မသာ သိရင် သူ့ကို အိမ်ကို မရအရ ခေါ်သွားမှာပေါ့' ဟု သူမက ရဲဌာနတွင် အစစ်ခံသည်။ သူမ မသိသည်မှာ တော်တော်တော့ ဆန်းသည်။ ကျွန်တော့်အမေ မသိသည်မှာ ပို၍ပင် ဆန်းသေးသည်။ အမေသည် ဘုရားဝတ်တက် မသွားသည့်တိုင်၊ လမ်းမသို့ မထွက်သည့်တိုင် အစစ အရာရာ သူများထက်ဦး၍ သိနေတတ်သည်။ ထိုပညာ တတ်သည်ကို ကျွန်တော်ငယ်ငယ် မနက်အစောကြီး ထ၍ ကျောင်းတက်ရသည့်အချိန်ကတည်းက သိခဲ့သည်။ ထိုစဉ်က အမေသည် အသားအရေ ဖျော့တော့ကာ တိတ်ဆိတ်စွာဖြင့် အရုဏ်၏ မှုန်ပြာပြာထဲတွင် အိမ်ရှေ့ကွက်လပ် ကို အိမ်တွင်းလုပ် တံမြက်စည်းဖြင့် လှည်းနေသည်။ ကော်ဖီသောက်ရင်းလည်း ကျွန်တော်တို့ အိပ်ပျော်နေစဉ် လောကကြီး ဘာဖြစ်နေသည်ကို ပြောပြတတ်၏။ အမေသည် မြို့ထဲရှိ အခြားသူ များ၊ အထူးသဖြင့် သူ့သက်တူရွယ်တူများနှင့် မမြင်ရသော ဆက်သွယ်ရေးကြိုးများ ရှိနေလေရော့ သလားဟုပင် ထင်ရသည်။ တခါတရံတွင်လည်း အဖြစ်အပျက်များကို ကြိုတင်၍ ပြောတတ် သဖြင့် ကျွန်တော်တို့ အံ့သြကြရသည်။ ထိုသို့သော အသိမျိုးမှာ အကြားအမြင်ရမှ သိနိုင်သည့် အသိမျိုး ဖြစ်ပါသည်။ သို့ရာတွင် ထိုနေ့မနက်ကမူ မနက်လင်းအားကြီး ၃ နာရီလောက်က စ၍ သန္ဓေတည်နေသော ထိုအဖြစ်ဆိုးကို မသိခဲ့ပေ။ အမေသည် ခြံထဲတွင် တံမြက်လှည်းပြီးသွား၏။ ကျွန်တော့်ညီမ မားဂေါ့က ဘုန်းတော်ကြီးကို ကြိုရန် ထွက်လာသည့်အခါ၌ အမေသည် ငါးပေါင်းကြော် ကြော်ရန် ပီလောပီနံ့ဥများကို ထောင်းနေသည်။ ထိုနေ့အကြောင်းကို သတိရ တိုင်း 'အဲဒီတုန်းက ကြက်တွန်သံတွေကို ကြားနေရတယ်' ဟု ပြောတတ်သည်။ အမေသည် အဝေးမှ ကြက်တွန်သံများနှင့် ဘုန်းတော်ကြီး ရောက်လာခြင်းကို ဘယ်တော့မျှ ဆက်စပ်၍ စဉ်းစားလေ့မရှိပါ။ သူ့စိတ်ထဲတွင် ကြက်များသည် မင်္ဂလာဆောင်တွင် မလိုတော့သဖြင့် ကျန်နေသည့် ကြက်များဟု ထင်နေပါသည်။

ကျွန်တော်တို့အိမ်မှာ မြို့လယ်ကွက်လပ်နှင့် တော်တော်ဝေးပြီး မြစ်ကမ်းက သရက်တောထဲတွင် ရှိသည်။ ကျွန်တော့်ညီမ မားဂေါ့သည် ကမ်းနားအတိုင်း သင်္ဘောဆိပ်ဆီသို့ ခြေကျင်လျှောက်သွား သည်။ လူများမှာ ဘုန်းတော်ကြီး ကြွလာမည့်ကိစ္စကြောင့် တခြား ဘာသတင်းကိုမျှ စိတ်မဝင်စားနိုင်။ ဘုရား၏ဆေးဝါးကို ရရန် လူမမာများကို သယ်လာပြီး မုခ်ဝတွင် ချထားကြ သည်။

မိန်းမများက ကြက်ဆင်များ၊ ဝက်ပေါက်ကလေးများ၊ အခြား စားသောက်ဖွယ်ရာများကို ယူလာကြသည်။ တဖက်ကမ်းမှ ပန်းကုံးတွေ ဆင်ယင်ထားသည့် လှေများလည်း ရောက်လာကြ သည်။ သို့ရာတွင် ဘုန်းတော်ကြီးက ကမ်းပေါ်သို့ မတက်တော့ဘဲ ခရီးဆက်သွားသည့်အခါများ တွင်မူ စောစောက မပြောခဲ့သည့် စကားများ၊ ကောလာဟလများသည် ပို၍ကြီးမားသော ပမာဏကို ဆောင်လာကြသည်။ ထိုစဉ် ကျွန်တော့်ညီမ မားဂေါ့သည် ဤသတင်းစကားကို စက်ဆုပ်ဖွယ် ကြားခဲ့ရခြင်း ဖြစ်ပါသည်။ အခြားမဟုတ်။ မနေ့က မင်္ဂလာဆောင်ခဲ့သည့် မိန်းမချောကလေး အိန်ဂျလာဗီကာရီယိုအား သူ့မိဘများအိမ်သို့ ပြန်ပို့လိုက်ကြောင်း၊ သူ့ယောကျ်ားက အိန်ဂျလာသည် အပျိုမစစ်ကြောင်း သိသွားသည့်အတွက် ထိုသို့ ပြန်ပို့လိုက် ခြင်း ဖြစ်ကြောင်း ဆိုသည့်သတင်း ဖြစ်သည်။

'ဒီသတင်းလည်း ကြားလိုက်ရော ကျွန်မစိတ်ထဲမှာ လဲသေသွားတော့မလားလို့ ထင်လိုက်မိတယ်၊ ဒီသတင်းကို အမြီးပြန် ခေါင်းပြန် ပြောနေကြပေမဲ့ စန်တီယာဂိုနာဆားက ဘယ်လိုသဘောထား သလဲ၊ သူက ပြန်လွတ်တာလား၊ ဘာလားဆိုတာ ဘယ်သူမှ တိတိကျကျ မပြောနိုင်ဘူး' ဟု ကျွန်တော့်ညီမ မားဂေါ့က ပြောသည်။ သူတို့ သေချာပေါက်သိတာ တခုပဲ ရှိသည်။ ယင်းမှာ အိန်ဂျလာဗီကာရီယို၏အစ်ကိုများသည် သူ့ကိုသတ်ရန် စောင့်နေသည်ဆိုသည့်အချက် ဖြစ်သည်။

ကျွန်တော့်ညီမ မားဂေါ့သည် မငိုမိအောင် ကြိတ်မှိတ် ချုပ်တည်းကာ အိမ်သို့ ပြန်လာခဲ့၏။ အမေသည် ဘုန်းတော်ကြီး ကြွလာလျှင် ကန်တော့ရန်အတွက် အပြာရောင် ပန်းပွင့်ကလေးတွေ ရိုက်ထားသည့် ဝတ်စုံကို ဝတ်ပြီး ထမင်းစားခန်းထဲတွင် ရှိနေသည်။ ထမင်းစားပွဲကို ပြင်ဆင်ရင်း ဂါထာတပုဒ်ကို ရွတ်လျက်ရှိ၏။ ထမင်းစားပွဲတွင် လူတယောက်စာ ပိုပြင်ထားသည်ကို ကျွန်တော့် ညီမ မားဂေါ့ သတိပြုမိသည်။

"စန်တီယာဂိုနာဆားအတွက်လေ၊ ညည်း သူ့ကို မနက်စာ စားဖို့ ဖိတ်ခဲ့တယ်ဆို"

အမေက ပြောသည်။

'သူ့အတွက် မပြင်နဲ့တော့ အမေ' ဟု မားဂေါ့က ပြော၏။

မားဂေါ့က ကြားခဲ့ရသည့် သတင်းကို အမေ့အား ပြောပြသည်။

'ဒါပေမဲ့ အမေ့ကိုကြည့်ရတာ သိနေသလိုပဲ' ဟု မားဂေါ့က ကျွန်တော့်ကို ပြောပြသည်။ 'ခုလည်း ခါတိုင်းလိုပဲ အဖြစ်အပျက်ကို စပြောရုံပဲ ရှိသေးတယ်၊

ဘယ်လို အဆုံးသတ်မယ်ဆိုတာ သိနေပြီ’

သတင်းဆိုးကြီးကို ကြားသည့်အခါတွင် အမေသည် နားမလည်နိုင်အောင် ဖြစ်နေ၏။ စန်တီယာဂိုနာဆားဆိုသည့် အမည်သည် အမေ့ကို အစွဲပြု၍ မှည့်ထားခြင်းဖြစ်ပြီး ရေဖျန်း မင်္ဂလာ လုပ်စဉ်က အမေသည် သူ၏ ခေါင်းကိုင်အမိ ဖြစ်ခဲ့သည်။ ထို့ပြင် အမေသည် ပြန်အပို့ခံရသည့် သတို့သမီး၏အမေ ပူရာဗီကာရီယိုနှင့်လည်း သွေးသားတော်စပ်သည်။ သို့တိုင်အောင် စန်တီယာဂိုနာဆား၏ သတင်းကို ကြားရသည့်အခါ၌ အမေသည် အသုဘမေး သွားလျှင် ဝတ်တတ်သည့် ဘုရားကျောင်းတက် ခြုံစောင်နှင့် ဖိနပ်တို့ကို ဆင်ယင်သည်။ အိပ်ရာထဲမှနေ၍ အဖြစ်အပျက်ကို ကြားပြီးဖြစ်သည့် အဖေကလည်း ညဝတ်အင်္ကျီကို ဝတ်လျက်ဖြင့် ထမင်းစားခန်းဝတွင် ရောက်လာကာ ‘ဘယ်သွားမလဲ’ ဟု အမေ့ကို အလန့်တကြား မေးသည်။

“ကျွန်မ မိတ်ဆွေ ပလေစီဒါဆီကို သွားမလို့၊ သူ့သားကို သတ်ကြတော့မယ်ဆိုတာ လူတိုင်း သိနေပြီ၊ မသိသူဆိုလို့ သူတယောက်ပဲ ကျန်တော့တယ်၊ ဒါကြောင့် သွားပြီး သတိပေးမလို့၊ သူ့ကို သံယောဇဉ်ရှိသလို ဗီကာရီယိုတို့နဲ့လည်း မကင်းရာ မကင်းကြောင်းတွေ ဖြစ်နေမယ်လေ”

“ခံရတဲ့ဘက်က လိုက်ရမှာပေါ့”

ကျွန်တော့်ညီငယ်များလည်း အိပ်ခန်းများထဲမှ ထွက်လာကြသည်။ ညီအငယ်ဆုံးမှာ ထိုသတင်း ကြောင့် စိတ်ထိခိုက်ပြီး ငိုနေသည်။ အမေကမူ သူတို့ကို ဂရုမထားပါ။ အမေသည် ကိစ္စကြီးငယ် ကြုံလာပြီဆိုလျှင် အဖေ့ကိုပင် ဂရုမထားပါ။

‘ခဏနေပါဦးကွာ၊ ငါ အဝတ်အစား သွားလဲလိုက်ဦးမယ်’ ဟု အဖေက ပြောသည်။

အမေကတော့ လမ်းမသို့ ရောက်နေလေပြီ။ ထိုစဉ်က အသက် ၇ နှစ်သာ ရှိသေးသည့် ကျွန်တော့်ညီ အငယ်ဆုံး ဂျေမီသာလျှင် ကျောင်းသွားရန် အဝတ်အစား လဲပြီးသေးသည်။

‘သွား… အမေနဲ့ လိုက်သွား’ ဟု အဖေက ပြောသည်။ ဂျေမီသည် ဘုမသိ ဘမသိဖြင့် အမေ့နောက်သို့ ပြေးလိုက်သွားပြီး အမေ့လက်ကို ဆွဲထားသည်။

‘အမေက သူ့ဘာသာသူ တတွတ်တွတ်ပြောရင်း ဆက်သွားနေတယ်’ ဟု ဂျေမီက ကျွန်တော့်ကို ပြန်ပြောသည်။

“အောက်တန်းစားတွေ၊ တိရစ္ဆာန်တွေ တိရစ္ဆာန်တောင် ဒီလောက်မိုက်မှာ မဟုတ်ဘူး”

အမေသည် ပါးစပ်မှ တတွတ်တွတ် ရွတ်လျက်ရှိရာ ကလေးအား လက်ဆွဲထားသည်ကိုပင် သတိမရတော့။

'သူတို့ကတော့ ငါ့ကို ရူးသွားမလားလို့ ထင်ကြမှာပဲ' ဟု အမေက ကျွန်တော့်ကို ပြောပြ၏။ 'ငါလည်း ဘာမှ မမှတ်မိတော့ဘူး၊ ရှေ့က ဆူဆူညံညံအသံတွေ ကြားရတာကိုပဲ မှတ်မိတော့ တယ်၊ မင်္ဂလာဆောင် ပြန်စလို့ လူတွေ ကွက်လပ်ဆီကို ပြေးနေကြသလိုပဲ'

အမေသည် ခပ်သွက်သွက် လှမ်း၏။ အန္တရာယ်တွေ့နေသော အသက်တချောင်းကို ကယ်မည်ဟု လည်း ပိုင်းဖြတ်ထားသည်။ ထိုစဉ် မျက်နှာချင်းဆိုင်မှ ပြေးလာသူတယောက်က သူ ကယောင်ကတမ်း ဖြစ်နေပုံကို ကြည့်ကာ သနားသွားဟန်တူ၏။

'အဒေါ်ရေ အလကား ဒုက္ခရှာမနေနဲ့၊ သူ့ကို သတ်သွားကြပြီ' ဟု ထိုသူက အော်ပြောသွားသည်။

* * * * *

သတို့သမီးကို ပြန်ပို့သွားသည့် ဘာယာဒိုဆန်ရိုမန်သည် မနှစ်က ဩဂုတ်လတွင် သူတို့မြို့သို့ ပထမဆုံးအကြိမ် ရောက်လာခဲ့သည်။ ယင်းမှာ မင်္ဂလာမဆောင်မီ ၆ လအလို ဖြစ်၏။ သူ ရက်မှန် သင်္ဘောဖြင့် ရောက်လာပြီး သူ့ခါးပတ်ခေါင်း၊ သူ့ဖိနပ်ကြိုးကွင်းများနှင့် လိုက်ဖက်စွာ ငွေပန်းခက် တို့ ဆင်ယင်ထားသော ကုန်းနှီးများကို ယူလာခဲ့သည်။ သူသည် အသက် ၃၀ လောက်တော့ ရှိပြီ ဖြစ်၏။ သို့ရာတွင် နှစ်ကာလများကို ကောင်းစွာ ဖုံးကွယ်ထားပါသည်။ ကျွဲရိုင်းသတ်သမား ပေါက်စလို သေးသွယ်ကျစ်လျစ်သော ခါး၊ ရွှေရောင်တောက်သော မျက်လုံးများနှင့် ယမ်းစိမ်း ဖြည်းဖြည်းချင်း ဖုံးနေသည့် အသားအရေတို့ရှိ၍ သူ ရောက်လာစဉ်က အပေါ်အင်္ကျီကို ခါးတိုတို၊ ဘောင်းဘီကျပ်ကျပ်တို့ကို ဝတ်ဆင်ထားပြီး နှစ်ခုစလုံး၏ အရောင်မှာ သဘာဝ နွားကလေးရေ အရောင် ဖြစ်သည်။ နွားကလေးရေ လက်အိတ်ကလည်း အရောင်အတူတူပင် ဖြစ်၏။ မက်ဒလီနာ အော်လီဗာသည် သူနှင့်အတူ သင်္ဘောပေါ်တွင် ပါလာခဲ့ရာ လမ်းတလျှောက်လုံး မျက်လုံးကျွတ်ထွက်မတတ် သူ့ကိုကြည့်၍ လိုက်လာခဲ့သည်။

'သူ့ကိုကြည့်ရတာ တကယ့်နတ်သားလေး ကျနေတာပဲရှင်' ဟု သူမက ကျွန်တော့်ကို ပြောပြသည်။

"သူ့ကို အရှင်လိုက်တောင် စားပစ်လိုက်ချင်တယ်"

ဤသို့ထင်သူမှာ သူမတယောက်တည်း မဟုတ်ပါ။ ဘာယာဒို ဆန်ရိုမန်သည် တွေ့တွေ့ချင်း သိကျွမ်းဖို့ လွယ်သူတယောက် မဟုတ်ကြောင်းကို သိသူမှာလည်း သူ နောက်ဆုံးမဟုတ်ပါ။

ဩဂုတ်လကုန်တွင် အမေသည် ကျောင်းသို့ရောက်နေသော ကျွန်တော့်ထံ စာတစောင် ရေးလိုက်ရာ အောက်တွင် စာကြောင်းကလေးတကြောင်း ပါလာ၏။ 'အမေတို့မြို့ကို တော်တော် ထူးဆန်းတဲ့ လူတယောက် ရောက်လာတယ်' ဟု ရေးထားသည်။ နောက် စာတစောင်တွင်မူ အမေသည် သူ့အကြောင်းကို တော်တော် ပြည့်ပြည့်စုံစုံ ရေးလိုက်၏။ 'အဲဒီ လူထူးလူဆန်းရဲ့ နာမည်က ဘာယာဒို ဆန်ရိုမန်တဲ့၊ ရုပ်တော်တော်ဖြောင့်တယ်လို့ ပြောကြတာပဲ၊ အမေတော့ တခါမှ မမြင်ဖူးသေးဘူး' ဟု စာထဲတွင် ပါသည်။

သူ ဘာကြောင့်ရောက်လာသည်ကို မည်သူမျှ မသိ။ မင်္ဂလာပွဲ မတိုင်မီတွင် မနေနိုင်သူအချို့က တီးခေါက်မေးမြန်းကြည့်သည့်အခါတွင် 'မြို့တကာ ရွာတကာ လျှောက်ပြီး မိန်းမလိုက်ရှာနေတာ ဗျ' ဆိုသည့်အဖြေကို ရသည်။ ထိုစကားသည် မှန်လောက်ပါသည်။ သို့ရာတွင် တခြား အကြောင်းပြချက်ကို မပေးနိုင်ပြီလော။ သူက ဖွင့်ပြသည်ထက် သိုဝှက်ထားသည့် စကားမျိုးကို ပြောတတ်သူ မဟုတ်လား။

သူ ရောက်လာသည့်ညက ရုပ်ရှင်ရုံသို့အရောက်တွင် သူ့အကြောင်းကို တစွန်းတစ သိခွင့် ရသွားကြသည်။ သူလည်း လမ်းအင်ဂျင်နီယာတယောက်ဖြစ်ပြီး ကျွန်တော်တို့နယ် အတွင်းပိုင်း တွင် မီးရထားလမ်းတခု ဖောက်မည်ဟု ပြောသွားသည်။ နောက်တနေ့၌ သူသည် ကြေးနန်း တစောင် ပို့စရာရှိသဖြင့် သူကိုယ်တိုင် ကြေးနန်းစက်ကို ကိုင်ပြီး ပို့သည်။ ထို့ပြင် ကြေးနန်းစက်တွင် ခေတ်အားကုန်ခါနီး ဘက်ထရီများကို မည်သို့ သုံးနိုင်ကြောင်းကိုလည်း ကြေးနန်းစာရေးကို ပြသွားသည်။ စစ်သားစုဆောင်းရေးအတွက် ရောက်လာသည့် စစ်ဘက် ဆရာဝန်တယောက်နှင့် တွေ့သည့်အခါတွင်လည်း နယ်စပ်တွင် ဖြစ်တတ်သော ရောဂါများ အကြောင်းကို ပိုင်ပိုင်နိုင်နိုင် ပြောသွားသည်။ သူသည် ဆူညံ၍ တာရှည်သော ပွဲလမ်းသဘင် များကို သဘောကျ၏။ သို့ရာတွင် အရက်တော်တော်များများ သောက်နိုင်သူ၊ ရန်ဖြစ်လျှင် ဝင်ဖျင်တတ်သူ၊ ဖဲသုံးချပ်သမားများ၏ ရန်သူလည်း ဖြစ်သည်။ တနင်္ဂနွေနေ့ ဘုရားကျောင်းမှ ပြန်ပြီဆိုလျှင် သူသည် အကျွမ်းကျင်ဆုံးဆိုသည့် ရေကူးသမားများအား မြစ်ကို အသွားအပြန် ကူးရန် စိန်ခေါ်ပြီး အကောင်းဆုံးဆိုသည့် ရေကူးသမားများကို ကူးချက်နှစ်ဆယ်လောက် ပြတ်ကျန်ရစ်အောင် ကူးနိုင်သည်။ အမေသည် စာတစောင်ထဲတွင် ထိုအကြောင်းများကို ရေးလိုက်ပြီး စာအဆုံးတွင် ချက်ကျလက်ကျ ပြောတတ်သည့် အမေ့ထုံးစံအတိုင်း ထင်မြင်ချက် တခုကို ရေးပေးလိုက်၏။ 'သူ့ကိုကြည့်ရတာ ရွှေရည်တွေထဲ ကူးခတ်နေသလိုပါပဲကွယ်' ဟု ရေးထားသည်။ ဘာယာဒိုဆန်ရိုမန်သည် အရာရာကို လုပ်နိုင်ရုံမျှမက ကောင်းစွာလည်း လုပ်တတ်ပြီး အမျိုးမျိုးသော အလုပ်မျိုးကိုလည်း လုပ်နိုင်စွမ်းရှိသူဟူသော အများသူငါ ပြောနေကြသည့် ဒဏ္ဍာရီစကားများကို အနှစ်ချုပ် ဖော်ပြလိုက်ခြင်း ဖြစ်ပါ သည်။

အောက်တိုဘာလထဲတွင် ရေးလိုက်သည့် စာတစောင်ထဲတွင်မူ အမေသည် သူ့ကို နောက်ဆုံးအကြိမ် ကောင်းချီးမင်္ဂလာ ပေးခြင်းဖြစ်၏။ 'လူတွေက သူ့ကို တော်တော်ခင်ကြတယ်၊ သူက ရိုးလည်း ရိုးသားတယ်၊ စိတ်ကောင်း နှလုံးကောင်းလည်း ရှိတယ်၊ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဆိုရင် ကားတိုင်ရှေ့မှာ ဒူးထောက် ဝတ်ပြုပြီး တရားနာ ပရိသတ်ကိုလည်း လက်တင်ဘာသာနဲ့ တရား တိုင်ပေးတယ်။

ထိုခေတ်က ဘုရားဝတ်ပြုလျှင် မတ်တတ်ရပ်၍ ဝတ်ပြုခွင့် မရှိပါ။ ဘုရားစာများမှာလည်း လက်တင်ဘာသာနှင့် ဖြစ်ပါသည်။ သို့ရာတွင် အမေသည် ကိစ္စတခုကို ခရေစေ့တွင်းကျ ရေးပြီဆိုလျှင် ထိုသို့သော ဘာမဟုတ်သည့် အသေးအဖွဲကလေးများကိုလည်း သတိပြု၍ ရေးတတ်၏။ သို့ရာတွင် သူ့ကို ချီးမွမ်းထောမနာပြုသည့် ထိုစာကို ရေးပြီးနောက် ကျွန်တော့်ထံ နောက်ထပ် စာနှစ်စောင် ရေးသော်လည်း ဘာယာဒိုဆန်ရိုမန်အကြောင်းကို တလုံးမျှ

မရေးတော့ပါ။ အိန်ဂျလာဗီကာရီယိုကို လက်ထပ်ချင်သည်ဟု အများသူငါ သိပြီးသည့် နောက်တွင်လည်း သူ့အကြောင်းကို ဘာမျှမပြောတော့။ သူသည် ဘာယာဒိုဆန်ရိုမန် အကြောင်းကို သေသေချာချာ သိလာကြောင်း၊ ထိုအချိန်၌ အောက်တိုဘာလက ပေးစာထဲတွင် ပါသည့် ချီးမွမ်းခန်းကို ပြန်၍ပြင်ရန် နောက်ကျသွားပြီဖြစ်ကြောင်း၊ သူ၏ ရွှေရောင်မျက်လုံးများ သည် သူ့စိတ်ထဲတွင် ကြက်သီးထစေသော အကြောက်မျိုးကို ပေါ်ပေါက်စေကြောင်းဖြင့် ကံမကောင်းသည့် မင်္ဂလာပွဲ ကျင်းပပြီးသည့်နောက် အတော်ကြီးကိုကြာမှ ဝန်ခံပါသည်။

'သူ့ကိုမြင်ရင် နတ်ဆိုးကို သွားပြီးသတိရတယ်၊ ဒါပေမဲ့ ဒီအကြောင်းတွေကို စာထဲမှာ ထည့်မရေးသင့်ဘူးလို့ မင်းပဲ အမေ့ကို ပြောခဲ့တယ် မဟုတ်လား' ဟု အမေက ပြောသည်။

နာတာလူးပွဲတော် ကျောင်းပိတ်၍ အိမ်ပြန်လာသည့်အခါတွင် ဘာယာဒိုဆန်ရိုမန်ကို ကျွန်တော် တွေ့ရပါသည်။ သူတို့ပြောသည့်အတိုင်း သူသည် လူထူးလူဆန်းတယောက် ဖြစ်၏။ ရုပ်ဖြောင့်သည် ဆိုသည်မှာ မှန်ပါသည်။ သို့ရာတွင် မက်ဒလီနာအော်လီဗာ ပြောသလောက်တော့ မဟုတ်ပါ။ သူသည် သူ့ဟန်ရေးပြမှုများက အထင်ရောက်စေသည်ထက် ပိုလေးနက်သည်ဟု ကျွန်တော် ထင်ပါသည်။

အလွန်အမင်း ယဉ်ကျေးသိမ်မွေ့မှုဖြင့် ကြိုးစားဖုံးကွယ်ထားသည့်တိုင် ရင်ထဲတွင်ရှိသည့် တင်းကျပ်မှုကို မြင်နေရသည်။ သို့ရာတွင် ဘာပဲဖြစ်ဖြစ် သူသည် ကျွန်တော့်အမြင်တွင် အလွန် စိတ်မချမ်းမြေ့သူတယောက်နှင့် တူနေပါသည်။ ထိုအချိန်၌ကား သူသည် အိန်ဂျလာဗီကာရီယိုနှင့် တရားဝင် စေ့စပ်ကြောင်းလမ်းမှု လုပ်ပြီး ဖြစ်ပါသည်။

သူတို့နှစ်ယောက် ဘယ်ပုံဘယ်နည်း တွေ့ကြသည်ကို ဘယ်အခါမျှ အတိအကျ မပြောနိုင်ပါ။ ဘာယာဒိုဆန်ရိုမန်နေသည့် လူပျိုဆောင်မှ အိမ်ရှင် အဘွားကြီးကတော့ စက်တင်ဘာလ ကုန်ခါနီး တရက်၌ ဘာယာဒိုဆန်ရိုမန်သည် ဆင်ဝင်အောက်က လှုပ်ကုလားထိုင် တလုံးပေါ်တွင် အိပ်နေကြောင်း၊ ထိုစဉ် အိန်ဂျလာနှင့် သူ့အမေတို့က ပန်းတုခြင်း နှစ်ခြင်းကို ကိုင်ပြီး ကွက်လပ်သို့ ဖြတ်သွားကြောင်း၊ ဘာယာဒိုဆန်ရိုမန်က အိပ်မှုန်စုံမွှားဖြင့် နိုးလာကာ အမျိုးသမီး နှစ်ယောက်ကို မြင်ကြောင်း၊ နေ့လယ် နာရီပြန် နှစ်ချက် နေပူကျဲကျဲကြီးတွင် အနက်ရောင် ဝတ်စုံကို ဝတ်ထားသူဆို၍ သူတို့နှစ်ဦးသာရှိကြောင်း၊ အမျိုးသမီးငယ် မည်သူဖြစ်ကြောင်းဖြင့် မေး၏။ အိမ်ရှင် အဘွားကြီးက အမျိုးသမီးငယ်မှာ အတူပါလာသည့် အမျိုးသမီးကြီး၏ သမီး အထွေးဆုံးဖြစ်ပြီး သူ့အမည်မှ အိန်ဂျလာဗီကာရီယို ဖြစ်သည်ဟု ပြောပြသည်။ ဘာယာဒို ဆန်ရိုမန်သည်

ကွက်လပ်တဖက်သို့ ရောက်သွားသည်အထိ သားအမိ နှစ်ယောက်ကို စိုက်ကြည့်နေသည်။

'နာမည်လေးက လှတယ်နော်' ဟု သူက ပြောသည်။

ထို့နောက် သူသည် ခေါင်းကို ကုလားထိုင်နောက်မှီကို မှီလိုက်ရင်း မျက်လုံးများကို ပြန်မှိတ်ထား လိုက်သည်။

'ကျွန်တော် အိပ်ရာကနိုးလာရင် ကောင်မလေးကို လက်ထပ်ယူဖို့ ကျွန်တော့်ကို သတိပေးစမ်း ဗျာ' ဟု သူက ပြောသည်။

ဘာယာဒိုဆန်ရိုမန် သူ့ကို ပိုးပန်းခြင်း မပြုမီကတည်းက ထိုအဖြစ်အပျက်ကို ဘော်ဒါဆောင် ပိုင်ရှင် အဘွားကြီးက သူ့ကို ပြောပြထားသည်ဟု အိန်ဂျလာဗီကာရီယိုက ကျွန်တော့်ကို ပြောဖူးသည်။

'ကျွန်မလည်း လန့်သွားတယ်ရှင်' ဟု သူမက ပြောသည်။ ဘော်ဒါဆောင်နေသူ ၃ ဦးတို့က ထိုအတိုင်း မှန်ကြောင်းဖြင့် အတည်ပြုကြသည်။ သို့ရာတွင် အခြား ၄ ယောက်တို့ကမူ မသေချာပါ။ တဖက်၌ အိန်ဂျလာဗီကာရီယိုနှင့် ဘာယာဒိုဆန်ရိုမန်တို့သည် အောက်တိုဘာလ အမျိုးသားနေ့ စတုဒိသာပွဲတွင် တွေ့ဖူးကြောင်း၊ ထိုစဉ်က အိန်ဂျလာဗီကာရီယိုမှာ ကံစမ်းမဲ ရုံတရုံကို ကြီးကြပ်နေကြောင်းဖြင့် အားလုံးက ပြောကြသည်။ ဘာယာဒိုဆန်ရိုမန်သည် ပွဲဈေးသို့ ရောက်လာပြီး အိန်ဂျလာဗီကာရီယို ကြီးကြပ်သည့် ကံစမ်းမဲရုံဆီသို့ သွားသည်။ ထိုစဉ်က အိန်ဂျလာဗီကာရီယိုမှာ အစ်မ ဆုံးပြီး ပူဆွေးချိန်ဖြစ်၍ လေးတိလေးကန် ဖြစ်နေ၏။ သူက ကရုကမာခွံကလေး လှပစွာမြှုပ်ထားသည့် သီချင်းဖွင့်စက်တန်ဖိုးကို မေးသည်။ သူမက ထိုသီချင်းဖွင့်စက်ကလေးမှာ ရောင်းရန်မဟုတ်ဘဲ ကံစမ်းမဲနှိုက်ရန်ဖြစ်ကြောင်း ပြန်ပြောသည်။

'ပိုကောင်းတာပေါ့၊ ပိုလွယ်ပြီး ပိုဈေးချိုတာပေါ့' ဟု သူက ပြောသည်။

ဘာယာဒိုဆန်ရိုမန်သည် သူမ အထင်ကြီးအောင် ဂိုက်ထုတ်ခဲ့ကြောင်း၊ သို့ရာတွင် ပိုးပန်းလို၍ ဟုတ်ဟန်မတူကြောင်းဖြင့် ကျွန်တော်တို့ကို ပြောပြ၏။

ထိုနေ့က အကြောင်းကို ပြန်ပြောရာတွင် သူမက…

"ကျွန်မက ဘဝင်မြင့်တဲ့လူဆိုရင် သိပ်မုန်းတာ၊ ဒီလူလောက် ဘဝင်မြင့်တဲ့လူတော့ ရှိမယ်တောင် မထင်ဘူး၊ ပြီးတော့ ကျွန်မစိတ်ထဲမှာ သူဟာ ရေဝတီလူမျိုးလို့ ထင်နေတယ်"

သီချင်းဖွင့်စက်ကလေးအတွက် ကံစမ်းမဲနှိုက်ကာ နံပါတ်ကို

ဖတ်လိုက်သည့်အခါ သူမ၏ စိတ်ပျက်မှုမှာ ပြောဖွယ်မရှိတော့။ အားလုံးက တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေကြစဉ် သီချင်းဖွင့်စက်ကလေးကို ဘာယာဒိုဆန်ရိုမန် မဲပေါက်သွားသည်။ သူမ အထင်ကြီးစေရန် အတွက် ရှိသမျှ ကံစမ်းမဲများကို သူတယောက်တည်း သိမ်းကျုံး ဝယ်သွားလိမ့်မည်ဟု နည်းနည်းကလေးမျှ မထင်ခဲ့ပေ။

ထိုည သူမ အိမ်သို့ပြန်လာသည့်အခါတွင် သီချင်းဖွင့်စက်ကလေးကို လက်ဆောင်စက္ကူဖြင့် ထုပ်ကာ အော်ဂင်ဒီ ဖဲပွင့်ကလေး ဖြင့် ချည်ထားသည်ကို အိန်ဂျလာဗီကာရီယို တွေ့ရ၏။

"အဲဒီနေ့ဟာ ကျွန်မမွေးနေ့ဆိုတာ သူ ဘယ်လိုလုပ်များ သိသွားသလဲ မဆိုနိုင်ဘူး"

သူမက ကျွန်တော့်ကို ပြန်ပြောသည်။ ထိုသို့သော လက်ဆောင်မျိုး ပေးရအောင်၊ ထို့ထက် လူသိရှင်ကြား လက်ဆောင်ပေးရလောက်အောင် ဘာယာဒိုဆန်ရိုမန်နှင့် ပတ်သက်ခြင်း မရှိကြောင်းကို မိဘတွေ သဘောပေါက်အောင် ပြောရသည်မှာ တော်တော်ခက်ပါသည်။ ထို့ကြောင့် သူမ၏ အစ်ကိုနှစ်ယောက်ဖြစ်သည့် ပီဒရိုနှင့် ပက်ဘလိုတို့သည် သီချင်းဖွင့်စက်ကို ပိုင်ရှင်သို့ ပြန်ပေးရန် ဘော်ဒါဆောင်သို့ ယူသွားကြသည်။ သူတို့လုပ်ပုံမှာ မြန်ဆန်လွန်းလှသဖြင့် သူတို့ ရောက်လာသည်ကိုလည်းကောင်း၊ အိမ်ထဲတွင် ရှိနေသည်ကိုလည်းကောင်း မြင်သူ တယောက်မျှမရှိ။ သူတို့မိသားစု ထည့်မတွက်သည့်အရာမှာ ဘာယာဒိုဆန်ရိုမန်တွင် တွန်းလှန်ခြင်းငှာ မစွမ်းနိုင်သော ညို့ဓာတ်ရှိသည် ဆိုသည့်အချက်ဖြစ်လေရာ အမြွှာညီအစ်ကို နှစ်ယောက်သည် နောက်တနေ့ အရုဏ်တက်ချိန်အထိ ထိုအိမ်ထဲမှ ပြန်ထွက်မလာကြသေးချေ။ နောက်တနေ့ အရုဏ်တက်ချိန်ကျမှ အရက်ကြောင့် မှိုင်းမှုန်ဝေဝါးစွာဖြင့် သီချင်းဖွင့်စက်ကိုယူ၍ ပြန်လာခဲ့ကြသည်။ ထို့မျှမက ဘာယာဒိုဆန်ရိုမန်ကိုလည်း သူတို့အိမ်တွင် လိုက်၍ စားသောက်ရန် ခေါ်လာခဲ့ကြသေးသည်။

အိန်ဂျလာဗီကာရီယိုသည် နွမ်းပါးသောဝင်ငွေရှိသည့် မိသားစုတွင် အငယ်ဆုံးသမီး ဖြစ်၏။ သူ့အဖေ ပွန်ချိုဗီကာရီယိုမှာ ပန်းထိမ်ဆရာ ဖြစ်သည်။ မိသားစု အခြေမပျက်နေနိုင်ရန် ရွှေထည် ကလေးများကို အနုစိတ် လုပ်ရသည့်အတွက် မျက်စိကွယ်သွားခဲ့သည်။ သူမ၏အမေ ပူရီစီမာဒယ်ကားမင်းသည် အိမ်ထောင်မကျမီက ကျောင်းဆရာမတယောက် ဖြစ်ခဲ့၏။ 'သူ့ကြည့်ရတာ သီလရှင် တပါးနဲ့ တူနေတယ်' ဟု ကျွန်တော့်ဇနီး မာစီးဒီးက ပြောဖူးသည်။ သူမသည် ယဇ်ပူဇော်သည့် စိတ်ဓာတ်မျိုးဖြင့် လင်ယောကျ်ားနှင့် သားသမီးများကို ပြုစုယုယပုံ မှာ တခါတရံတွင် သူ အသက်ရှင်နေသည်ဆိုသည့်အချက်ကိုပင် မေ့သွားတတ်သည်။ သမီးအကြီး

နှစ်ယောက်မှာ အသက်ကြီးမှ အိမ်ထောင်ကျကြသည်။ အမြွှာ ညီအစ်ကိုနှစ်ယောက်အပြင် ညညတွင် အဖျားတက်ပြီး သေသွားသည့် သမီးအလတ်တယောက်လည်း ရှိသေးသည်။ သို့ဖြင့် နောင် ၂ နှစ် ကြာသည့်တိုင် သူတို့သည် အိမ်တွင်းတွင် လျော့ရဲသော်လည်း လမ်းထွက်လျှင် တင်းကျပ်စွာ လိုက်နာသည့် ပူဆွေးသောက အထိမ်းအမှတ်ကို လိုက်နာနေကြဆဲ ဖြစ်သည်။ သားများမှာ ယောကျ်ားသားများဖြစ်ရန် သွန်သင်ဆုံးမခဲ့ပြီး သမီးများမှာ အိမ်ထောင်ရက်သား ချပေးရန် ဆုံးမပဲ့ပြင်လာခဲ့သည်။ သမီးများသည် ရွှေချည်ထိုး ကန့်လန့်ကာ ထိုးတတ်သည်။ စက်ချုပ်တတ်သည်။ ဇာပန်းထိုးတတ်သည်။ အဝတ်လျှော်ပြီး မီးပူတိုက်တတ်သည်။ ပန်းတု လုပ်တတ်သည်။ အလှအပ သကြားလုံး ကျိုတတ်သည်။ စေ့စပ်မင်္ဂလာ ကြော်ငြာ ရေးတတ် သည်။ သေခြင်းတရားအကြောင်းကို တွေးလေ့မရှိသည့် ထိုခေတ်က မိန်းကလေးများနှင့် မတူ။ သူတို့ညီအစ်မ ၄ ယောက်သည် လူမမာပြုစုခြင်း၊ သေအံ့မူးမူးသူတို့ကို စောင့်ရှောက်တတ်ခြင်း၊ အသုဘပြင်ဆင်ခြင်း စသည့် ရှေးခေတ်က အတတ်ပညာတို့တွင် ကျွမ်းကျင်ကြသူများ ဖြစ်သည်။ ကျွန်တော့်အမေက သူတို့ကို အပြစ်တင်သည့် တခုတည်းသော ပြစ်ချက်မှာ အိပ်ရာမဝင်ခင် ခေါင်းဖြီးတတ်သည့် အကျင့်သာ ဖြစ်သည်။ 'ဟဲ့... ကလေးမကလေးတွေ၊ ညကြီးမင်းကြီး ခေါင်းမဖြီးရဘူးကွဲ့၊ ခရီးသွားတဲ့သူ ခရီးဖင့်တတ်တယ်' ဟု အမေက သူတို့ကို ပြောတတ်သည်။ ထိုတချက်မှလွဲလျှင် သူတို့လို ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးမျိုး တယောက်မျှပင် မရှိဟု အမေ ထင်သည်။ 'ကောင်မလေးတွေက ဘာမှ ပြောစရာမရှိဘူး' ဟု အမေ့ပြောသံကို မကြာခဏ ကြားရသည်။ 'သူတို့ကိုရတဲ့ ယောကျ်ားကတော့ ပျော်မှာပဲ၊ သူတို့က တဖက်သားအတွက် အနစ်နာခံဖို့ သွန်သင်ဆုံးမ ခံခဲ့ရတာကိုး' ဟု ပြောတတ်သည်

သို့ရာတွင် အကြီးမနှစ်ယောက်ကို လက်ထပ်ခဲ့ကြသည့် ယောကျ်ားများအဖို့ သူတို့ညီအစ်မတွေ ကို ခွဲရန် ခက်ပါသည်။ ညီအစ်မတသိုက်မှာ ဘယ်သွားသွား အတူတူ ဖြစ်နေကြပါသည်။ သူတို့ညီအစ်မသည် အမျိုးသမီးကပွဲများ တင်ဆက်လေ့ ရှိကြပါသည်။ ယောကျ်ားတို့အကြောင်း နှင့် ပတ်သက်လာလျှင်လည်း အကင်းပါးသူများ ဖြစ်ကြသည်။

အိန်ဂျလာဗီကာရီယိုသည် ညီအစ်မ ၄ ယောက်တွင် အချောဆုံး ဖြစ်၏။ သူမွေးလာသည့် အခါတွင် ရာဇဝင်တွင် ထင်ရှားကျော်ကြားသည့် ဧကရီများလို လည်ပင်းတွင် ချက်ကြိုးပတ်၍ မွေးလာသည်ဟု ကျွန်တော့်အမေက ပြောပြဖူးသည်။ သို့ရာတွင် သူမသည် အားငယ်ပုံပေါက်ကာ စိတ်ဓာတ်ကလည်း ပျော့ညံ့သဖြင့် သူမအတွက် ရေရာခြင်းမရှိသည့် အနာဂတ်ကို နိမိတ်ပြနေ သကဲ့သို့ ရှိ၏။ ကျွန်တော်သည် နာတာလူးပွဲတော် ကျောင်းပိတ်ချိန်တွင် အိမ်သို့ပြန်လာတိုင်း သူမကို မကြာခဏ တွေ့ရပါသည်။ တွေ့တိုင်း ပြတင်းပေါက်တွင် ထိုင်ကာ

တအေးအေးဖြင့် အဝတ်ပန်းများကို ညှပ်နေသည့် သူမကို မြင်ရသည်မှာ သနားစရာ ကောင်းနေသည်ဟု ထင်မိသည်။ 'ကောင်မလေးက အလိမ်ခံရဖို့ လူဖြစ်လာတာဗျ၊ ခင်ဗျားနှမ သိပ်စိတ်ပျော့တာ' ဟု စန်တီယာဂိုနာဆားက ကျွန်တော့်ကို ပြောပြသည်။ သူ့အစ်မလတ်အတွက် ပူဆွေးခြင်း အထိမ်းအမှတ် မလုပ်မီကလေးတွင် သူမအား ပထမဆုံး တွေ့ရ၏။ ထိုစဉ်က သူမမှာ အရွယ် ရောက်ပြီး အမျိုးသမီးကြီးတဦးနှယ် ဝတ်စားထားပြီး ဆံပင်များကို ကောက်ထားသည်။ ကျွန်တော်သည် သူမမှ ဟုတ်ပါလေစဟု မယုံနိုင်အောင် ဖြစ်နေသည်။ သို့ရာတွင် ယင်းမှာ ခဏတဖြုတ် မြင်လိုက်ရခြင်းသာ ဖြစ်ပါသည်။ သူမ၏စိတ်ဓာတ် ဆင်းရဲခေါင်းပါးမှုမှာ အသက် ကြီးလာသည်နှင့်အမျှ ပို၍ဆိုးလာပါသည်။ ထို့ကြောင့် ဘာယာဒိုဆန်ရိုမန်က သူ့ကို လက်ထပ်ချင်သည်ဆိုသည့် သတင်းစကားကို ကြားရသည့်အခါတွင် ထိုကိစ္စသည် ကြားလူ တဦးတယောက်၏ အစီအမံသာ ဖြစ်လိမ့်မည်ဟု ထင်ခဲ့ကြသည်။

သူမ၏မိသားစုသည် ထိုကိစ္စကို အလေးအနက် လက်ခံရုံမျှမက စိတ်ဓာတ်လည်း ထက်သန်နေ ကြ၏။ ဘာယာဒိုဆန်ရိုမန်အနေဖြင့် သူ့ဇာတိရင်းမြစ်ကို မှန်ကန်စွာ ထုတ်ဖော်ပြောရမည် ဆိုသည့် စည်းကမ်းချက်ကို ချမှတ်သည့် ပူရာဗီကာရီယို တဦးတည်းသာလျှင် စိတ်ထက်သန်မှု ကင်းနေသည်။ ထိုအချိန်အထိ ဘာယာဒိုဆန်ရိုမန်၏ အကြောင်းကို မည်သူမျှ မသိကြသေး။ သူ၏အတိတ်သည် ဇာတ်မင်းသား ဝတ်စားဟန်မျိုးဖြင့် သင်္ဘောပေါ်က ဆင်းလာခဲ့သည့် ညနေခင်းထက် ကျော်လွန်၍ မသွားသေး။ သူကလည်း သူ့ဇာတိနှင့် ပတ်သက်၍ လုံးလုံး မြုပ်ထားသဖြင့် ကပေါက်တိ ကပေါက်ချာ အနိုင်ဆုံးသော လုပ်ဇာတ်ပင်လျှင် အမှန်ဟု ယူဆရတော့မလို ဖြစ်နေသည်။ တချို့ကလည်း သူသည် တပ်မှူးတယောက်အဖြစ် ကာဆာနာရီ နယ်တွင် ရွာများကို ဖျက်ဆီးကာ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခဲ့ကြောင်း၊ သူသည် နတ်ဆိုးကျွန်းမှ ထွက်ပြေး လွတ်မြောက်လာသော လူဆိုးတဦးဖြစ်ကြောင်း၊ ပါနမ်ဘူကိုနယ်တွင် လေ့ကျင့်ထားသည့် ဝက်ဝံနှစ်ကောင်ဖြင့် မျက်လှည့်ပြစားခဲ့ဖူးကြောင်း၊ မှုတ်ဝဲအော်ကြီးအတွင်းရှိ ရှေးခေတ် စပိန်လှော်ကားလှေကြီးကို ဖော်ယူသဖြင့် ရွှေတွေ အမြောက်အမြားရပြီး ချမ်းသာ သွားကြောင်း စသည်ဖြင့် အမျိုးမျိုး ပြောကြ၏။ ဘာယာဒိုဆန်ရိုမန်သည် ထိုထင်ကြေးများ အားလုံးကို တချက်တည်းဖြင့် အဆုံးသတ်ပစ်လိုက်၏။ အခြား မဟုတ်ပါ။ သူ့မိသားစုအားလုံးကို ထုတ်ပြလိုက်ခြင်း ဖြစ်ပါသည်။

သူတို့မိသားစုမှာ ၄ ယောက် ရှိ၏။ အဖေ၊ အမေနှင့် ရန်စတတ်သော ညီမနှစ်ယောက်တို့ ဖြစ်သည်။ သူတို့တသိုက်သည် အစိုးရ နံပါတ်ပြား တပ်ထားသည့် ဘီမော်ဒယ် ဖို့ဒ်ကားကြီးဖြင့် ရောက်လာခဲ့ကြသည်။ ဘဲအော်သလိုဖြစ်သော မော်တော်ကားဟွန်းသံကြောင့် မနက် ၁၁ နာရီ တွင် လူတွေ နိုးကုန်ကြသည်။

သူ့အမေ အယ်ဘာသာဆီမွန်းသည် ကူရာဆာအိုနယ်မှ ဝဝဖို့ဖိုင့် ဥရောပ-နီဂရိုး ကပြားမိန်းမကြီးတယောက်ဖြစ်ပြီး စပိန်စကားပြောလျှင် ခပ်ဝဲဝဲနှင့် ပြောတတ်သည်။ ယယ်ယယ်တုန်းကတော့ အန်းတီးလ်နယ်တွင် ရှိသည့် အချောဆုံး မိန်းမ ၂၀၀ တို့အနက် အချောဆုံးဟု ပြောကြသည်။ အပျိုဘော်ဝင်စ ညီမနှစ်ယောက်မှာ ပြေးလွှား ဆော့ကစား နေသည့် နွားမတမ်းကလေး နှစ်ကောင်နှင့် တူသည်။ သို့ရာတွင် အခိက ဆွဲငင်အားမှာ အဖေ ဖြစ်ပါသည်။ လွန်ခဲ့သည့် ရာစုနှစ်က ဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်များ၏ သူရဲကောင်းဖြစ်သူ၊ တူဘူရင်ကာ ရွေးကောက်ပွဲတွင် ဗိုလ်မှူးကြီး ဩရယ်လီယန်နိုပျူအင်ဒီဟာအား အနိုင်ရခဲ့သည့်အတွက် ကွန်ဆာဗေးတစ် အစိုးရ၏ ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးတဦးဖြစ်သူ ဗိုလ်ချုပ် ပီထရိုနီယို ဆန်ရိုမန် ဖြစ်သည်။ သူ မည်သူမှန်း သိရသည့်အခါများ၌ နှုတ်မဆက်သူဆို၍ ကျွန်တော့်အမေ တယောက်သာ ရှိပါသည်။ 'သူတို့နှစ်ယောက် လက်ထပ်တာကိုတော့ ဘာမှ မပြောလိုပါဘူးကွယ်၊ ဒါပေမဲ့ ဂျင်နရယ် ဒိုမားကွက်ဇ်ကို နောက်ကျောကနေ ပစ်သတ်တဲ့ လူတယောက်ကို သွားပြီး လက်ဆွဲနှုတ်ဆက်ဖို့ကတော့ ဘယ်ဖြစ်မလဲ' ဟု အမေက ကျွန်တော့်ကို ပြောသည်။ မော်တော်ကားပေါက်မှနေ၍ သူ့ဦးထုပ်ဖြူကို ဝှေ့ယမ်းပြသည့်အခါတွင် သူ့ရုပ်ပုံများကို မြင်ဖူးပြီး ဖြစ်သဖြင့် လူတိုင်း သူ့ကို မှတ်မိသွားကြသည်။ သူသည် ဂျုံမှုန့်ရောင် ချည်ဝတ်စုံကို ဝတ်ထားပြီး ကြိုးတပ် ကော်ဒိုဝန်ဖိနပ်ကို စီးထား၏။ ရွှေကိုင်းတပ် မျက်မှန်ကို နှာရောင်ကြားတွင် ရွှေညှပ်ဖြင့် ညှပ်ထားကာ ကြိုးကို အင်္ကျီကြယ်သီးပေါက်တွင် သွားချိတ်ထားသည်။ ကုတ်အင်္ကျီ ရင်ဘတ်ပေါ် တွင် သူရတံဆိပ်ကို တပ်ထားပြီး ခေါင်းတွင် နိုင်ငံတော်တံဆိပ် ဖောင်းကြွထုထားသည့် ကြိမ်တုတ်တချောင်းကို ကိုင်ထား၏။ သူသည် ဆိုးရွားလှသော ကျွန်တော်တို့မြို့က လမ်းများမှ ပူလောင်သော ဖုန်မှုန့်များ တကိုယ်လုံး ဖုံးအုပ်လျက် မော်တော်ကားပေါ်မှ ပထမဆုံး ဆင်းလာ သည်။ ဘာယာဒိုဆန်ရိုမန်သည် သူ သဘောကျသူကို လက်ထပ်နိုင်ကြောင်း အားလုံး သဘောပေါက်သွားစေရန်အတွက် သူလုပ်ရမည့်အလုပ်မှာ မော်တော်ကားဘီးဖုံးပေါ်တွင် ရပ်ပြရုံမျှသာ ဖြစ်၏။

လက်မထပ်ချင်သူမှာ အိန်ဂျလာဗီကာရီယို ဖြစ်သည်။ 'သူက သိပ်ယောကျ်ားဆန်လွန်းနေတယ် ရှင်' ဟု သူမက ကျွန်တော့်ကို ပြောပြသည်။ ထို့ပြင် ဘာယာဒိုဆန်ရိုမန်သည် သူမအား ပိုးပန်းရန်ပင် မကြိုးစားခဲ့ဖူးသေးပါ။ သူ့ညှို့စိတ်ဖြင့် မိသားစုကို ဖမ်းစားရုံသာ ဖြစ်ပါသည်။ သူမ၏ မိဘများ၊ အစ်မများနှင့် သူတို့ခင်ပွန်းများက ဧည့်ခန်းတွင် စုထိုင်ပြီး သူမ ကောင်းကောင်း မမြင်ဖူးသေးသော လူတယောက်ကို လက်ထပ်ရန် ဝိုင်းဝန်းနားချခဲ့သည့်ညက ကြောက်စရာ အဖြစ်ကို အိန်ဂျလာဗီကာရီယို ဘယ်တော့မျှ မမေ့နိုင်၊ အမွှာညီအစ်ကို နှစ်ယောက်ကမူ ထိုကိစ္စတွင် ရှောင်နေကြ၏။ 'ဒါတွေက မိန်းမကိစ္စတွေလေ' ဟု ပက်ဘလိုဗီကာရီယိုက ကျွန်တော့်ကို ပြောပြသည်။ မိဘများ၏ အဆုံးအဖြတ်ကျသော စကားမှာ ရိုးရိုးကုပ်ကုပ်ဖြင့် သိက္ခာရှိသည့်

မိသားစုတခုသည် ထိုကံကြမ္မာဆုထူးကြီးကို လက်မလွှတ်သင့် ဆိုသည့်အချက် ဖြစ်သည်။ အိန်ဂျလာ ဒီကာရီယိုက အချစ်မပါသော အိမ်ထောင်ရေးသည် အဆင်ပြေမည် မထင်ကြောင်းဖြင့် အရဲစွန့်၍ ရိုးတိုးရိပ်တိပ် ပြောပါသေးသည်။ သို့ရာတွင် အမေက သူ့စကားကို တခွန်းတည်းဖြင့် ချေဖက်ပစ်လိုက်၏။

"အချစ်ဆိုတာကလည်း သင်ယူလို့ ရပါတယ်အေ"

ထိုခေတ်က နှစ်ရှည်လများ စေ့စပ်ကြောင်းလမ်းထားရိုး ထုံးစံရှိသော်လည်း ဘာယာဒိုဆန်ရိုမန် ၏ တိုက်တွန်းချက်အရ သူတို့ စေ့စပ်ကြောင်းလမ်းမှုမှာ ၄ လသာ ကြာသည်။ ဒါတောင် ပူရာဗီကာရီယိုက မိသားစု ပူဆွေးချိန်ကာလအထိ စောင့်ရန်ပြောသဖြင့် ထိုမျှ ကြာခြင်း ဖြစ်သည်။ သို့မဟုတ်လျှင် ထို့ထက်ပင် မြန်ပေလိမ့်မည်။ သို့ရာတွင် ဘာယာဒ်ဆန်ရိုမန်က အစစ အရာရာ အဆင်ပြေအောင် စီစဉ်ထားသဖြင့် စေ့စပ်ချိန်ကာလမှာ ချောချောမောမော ပြီးသွား သည်။

"တညမှာတော့ ဘယ်အိမ်ကို အကြိုက်ဆုံးလဲလို့ ကျွန်မကို မေးတယ်၊ ဒီတော့ ကျွန်မကလည်း ဘုမသိ ဘမသိနဲ့ မုဆိုးဖို ဇီးယားစ်ပိုင်တဲ့ ယာတောအိမ်ကတော့ ကျွန်မတို့မြို့မှာ အလှဆုံးပဲလို့ ပြောလိုက်တယ်" ဟု အိန်ဂျလာဗီကာရီယိုက ကျွန်တော့်ကို ပြောသည်။ ကျွန်တော်ဆိုလျှင်လည်း ထိုအတိုင်းပြောမည်သာဖြစ်၏။ အိမ်မှာ လေထန်သော တောင်ကုန်းပေါ်တွင်ရှိပြီး အိမ်မျက်နှာစာ မှ လှမ်းကြည့်လိုက်လျှင် ခရမ်းရောင်တောပန်းတွေ ဖုံးနေသည့် အဆုံးမရှိသော စိမ့်တောအုံကြီး ကို မြင်ရ၏။ ကြည်လင်သော နွေရက်များဆိုလျှင် ကာရစ်ဘီယန် ပင်လယ်ကွေ့ပေါ်က မိုးကုပ်စက်ဝိုင်းနှင့် ကာတာဂျီနာဒီအင်ဒီယာ ကျွန်းဘက်မှ ပြန်လာသော ကမ္ဘာလှည့် ခရီးသည် သင်္ဘောများကို မြင်ရသည်။ ထိုနေ့ညနေ၌ ဘာယာဒိုဆန် ရိုမန်သည် ကလပ်သို့သွားကာ မုဆိုးဖို ဇီးယားစ်၏ စားပွဲတွင် ထိုင်ပြီး ဒိုမီနို ကစားသည်။

'မုဆိုးဖိုကြီး .. အိမ်ကို ကျွန်တော် ဝယ်မယ်ဗျာ' ဟု သူက ပြောသည်။

'မရောင်းပါဘူးဗျာ' ဟု မုဆိုးဖိုကြီးက ဖြေ၏။

မုဆိုးဖိုကြီးက ရှေးခေတ်ကရှိခဲ့သည့် ယဉ်ကျေးမွန်ရည်မှုမျိုးဖြင့် အိမ်ထဲမှ ပစ္စည်းများမှာ သူ့ဇနီးသည် တသက်လုံး အမြတ်တနိုး ဝယ်ယူစုဆောင်းခဲ့သည့် ပစ္စည်းများဖြစ်ပြီး သူ့အဖို့ ထိုပစ္စည်းများသည် ဇနီးသည်၏ ဘဝအစိတ်အပိုင်းဖြစ်သည်ဟု ရှင်းပြ၏။ 'အဲဒီတုန်းက ဇီးယားစ်က တကယ် လှိုက်လှိုက်လှဲလှဲ ပြောတာဗျ၊ သူ အနှစ် ၃၀ လုံးလုံး ပျော်ပျော်ပါးပါး နေခဲ့တဲ့အိမ်ကို ရောင်းရမယ်ဆိုရင် မရောင်းခင်မှာ ဗုန်းဗုန်းလဲ သေသွားမှာ' ဟု ထိုစဉ်က သူတို့နှင့် အတူ ဒိုမီနိုကစားနေသည့် ဒေါက်တာဒီယိုနီဆိုအီဂွါရန်းက ကျွန်တော့်ကို ပြောပြသည်။ ဘာယာဒိုဆန်ရိုမန်ကလည်း သူ့အကြောင်းပြချက်ကို

နားလည်ပါသည်။

'လက်ခံပါမယ်ဗျာ၊ ဒီလိုဆိုရင်လည်း ပစ္စည်းတွေကို ယူလိုက်ပြီး အိမ်ချည်းပဲရောင်းဗျာ' ဟု သူက ပြောသည်။

သို့ရာတွင် မုဆိုးဖိုကြီးသည် ကစားဝိုင်း သိမ်းသည်အထိ အကျောက်အကန် ငြင်းနေသည်။ နောက် သုံးညအကြာတွင် ဘာယာနိ ဆန်ရိုမန်သည် အကွက်ချ ပြင်ဆင်ပြီးနောက် ကစားဝိုင်းသို့ ရောက်လာ၏။

'မုဆိုးဖိုကြီး ... အိမ်ရဲ့တန်ဖိုးက ဘယ်လောက်လဲဗျ' သူက မေးသည်။

"ဘယ် တန်ဖိုးဖြတ်နိုင်မလဲဗျာ"

"ခင်ဗျား လိုချင်သလောက် ပြောပါ"

'ဝမ်းနည်းပါတယ်' ဘာယာဒိုဟု မုဆိုးဖိုကြီးက ပြောသည်။

"ခင်ဗျားတို့ လူငယ်တွေဟာ နှလုံးသားရဲ့ ခံစားချက်ကို နားမလည်ကြဘဲကိုး..."

ဘာယာဒိုဆန်ရိုမန်ကမူ တချက်ကလေးပင် ဆုတ်ဆိုင်းခြင်း မရှိ။

"ကဲ ... ပီဆို ငါးထောင်ဗျာ"

"မလုပ်ပါနဲ့ဗျာ"

မုဆိုးဖိုကြီးက ပြောသည်။ ဂုဏ်သိက္ခာကို ထိန်းရမည်ဟု ယူဆ၏။

"ကျုပ်အိမ်က ဒီလောက် မတန်ပါဘူး"

'တသောင်း ပေးမယ်ဗျာ' ဘာယာဒိုဆန်ရိုမန်က ပြောသည်။

"ခုပေးမယ်၊ ငွေစက္ကူအထပ်လိုက် ပုံပေးမယ်"

မုဆိုးဖိုကြီးသည် သူ့ကို ကြည့်နေ၏။ သူ့မျက်လုံးများတွင် မျက်ရည်တွေ ပြည့်နေသည်။

"အဘိုးကြီးက စိတ်ဆိုးပြီး ငိုနေတယ်"

ဆရာဝန်တဦးမျှသာမက စာပေသမားတဦးလည်းဖြစ်သည့် ဒေါက်တာဒီယိုနီဆို အီဂွါရန်းက ကျွန်တော့်ကို ပြောပြ၏။

"ခင်ဗျား စဉ်းစားကြည့်စမ်း၊ ဒီလောက်များတဲ့ငွေတွေ ပုံပေးပေမဲ့ စိတ်ခေတ်ပျော့သည့်တိုင် ငြင်းသဗျ"

မုဆိုးဖို ဇီးယားစ်၏ အသံသည် ထွက်မလာပါ။ သို့ရာတွင် သူသည် သူ့ဦးခေါင်းဖြင့် 'ဟင့်အင်း...' ဟု ပြောပါသည်။

"ဒီလိုဆို ကျွန်တော် နောက်ဆုံး တောင်းပန်မယ်ဗျာ"

ဘာယာဒိုဆန်ရိုမန်က ပြောသည်

"ကျွန်တော့်ကို ၅ မိနစ်လောက် စောင့်ပါ"

အမှန်ပင်။ နောက်ထပ် ၅ မိနစ်အကြာ၌ သူသည် ငွေနားကွပ် ကုန်းနှီးအိတ်များနှင့်အတူ ကလပ်သို့ ပြန်ရောက်လာခဲ့၏။ ထို့နောက် ဘဏ်ထုပ် ထုပ်ထားသည့် ပီဆို တထောင်အုပ် ဆယ်ထုပ်ကို စားပွဲပေါ်သို့ တင်လိုက်သည်။ မုဆိုးဖို ဇီးယားစ်မှာ နောက် နှစ်လအကြာတွင် ကွယ်လွန်သွားခဲ့လေသည်။ 'အဲဒီကိစ္စကြောင့် သေသွားတာဗျ' ဟု ဒေါက်တာဒီယိုနီဆို အီဂွါရန်းက ပြော၏။ 'ကျန်းမာလိုက်သမှ ကျွန်တော်တို့အထဲမှာ အကျန်းမာဆုံး၊ ဒါပေမဲ့ သူ့ရင်ဘတ်ကို နားကြပ်နဲ့ ထောက်ပြီး နားထောင်ကြည့်ရင် နှလုံးသားထဲမှာ မျက်ရည်တွေ ပွက်ပွက်ဆူနေသံကို ကြားရတယ်'

မုဆိုးဖိုကြီးသည် သူ့အိမ်ကို ရှိသမျှပစ္စည်းနှင့်အတူ ရောင်းရုံမျှ မကပါ။ သူ့တွင် ထိုပိုက်ဆံများကို သိမ်းထားရန် သေတ္တာစုတ်ကလေး တလုံးမျှပင် မရှိသဖြင့် ပိုက်ဆံကို ဖြည်းဖြည်းချင်း အရစ်ကျ ပေးဖို့ပင် ဘာယာဒိုဆန်ရိုမန်ကို ပြောသေးသည်။

အိန်ဂျလာဗီကာရီယိုသည် အပျိုစစ်စစ် မဟုတ်ဟု မည်သူကမျှ မထင်ပါ။ မည်သူကမျှလည်း မပြောပါ။ သူမတွင် ရည်းစားသနံ ဟူ၍လည်း မရှိခဲ့ဖူးပါ။ သူမသည် စည်းကမ်းကြီးလှသော အမေတယောက်၏ ကွပ်ညှပ်မှုအောက်တွင် အစ်မများနှင့်အတူ ကြီးပြင်းလာခဲ့ရသည်။ လက်မထပ်မီ နှစ်လအလိုအထိပင်လျှင် သူ့အမေ ပူရာဗီကာရီယိုသည် သမီးကို ဘာယာဒို ဆန်ရိုမန်နှင့်အတူ သူတို့နေမည့် အိမ်ကို နှစ်ယောက်တည်း သွားကြည့်ခွင့် မပေးပါ။ သူမနှင့် မျက်စိကွယ်နေသည့် အဖေကြီးပါ နှစ်ယောက်စလုံး လိုက်ကြည့်ခဲ့ကြသည်။

'ကျွန်မ ဘုရားသခင်ဆီမှာ တခုပဲ ဆုတောင်းမယ်၊ ကိုယ့်ကိုယ်ကိုယ် သတ်သေရဲတဲ့သတ္တိ ပေးသနားတော်မူပါ ဘုရားလို့၊ ဒါပေမဲ့ ဘုရားသခင်က မပေးဘူးရှင့်' ဟု အိန်ဂျလာဗီကာရီယိုက ကျွန်တော့်ကို ပြောသည်။

အိန်ဂျလာဗီကာရီယိုသည် သူ့အဖြစ်အတွက် စိတ်ထိခိုက်လွန်းလှသဖြင့်

အမေ့ကို ဖွင့်ပြောရန် ဆုံးဖြတ်၏။ အဝတ်ပန်း ညှပ်ဖော်ညှပ်ဖက်ဖြစ်သည့် သူ့သူငယ်ချင်းမ နှစ်ယောက်ကတော့ ထိုကိစ္စကို ဖွင့်မပြောရန် တားကြသေးသည်။

'ဒီတော့ ကျွန်မလည်း သူတို့စကားကို လုံးဝ လက်ခံလိုက်တာပေါ့။ သူတို့က ယောက်ျားတွေ အကြောင်းကို ကျွန်မထက် ပိုသိတယ်' လို့ ထင်တာကိုးဟု အိန်ဂျလာဗီကာရီယိုက ကျွန်တော့်ကို ပြောပြသည်။ မိန်းမမှန်လျှင် ကလေးဘဝ မတော်တဆ ထိခိုက်မှုများကြောင့် အပျိုရည် ပျက်တတ်ကြသည်သာဖြစ်ကြောင်း၊ ဇီဇာကြောင်သော လင်ယောက်ျားများပင်လျှင် ထိုအဖြစ်မျိုး ကို မသိကြကြောင်းဖြင့် သူငယ်ချင်းမများက အခိုင်အမာ ပြောကြသည်။ များသောအားဖြင့် ယောက်ျားများသည် မင်္ဂလာဦးညတွင် လန့်ဖျပ်နေတတ်ကြောင်း၊ မိန်းမ၏ အကူအညီ မပါဘဲ အောင်မြင်ခြင်း မရှိကြောင်း၊ သူတို့ကိုယ်တိုင်လည်း နားဝေတိမ်တောင် ဖြစ်နေကြောင်းဖြင့် နောက်ဆုံးတွင် သူငယ်ချင်းမများက ပြောကြသည်။ 'သူတို့က အိပ်ရာခင်းပေါ်ကဟာကို တွေ့မှ ယုံတာအေ့' ဟု သူတို့က ပြောကြသည်။ ထို့ပြင် ဆုံးရှုံးသွားသော ရတနာအတွက် ယူကျုံးမရ ဖြစ်ဟန်ဆောင်ရမည် ဖြစ်ကြောင်းဖြင့် အတွေ့အကြုံရှိ မိန်းမတို့၏ မာယာပရိယာယ်တို့ကိုလည်း သင်ကြားပေးလိုက်ကြ၏။ ကြင်စဦး ဇနီးသည်တယောက်၏ ပထမဆုံးသော မနက်ခင်း၌ အိမ်တလင်းပြင် နေရောင်အောက်၌ အပျိုဂုဏ်ရည်တွင် စွန်းထင်းခဲ့သည့် အမှတ်အသားကို ပြနိုင်ရမည်ဟုလည်း ပြောလိုက်ကြသည်။

သူမသည် ထိုအသိဖြင့် လက်ထပ်ခဲ့ခြင်း ဖြစ်၏။ ဘာယာဒို ဆန်ရိုမန်ကမူ အာဏာနှင့် ပိုက်ဆံ တို့ကို ဖိ၍သုံးကာ ပျော်ရွှင်မှုကို ဝယ်ယူမည်ဟူသော စိတ်ကူးဖြင့် လက်ထပ်ခဲ့ခြင်း ဖြစ်သည်။ ထို့ ကြောင့် မင်္ဂလာဆောင်ကို ခမ်းခမ်းနားနား ကျင်းပရန် စိတ်ကူးသည်နှင့်အမျှ သူ့စိတ်ကူးများသည် ပို၍ဆန်းကြယ်လာကာ မင်္ဂလာဆောင်ကို ခမ်းနားသည်ထက် ခမ်းနားအောင် လုပ်မည်ဟု ကြံစည်ထား၏။ သူတို့မြို့သို့ ဘုန်းတော်ကြီး ကြွရောက်မည်ဟု ကြားရသည့်အခါတွင် ဘာယာဒို ဆန်ရိုမန်သည် မင်္ဂလာဆောင်ကို တရက်ရွှေ့ရန် ကြိုးစားသေးသည်။ ဘုန်းတော်ကြီးကိုယ်တိုင် သူတို့ကို လက်ထပ်ပေးနိုင်ရန် ဖြစ်သည်။ သို့ရာတွင် အိန်ဂျလာဗီကာရီယိုက ကန့်ကွက်၏။ 'တကယ်တော့ ကြက်မောက်ကိုဖြတ်၊ ဟင်းချိုလုပ်သောက်ပြီး ကျန်တဲ့ ကြက်တကောင်လုံးကို အမှိုက်ပုံထဲ ပစ်ချတဲ့လူတယောက်က ကောင်းချီးပေးတာမျိုး မခံချင်ဘူးရှင်' ဟု သူမက ကျွန်တော့်ကို ပြောပြသည်။ သို့ရာတွင် ဘုန်းတော်ကြီး၏ ကောင်းချီးမင်္ဂလာ မပါသည့်တိုင် မင်္ဂလာဆောင်သည် ဝက်ဝက်ကွဲ စည်ကားကာ ဘာယာဒို ဆန်ရိုမန်ကိုယ်တိုင်ပင် မထိန်းနိုင် တော့ဘဲ တကယ့် ပွဲတော်ကြီးအဖြစ် အဆုံးသတ်သွားခဲ့သည်။

သူ့မိသားစုဖြစ်သည့် ဗိုလ်ချုပ်ပီထရိုနီယိုဆန်ရိုမန်နှင့် မိသားစုသည် ထိုနေ့က လွှတ်တော် အမှတ်အသားပါသည့် အစိုးရသင်္ဘောကြီးဖြင့် မင်္ဂလာဆောင်သို့ ရောက်လာ၏။ သင်္ဘောကြီးကို မင်္ဂလာဆောင်ပွဲတော် ပြီးသည်အထိ ဆိပ်ကမ်းတွင် ဆိုက်ထားခဲ့သည်။ သူတို့နှင့်အတူ နာမည်ကျော် ပုဂ္ဂိုလ်တွေလည်း အများအပြား ပါလာခဲ့သည်။ သို့တိုင်အောင် လူတွေ များလွန်းသဖြင့် မည်သူမည်ဝါဟု မသဲကွဲပါ။ လက်ဖွဲ့လက်ဆောင်တွေကလည်း များလွန်းလှ သဖြင့် မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ခင်းကျင်းပြသရန်အတွက် မြို့ထဲရှိ လျှပ်စစ်ဓာတ်အားပေး ရုံဟောင်းကြီးကို မွမ်းမံပြင်ဆင်ရသည်။ ကျန်ပစ္စည်းတို့ကို မုဆိုးဖို ဇီးယားစ် နေသွားခဲ့သည့် အိမ်သို့ သယ်သွားရသည်။ သတို့သားမှာ မော်တော်ကားကုမ္ပဏီ တံဆိပ်အောက်တွင် သူ့နာမည် ထွင်းထားသည့် အမိုးဖွင့် မော်တော်ကားကြီးတစီး လက်ဆောင် ရ၏။ သတို့သမီးမှာ ဧည့်သည် ၂၄ ယောက်စာအတွက် ရွှေသားစစ်စစ်ဖြင့် လုပ်သည့် ထမင်းပန်းကန်စုံများပါသော ဗီရိုတလုံး လက်ဆောင်ရသည်။ ထို့ပြင် နာမည်ကျော် ဘဲလေးကဇာတ်အဖွဲ့တဖွဲ့နှင့် ဝေါ့ဇ်တီးဝိုင်း နှစ်ဝိုင်း ကိုလည်း ငှားလာခဲ့ကြသည်။

ဗီကာရီယို မိသားစုမှာ အုတ်နံရံကာ၊ အုန်းလက်မိုးသည့် သာမန် တိုက်အိမ်ကလေးတလုံးတွင် နေကြ၏။ အပေါ်ထပ်တွင် ထပ်ခိုးနှစ်ခုရှိပြီး ဇန်နဝါရီလဆိုလျှင် ပျံလွှားတွေ လာပြီး ဥဥတတ်သည်။ မျက်နှာစာတွေ ပန်းအိုးတွေ အပြည့်ချထားသည့် ဝရန်တာ ကျယ်ကြီးရှိလျက် ဝင်းကျယ်ကြီးထဲတွင် ပြေးလွှားနေသော ကြက်သားအုပ်မများနှင့် သစ်သီးပင်များ ရှိသည်။ နောက်ဖေးဘက်တွင် အမြွာညီအစ်ကို နှစ်ယောက်က ဝက်ခြံတခြံ ဆောက်ထားပြီး အနီးတွင် နတ်စင်နှင့် ဝက်ဖျက်သည့်ခုံ ရှိသည်။ ထိုလုပ်ငန်းသည် အဖေကြီး မျက်စိကွယ်ပြီးသည့်နောက် မိသားစုဝင်ငွေအတွက် အဓိက ရေသောက်မြစ် ဖြစ်သည်။ ပီဒရိုဗီကာရီယိုက ထိုလုပ်ငန်းကို စခဲ့သော်လည်း သူ စစ်ထဲဝင်သွားသည့်အခါတွင် ပက်ဘလိုက သားသတ်လုပ်ငန်းကို ဆက်လုပ် သည်။

အိမ်အတွင်းဘက်တွင်လည်း နေစရာအခန်း များများမရှိပါ။ ထို့ကြောင့် မင်္ဂလာဆောင် ကျင်းပမည်ပြုသည့်အခါတွင် ပွဲကြီးလမ်းကြီး ဖြစ်မည်ကို သိသဖြင့် အစ်မများက ဧည့်သည်များ အတွက် အိမ်တလုံး သတ်သတ်ငှားရသည်။

"မမတို့က ပလေစီဒါလီနာရိုရဲ့အိမ်ကို ငှားဖို့ စိတ်ကူးကြသေးတယ်၊ ဒါပေမဲ့ အဖေတို့၊ အမေတို့က သဘောမတူကြဘူး၊ တို့သမီးတွေ လက်ထပ်ရင် ဝက်ခြံထဲမှာပဲ လက်ထပ်ရမယ်တဲ့၊ ဝက်ခြံထဲမှာ လက်ထပ်ရမှာကို ရှက်တယ်ဆိုရင်တော့ ယောကျ်ားမယူကြနဲ့တော့တဲ့၊ ခေတ်ဟောင်း သီချင်းထဲ ကလိုပေါ့" ဟု အိန်ဂျလာဗီကာရီယိုက ကျွန်တော့်ကို ပြော၏။ သူတို့သည် အိမ်ကို မူလအရောင်အတိုင်း အဝါသုတ်သည်။ တံခါးများကို တပ်သည်။ ကြမ်းများကို

ပြင်ခင်းသည်။ သို့ဖြင့် အိမ်ကြီးကို ခမ်းနားသော မင်္ဂလာဆောင်နှင့် လိုက်အောင် တတ်နိုင်သမျှ ပြင်ဆင်ကြ၏။ အမြွာညီအစ်ကို နှစ်ယောက်က ဝက်များကို အခြားသို့ရွှေ့ထားပြီး ဝက်ခြံကို ထုံးမွမ်း၍ ပိုးသတ်သည်။ သို့တိုင်အောင် ဧည့်ပရိသတ်အတွက် နေရာမဆံ့ပါ။ နောက်ဆုံးတွင် ဘာယာဒို ဆန်ရိုမန်၏ တိုက်တွန်းမှုကြောင့် ခြံစည်းရိုးကို ဖြိုချကာ အိမ်နီးချင်း၏အိမ်ကို ကပွဲကျင်းပရန် ခဏငှားလိုက်ရ၏။ မန်ကျည်းပင်များ အောက်တွင်လည်း မင်္ဂလာဧည့်ပရိသတ်ကို ဧည့်ခံ ကျွေးမွေးရန် ခုံတွေ ချထားရသည်။

မင်္ဂလာဆောင်သည့် မနက်တွင် သတို့သား လုပ်ပုံကြောင့် မမျှော်လင့်သော အဖြစ်အပျက်တခု ပေါ်ပေါက်ခဲ့သည်။ သတို့သားသည် သတို့သမီး အိန်ဂျလာဗီကာရီယိုထံ ရောက်လာရန် ဖြစ်သော် လည်း နှစ်နာရီခန့် နောက်ကျမှ ရောက်လာသည်။ သတို့သမီးကလည်း သူတို့အိမ်ထဲတွင် သတို့သားကို မြင်လိုက်ရမှ မင်္ဂလာအဝတ်အစားကို ဝတ်မည်ဟု တင်းခံသည်။ 'တကယ်လို့ သူ လုံးလုံးမပေါ်လာရင်လည်း ကောင်းသားရှင်၊ ဒီလိုဆိုရင် ကျွန်မ သိပ်ဝမ်းသာမှာပေါ့၊ ဒါပေမဲ့ ကျွန်မက သတို့သမီးအဝတ်အစားတွေ လဲပြီးမှ မပေါ်လာတာမျိုးတော့ အဖြစ်မခံနိုင်ဘူး' ဟု အိန်ဂျလာဗီကာရီယိုက ကျွန်တော့်ကို ပြောပြသည်။ သူမ သတိထားသည်မှာလည်း သဘာဝ ကျပါသည်။ သတို့သမီးဝတ်စုံကြီး ဝတ်ပြီးမှ သတို့သား၏ စွန့်ပစ်ခြင်းကို ခံရသည့် မိန်းမ တယောက်လောက် ရှက်စရာကောင်းသည့် အဖြစ်မျိုး အဘယ်မှာ ရှိမည်နည်း။ တဖက်၌ အိန်ဂျလာဗီကာရီယိုသည် အပျိုမစစ်ဘဲနှင့် သတို့သမီးဝတ်ရုံကို ဝတ်ပြီး လိမ္မော်ပန်းခိုင်များကို ပန်ရဲခြင်းသည် အပျိုစစ်ခြင်း၏ သင်္ကေတကို ဂုဏ်သိက္ခာ ကျအောင်လုပ်ခြင်း ဖြစ်သည်ဟု နောင်တွင် အဓိပ္ပာယ်ကောက်ကြပေလိမ့်မည်။ သူမ၏ တေးထားသော ဖဲချပ်များဖြင့် နောက်ဆုံး အချိန်အထိ ကစားသွားခြင်းကို သတ္တိရှိသည့် အပြုအမူဟု ချီးမွမ်းလက်ခံသူမှာ ကျွန်တော့်အမေ တယောက်သာ ရှိပါလိမ့်မည်။ 'အဲဒီခေတ်တုန်းကတော့ ဘုရားသခင်ကလည်း ဒီလိုကိစ္စတွေကို နားလည်တယ်လေ' ဟု အမေက ကျွန်တော့်ကို ပြောပြ၏။ သို့ရာတွင် ဘာယာဒို ဆန်ရိုမန်သည် မည်သည့်ဖဲချပ်များနှင့် ကစားနေသည်ကို မည်သူမျှ မသိကြသေးပါ။ နောက်ဆုံးတွင် ဖရော့ခ်ကုတ်အင်္ကျီ၊ ဦးထုပ်မြင့်မြင့်နှင့် ပေါ်လာချိန်မှစ၍ သူတဦး ညှဉ်းဆဲခဲ့သူနှင့် ကပွဲမှ ထွက်သွားချိန်အထိ သူသည် ပျော်ရွှင်နေသော သတို့သား၏ ပုံရိပ်စစ်စစ် ဖြစ်နေသည်။

စန်တီယာဂိုနာဆား ဘာဖဲချပ်တွေနှင့် ကစားနေသည် ဆိုသည်ကိုလည်း မသိရပါ။ ကျွန်တော် သည် ဘုရားရှိခိုးကျောင်းမှာတုန်းကရော၊ မင်္ဂလာဧည့်ခံပွဲမှာရော သူနှင့်အတူ တလျှောက်လုံး ရှိနေခဲ့သည်။ ခရစ္စတိုဘီဒိုယာနှင့် ကျွန်တော့်ညီ လူဝီအင်းရစ်တို့လည်း ရှိသည်။ သူ့အမူအရာတွင် ပြောင်းလဲမှု တစုံတရာကိုမျှ ကျွန်တော်တို့ မတွေ့ရပါ။ ထိုအချက်မှု ကျွန်တော် မကြာခဏ ထပ်၍

ပြောဖို့လိုပါသည်။ ကျွန်တော်တို့ ၄ ယောက်သည် ကျောင်းမှာတုန်းကလည်း အတူတူ၊ ကျောင်းပိတ်တော့လည်း တဂိုဏ်းတည်းသားတွေ ဖြစ်ကြပါသည်။ လျှို့ဝှက်ချက်တခု၊ အထူးသဖြင့် ထိုသို့သော လျှို့ဝှက်ချက်ကြီးတခုကို ကျွန်တော်တို့ ၄ ယောက် အချင်းချင်း ဖွင့်မပြောသည်ကို မည်သူမျှ ယုံကြည်မည် မဟုတ်ပါ။

စန်တီယာဂိုနာဆားသည် ဧည့်ခံပွဲလုပ်ရသည်ကို အလွန် ဝါသနာပါသည်။ သူ မသေမီ မင်္ဂလာဆောင်စရိတ်များကိုပင် တွက်ချက်နေခဲ့သေးသည်။ ဘုရားရှိခိုးကျောင်းတွင် ပြင်ဆင် ထားသည့် ပန်းကြွေအဆင်အယင် တခုတည်းပင်လျှင် အကြီးစားအသုဘ ၁၄ ခုစာလောက် စရိတ် ရှိသည်ဟု သူ ခန့်မှန်းပြခဲ့သည်။ သူတွက်ပြသည့် တွက်ကိန်းသည် ကျွန်တော့်ကို နှစ်ပေါင်း များစွာ ခြောက်လှန့်နေခဲ့ပါသည်။ အကြောင်းမှာ ပိတ်လှောင်ထားသည့် ပန်းနံ့များသည် သေခြင်းတရားနှင့် နီးကပ်စွာ ဆက်စပ်ယှက်နွယ်နေသည်ဟု ခံစားရကြောင်းဖြင့် ကျွန်တော့်ကို ပြောဖူးသောကြောင့် ဖြစ်သည်။ ထိုနေ့ကပင် ဘုရားရှိခိုးကျောင်းသို့ အသွားတွင် ထိုစကားကို သူ ပြောခဲ့သေးသည်။ ‘ငါ့အသုဘမှာတော့ ပန်းတွေ ဘာတွေ မထည့်ကြနဲ့၊ ငါ မကြိုက်ဘူး’ ဟု ပြောခဲ့သည်။ နောက်တနေ့ သူ့အသုဘတွင် ပန်းတွေ ရှိမရှိကို ကျွန်တော် ဂရုတစိုက်ကြည့်မည်ဟု သူ နည်းနည်းကလေးမျှ စဉ်းစားမိခဲ့မည် မဟုတ်ပါ။ ဘုရားရှိခိုးကျောင်းမှ ဗီကာရီယိုတို့အိမ်သို့ အသွားတွင်လည်း လမ်းတွင် ဆင်ယင်ထားသည့် ရောင်စုံပန်းကုံးများကိုကြည့်ကာ တွက်ချက် လာခဲ့ပါသည်။ ဂီတဝိုင်းစရိတ်၊ မီးရှူးမီးပန်းစရိတ်နှင့် မင်္ဂလာပရိသတ်ကို ကြဲသည့် ဆန်စိမ်းစေ့ အတွက် ကုန်ကျစရိတ်တို့ကိုပင် ထည့်တွက်လိုက်သေး၏။ နေ့လယ် ငိုက်မျဉ်းချိန်တွင် ကြင်စဦး မောင်နှံတို့က ဝင်းထဲရှိ မင်္ဂလာပရိသတ်ကို လိုက်၍ နှုတ်ဆက်ကြသည်။ ဘာယာဒိုဆန်ရိုမန်သည် ကျွန်တော်တို့၏ မိတ်ဆွေကောင်းကြီး ဖြစ်လာခဲ့သည်။ ထိုခေတ်က အသုံးအနှုန်းအတိုင်း ပြောရလျှင် ‘ပုလင်းတူ ဘူးဆို့’ ဟု ပြောရပေလိမ့်မည်။ သူသည် ကျွန်တော်တို့စားပွဲတွင် တော်တော် ပျော်နေပုံရ၏။ မျက်နှာဖုံးဇာပဝါ မပါ၊ သတို့သမီးပန်းကုံး မပါဘဲ ချွေးစို့ရွှဲနေသည့် ဖဲဝတ်စုံဝတ်ထားသည့် အိန်ဂျလာဗီကာရီယိုသည် ချက်ချင်းလိုပင် အိမ်ထောင်ရှင် အမျိုးသမီး တဦး၏ မျက်နှာမျိုး ပြောင်းသွားသည်။ စန်တီယာဂိုနာဆားက တွက်ချက်ပြီးနောက် ယခုအချိန်ထိ မင်္ဂလာဆောင်စရိတ်မှာ ပီဆို ကိုးထောင်ခန့်ရှိပြီ ဖြစ်ကြောင်းဖြင့် ဘာယာဒို ဆန်ရိုမန်ကို ပြောပြသည်။ အိန်ဂျလာသည် ထိုစကားကြောင့် မျက်နှာပျက်သွား၏။ ‘တခြားလူတွေရှေ့မှာ ငွေရေးကြေးရေးကိစ္စကို ဘယ်တော့မှ မပြောနဲ့လို့ အမေက ကျွန်မကို သင်ခဲ့တယ်’ ဟု သူမက ကျွန်တော့်ကို ပြောပြသည်။ ဘာယာဒိုဆန်ရိုမန်ကမူ ထိုစကားကို သဘောကျရုံမျှမက ဂုဏ်ယူဟန်ပင် ပေါ်နေသေးသည်။

‘အင်း... ဒီလောက်နီးပါးတော့ ရှိလောက်ရောပေါ့၊ ဒါပေမဲ့ ဒါက

အစပဲရှိသေးတယ်လေ၊ ပြီးရင် နှစ်ဆလောက် ဖြစ်လာမှာ' ဟု သူက ပြောသည်။

စန်တီယာဂိုနာဆားက ပြားစေ့အထိ လိုက်တွက်ထားရန် ပြောသည်။ ထို နောက်ဆုံးပြားစေ့အထိ တွက်လောက်အောင်လည်း သက်တမ်းတော့ ရှည်သွားပါသည်။ သူ မသေမီ ၄၅ မိနစ်အလို သဘော်ဆိပ်တွင် ရောက်နေစဉ် ခရစ္စတိုဘီဒိုယာက ကုန်ကျစရိတ် စုစုပေါင်းကို ပြသည့်အခါ၌ ဘာယာဒိုဆန်ရိုမန်၏ ကြိုတင်ခန့်မှန်းချက်သည် မှန်သည်ဟုပင် ပြောသွားခဲ့သေးသည်။

မင်္ဂလာဆောင် အခမ်းအနားနှင့် ပတ်သက်၍ ကျွန်တော့် မှတ်ဉာဏ်သည် မပီမသ ဝိုးတိုးဝါးတား ဖြစ်နေ၏။ ထို့ကြောင့် အခြားသူများ၏ မှတ်ဉာဏ်များမှ တစစီ၊ တစစီ ဆက်စပ်ယူရပါသည်။ ထိုစဉ်က ကျွန်တော့်အဖေသည် ငယ်ငယ်တုန်းက ကိုင်ခဲ့သည့် တယောကလေးကို ကောက်ပြီး ကြင်စဦးဇနီးမောင်နှံတို့ကို တီးခတ်ပြခဲ့သည်။ သီလရှင်ဝတ်နေသည့် ကျွန်တော့်အစ်မပင်လျှင် ဝမ်းသာအားရ ဖြစ်နေသည်။ အမေ၏ဝမ်းကွဲအစ်ကိုဖြစ်သူ ဒေါက်တာ ဒီယိုနီဆိုအီဂွါရန်းသည် နောက်တနေ့တွင် ရောက်လာမည့် ဘုန်းတော်ကြီးကိုပင် မကြိုတော့ဘဲ သူတို့အတွက် အစိုးရ သဘော်ကို စီစဉ်ပေးလိုက်သည်။ ဤမှတ်တမ်းကို ရေးရန် ထိုစဉ်က မြင်လိုက်သူများကို လိုက်လံမေးမြန်းသည့်အခါတွင် အခြားသော အဖြစ်အပျက်ကို ကျွန်တော် သိလာခဲ့ရ၏။ ထိုအထဲတွင် ဘာယာဒိုဆန်ရိုမန်၏ ညီမများအကြောင်းလည်း ပါသည်။ ကျောတွင် လိပ်ပြာတောင်များကို ရွှေရင်ထိုးများဖြင့် ကပ်ထားသည့် ကတ္တီပါဝတ်စုံတို့ကို ဝတ်ထားသော သူ့ညီမများသည် သူတို့အဖေ ဆောင်းထားသည့် ငှက်တောင်စိုက် ဦးထုပ်နှင့် စစ်ဘက် ရွှေတံဆိပ်များထက် ပို၍ အာရုံစိုက်စရာ ဖြစ်နေခဲ့သည်။ ထိုသို့ ရုတ်ရုတ်သဲသဲ ဖြစ်နေစဉ် သူ ကျောင်းပြီးလျှင် လက်ထပ်ဖို့ မာစီးဒီးဘားချားအား ကျွန်တော် ချစ်ရေးဆိုခဲ့သည်ကိုလည်း လူတော်တော်များများ သိခဲ့ကြသည်။ ထိုအကြောင်းများ နောင် ၁၄ နှစ်အကြာ ကျွန်တော်တို့ လက်ထပ်ပြီးသည့်အခါတွင်မှ ကျွန်တော့်ဇနီးက ပြန်ပြောခြင်း ဖြစ်ပါသည်။ ထို စိတ်မချမ်းသာ စရာ တနင်္ဂနွေနေ့က ပုံရိပ်များအနက် ကျွန်တော့်မှတ်ဉာဏ်တွင် အစွဲမြဲဆုံးမှာ သတို့သမီး၏ အဖေအိုကြီး ပွန်ချိုဗီကာရီယို တယောက်တည်း ကွက်လပ်အလယ်တွင် ကုလားထိုင်တလုံးဖြင့် ထိုင်နေသည့်ပုံ ဖြစ်သည်။ ထိုနေရာသည် ဂုဏ်ပြုအပ်သည့်နေရာဟု ယူဆသဖြင့် သူ့ကို ထိုနေရာတွင် နေရာချထားခြင်း ဖြစ်ပုံရ၏ ဧည့်သည်များမှာ သူ့ကို သတို့သမီး၏ အဖေဟု မထင်ဘဲ ခလုတ်တိုက်မတတ် သွားလာနေကြ၏။ ထို့ကြောင့် သူ့ကို ဧည့်သည်ထင်ပြီး တခြားသို့ ရွှေ့ပေးကြသည်။ သူကလည်း မကြာခင်ကမှ မျက်စိကွယ်သွားသောလူများ ထုံးစံ ယောင်နန မျက်နှာလေးဖြင့် နှင်းပွင့်လို ဆွတ်ဆွတ်ဖြူနေသော သူ့ခေါင်းကို အရပ်ရှစ်မျက်နှာသို့ ညွှန်ပြ၏။ သူ့မေးလို့ မေးမှန်းမသိ၊ ကိုယ့်မေးလို့ မေးမှန်းမသိဘဲ ကြားကြားသမျှ လိုက်ဖြေ၏။ သူ့ကို

လက်ပြန့်တ်ဆက်ခြင်းမရှိဘဲ ပြန်၍ လက်ပြန်တ်ဆက်၏။ ဒါ့ပြင် သူသည် မေ့လျော့ခံရခြင်း အဝန်းအဝိုင်းကလေးထဲတွင် ပျော်နေသည်။ သူသည် ကော်တင်ထားသဖြင့် ကတ်ထူပြားကြီးလို မာနေသည့် ရုပ်အင်္ကျီကို ဝတ်ထားပြီး မင်္ဂလာဆောင်တွင် သုံးရန် သူ့အတွက် ဝယ်ပေးထားသည့် ကြိမ်တုတ်ကို ကိုင်ထားသည်။

ထုံးတမ်းစဉ်လာ အခမ်းအနားမှာ ညနေ ၆ နာရီတွင် ပြီးစီးသွားပြီး ဧည့်သည်များလည်း တဖွဲဖွဲ ပြန်ကုန်ကြသည်။ သင်္ဘောမှ မီးတွေ ထိန်ထိန်ဝေကာ ကမ်းမှခွာစပြုသည်။ စန္ဒရားတီးသံ ကလည်း ရောထွေးပေါ်လာ၏။ ကျွန်တော်တို့အားလုံးသည် မရေရာမှု ချောက်ကမ်းပါးကြီး ထဲတွင် ခဏ ကျရောက်သွားကြသည်။ အတန်ကြာမှ တယောက်ကိုတယောက် ပြန်မှတ်မိကာ ပျော်ရွှင်ပွဲ အစုအပေါင်းကြီးထဲသို့ နစ်မြုပ်သွားကြ၏။ တော်တော်ကြာသည့်အခါတွင် ကြင်စဦး ဇနီးမောင်နှံတို့သည် အမိုးဖွင့်ကားဖြင့် ပေါ်လာကာ ရုတ်ရုတ်သဲသဲ လူအုပ်ကြားထဲတွင် ခက်ခက်ခဲခဲ ဖြတ်မောင်းလာခဲ့သည်။ ဘာယာဒိုဆန်ရိုမန်သည် မီးရှူးမီးပန်းလည်း ဖောက်သွား ၏။ လူထုက လှမ်းပေးသော ပုလင်းများထဲမှ ကြံအရက်ကိုလည်း သောက်သွားသည်။ ကမ်ဘီယန်ဘာ အကကို ကသည့်အခါတွင် အိန်ဂျလာဗီကာရီယိုနှင့်အတူ ကားပေါ်မှ ဆင်းလာ သည်။ နောက်ဆုံးတွင် ကျွန်တော်တို့ စိတ်ကြိုက် အားရပါးရ ကရန်ပြောပြီး တခါက မုဆိုးဖို ဇီးယားစ် ပျော်ရွှင်ချမ်းမြေ့ခဲ့သည့် သူ့အိပ်မက် စံအိမ်ကြီးဆီသို့ ကြောက်လန့်နေသော သူ့ဇနီးကို ခေါ်သွားခဲ့သည်။

ညသန်းခေါင်လောက် ရောက်သည့်အခါတွင် လူထုများ၏ ပျော်ရွှင်ပွဲများမှာ အစိတ်စိတ် အပိုင်းပိုင်း ကွဲသွားလေပြီ။ ကွက်လပ်တဖက်ရှိ ကလိုတီလ်ဒါ အာမင်တာ၏ စတိုးဆိုင်တဆိုင်သာ ကျန်တော့သည်။ စန်တီယာဂိုနာဆားနှင့် ကျွန်တော်သည် ကျွန်တော့်ညီ လူဝီအင်းရစ်၊ ခရစ္စတို ဘီဒိုယာတို့နှင့်အတူ မာရီယာဆာဗင်းတီး၏ အပျော်အိမ်သို့ သွားကြသည်။ အခြားသူများအပြင် ဗီကာရီယို အမြွှာညီနောင်တို့ကိုလည်း တွေ့ရ၏။ သူတို့သည် ကျွန်တော်တို့နှင့်အတူ အရက် သောက်ပြီး စန်တီယာဂိုနာဆားကို မသတ်မီ ၅ နာရီခန့်အလိုတွင် သူနှင့်အတူ သီချင်းဆိုနေကြ သေးသည်။ မူလ ပျော်ရွှင်ပွဲမှ လွင့်လာသည့် မီးခဲကလေးများသည် မငြိမ်းသေးဘဲ ကျန်နေသေး ဟန် တူသည်။ အဝေးမှ ဂီတလှိုင်းသံ၊ ရန်ဖြစ်သံတို့ကို ကြားနေရသောကြောင့် ဖြစ်သည်။ သို့ဖြင့် တဖြည်းဖြည်း ဝမ်းနည်းစရာ ကောင်းသည်ထက် ကောင်းလာခဲ့ရာ နောက်ဆုံး ဘုန်းတော်ကြီး၏ သင်္ဘောမှ ဥသြသံကို ကြားရတော့မှ ထိုအသံများ တိတ်ဆိတ်သွားကြသည်။

ပူရာဗီကာရီယို (အိန်ဂျလာ၏အမေ) က ကျွန်တော့်အမေကို ပြောပြရာ၌

သမီးများက သူ့ကို အဝတ်အစား လဲပေးပြီးနောက် ညဉ့် ၁၁ နာရီတွင် အိပ်ရာသို့ဝင်ခဲ့သည်ဟုဆိုသည်။ ကွက်လပ်မှ အမူးသမားတို့ သီချင်းဆိုနေကြဆဲ။ ည ၁၀ နာရီလောက်တွင် အိန်ဂျလာ ဗီကာရီယိုသည် သူ့အိပ်ခန်းထဲရှိ ဗီရိုထဲတွင် ထားခဲ့သည့် အသုံးအဆောင်ထည့်သည့် လက်ဆွဲအိတ်ကလေးကို အယူခိုင်းလိုက်သည်။ နေ့စဉ်အဝတ်အစားများ ထည့်သည့် သေတ္တာကိုလည်း မှာလိုက်၏။ လာယူသူမှာ ပျာယီးပျာယာဖြစ်၏။ ပူရာဗီကာရီယိုသည် အိပ်မောကျသွားစဉ် တံခါးခေါက်သံ ပေါ်လာသည်။

'တံခါးခေါက်သံက ဖြည်းဖြည်းကလေးရယ်၊ သုံးချက်ခေါက်တာ၊ ဒါပေမဲ့ အဲဒီတံခါးခေါက်သံက တမျိုးကြီးပဲ၊ အမင်္ဂလာ သတင်းယူလာတဲ့ ခေါက်သံမျိုး' ဟု သူမက ကျွန်တော့်အမေကို ပြော ပြသည်။

သူမက ပြောပြရာ၌ သူမသည် အခြားသူများနိုးမည် စိုးသဖြင့် မီးမဖွင့်ဘဲ တံခါးကို ဖွင့်ပေးလိုက် သည်။ လမ်းမမှ ဖြာကျနေသော မီးရောင်အောက်တွင် ဘာယာဒိုဆန်ရိုမန်ကို တွေ့ရ၏။ သူ့ပိုးရှပ်အင်္ကျီမှာ ရင်ဘတ်ဟပြဲဖြစ်နေပြီး ဘောင်းဘီကို သားရေကြိုးဖြင့် စည်းထားသည်။

'သူ့ကြည့်ရတာ အိပ်မက်ထဲက အစိမ်းရောင်တွေ ဆိုးထားသလိုပဲ' ဟု ပူရာဗီကာရီယိုက ကျွန်တော့်အမေကို ပြောပြသည်။ အိန်ဂျလာဗီကာရီယိုမှာ မှောင်ရိပ်ထဲတွင် ရောက်နေ၏။ ဘာယာဒို ဆန်ရိုမန်က အလင်းရောင်ထဲသို့ လက်ဆွဲခေါ်လာတော့မှ သူမကို တွေ့ရခြင်း ဖြစ်သည်။ သူမ ဝတ်ထားသည့် ဖဲဝတ်စုံမှာ အစိတ်စိတ် အမြွာမြွာ စုတ်ပြတ်လျက်ရှိသဖြင့် ခါးကို မျက်နှာသုတ်ပဝါတထည်ဖြင့် ပတ်ထားသည်။ သူတို့နှစ်ယောက်စလုံး ကားမှောက်ကာ နွံထဲသို့ ကျသေသွားပြီလားဟု ပူရာဗီကာရီယို ထင်လိုက်သည်။

'မယ်တော်မာရီ... ကယ်ပါ၊ နင်တို့တတွေ အသက်မှ ရှိကြသေးရဲ့လားဟင်' ဟု သူမက အထိတ်တလန့် အော်မိသည်။

ဘာယာဒိုဆန်ရိုမန်သည် စကားတလုံးမှ မပြောဘဲ သူ့ဇနီးကိုသာ အိမ်ထဲသို့ တွန်းပို့လိုက်သည်။ သူကတော့ မဝင်ပေ။ ထို့နောက် ပူရာဗီကာရီယို၏ ပါးကို တချက်နမ်းကာ အလွန်လေးနက်၍ စိတ်ပျက်လက်ပျက်ဖြစ်သော်လည်း အလွန်ကြင်နာသည့် အသံဖြင့် 'အားလုံးအတွက် ကျေးဇူး တင်ပါတယ် အမေ၊ အမေဟာ တကယ့် သူတော်ကောင်းမကြီးပါ' ဟု ပြောသည်။

နောက် နှစ်နာရီအတွင်း သူမ ဘာလုပ်သည်ဆိုသည်ကို ပူရာ ဗီကာရီယို တယောက်တည်းသာ သိသည်။ သူမသည် ထိုလျှို့ဝှက်ချက်ကို သင်္ချိုင်းအထိ သယ်သွားခဲ့ပါသည်။

'ကျွန်မ မှတ်မိတာ တခုပဲ ရှိတယ်၊ အဲဒါကတော့ အမေက လက်တဖက်နဲ့ ကျွန်မဆံပင်ကို ဆွဲပြီး လက်တဖက်နဲ့ ကျွန်မပါးကို အားရပါးရ ရိုက်နေတာပဲ၊ အသေတောင် သတ်လိမ့်မယ်လို့ ထင်မိတယ်' ဟု အိန်ဂျလာဗီကာရီယိုက ကျွန်တော့်ကို ပြောပြ၏။ သို့တိုင်အောင် ပူရာဗီကာရီယို သည် ကြိတ်၍လုပ်သဖြင့် အခြားအခန်းများတွင် အိပ်နေကြသည့် အဖေနှင့် သမီးများမှာ ထိုကိစ္စတွေ အားလုံး ပြီးသွားချိန် နောက်တနေ့ မနက်ကျမှ သိရတော့သည်။

အမြွှာညီအစ်ကို နှစ်ယောက်သည် အမေက အရေးတကြီး ခေါ်သဖြင့် မနက် ၃ နာရီ မထိုးမီ ကလေးတွင် အိမ်သို့ ပြန်ရောက်လာခဲ့ကြသည်။ အိန်ဂျလာဗီကာရီယိုမှာ ထမင်းစားခန်း ထိုင်ခုံပေါ်တွင် မှောက်လျက်ဖြစ်နေသည်ကို တွေ့ရ၏။ သူ့မျက်နှာတခုလုံးမှာ စုတ်ပြဲဖူးယောင် လျက် ရှိသည်။ သို့ရာတွင် ငိုတော့ မငိုပေ။

'ကျွန်မ မကြောက်တော့ဘူး၊ သေချင်စိတ်လည်း မရှိတော့ဘူး၊ ကျွန်မစိတ်ထဲမှာ ဒါတွေ မြန်မြန် ပြီးသွားပြီး သစ်တုံးကြီးလို အိပ်ပျော်သွားချင်တဲ့စိတ်ပဲ ရှိတော့တယ်' ဟု သူမက ကျွန်တော့်ကို ပြောပြ၏။ အမြွှာညီအစ်ကို နှစ်ယောက်အနက် ပို၍ စိတ်ကြီးသည့် ပီဒရိုဗီကာရီယိုက သူမကို ခါးမှဆွဲထူလိုက်ကာ ထမင်းစားခန်း စားပွဲပေါ်တွင် တင်လိုက်သည်။

'ဒီမှာ ... ကောင်မ၊ ဘယ်သူ့ကြောင့်လဲ... ပြော' ဟု ဒေါသဖြင့် တုန်ယင်စွာ မေးသည်။

သူမသည် နာမည်ကို ထုတ်ပြောရန် လိုအပ်သည့်အချိန်ကိုသာ ယူသည်။ သူမသည် အမှောင်ထဲတွင် ရှိနေသည့် နာမည်များကို လိုက်ရှာသည်။ ဤကမ္ဘာနှင့် အခြားသောကမ္ဘာမှ ရှုပ်ထွေးလှသော နာမည်များစွာ .. များစွာတို့အနက်မှ နာမည်တခုကို ချက်ချင်း တွေ့လိုက်၏။ ဝါကျ အမြဲရေးထားသည့် သေတမ်းစာကို ပိုင်ဆိုင်ခြင်း မရှိသည့် လိပ်ပြာတကောင်ကို ကပ်လိုက် သလို သူမသည် ချိန်ရွယ်ထားသော မြားချက်ဖြင့် ထိုအမည်ကို နံရံတွင် ကပ်ရိုက်လိုက်သည်။

"စန်တီယာဂိုနာဆားရယ်..."

သူမက ပြောသည်။

* * * * *

ယခုကိစ္စမှာ ဂုဏ်သိက္ခာကို နည်းလမ်းတကျ ကာကွယ်ခြင်း ဖြစ်သဖြင့် သေမှုသေခင်းသာ ဖြစ်သည်ဟု တရားခံရှေ့နေကြီးက လျှောက်လဲသည်။ တရားရုံးတော်ကလည်း သူ့လျှောက်လဲချက်ကို လက်ခံသည်။ အမှုစစ်ဆေးအပြီးတွင်

အမြွာညီအစ်ကို နှစ်ယောက်တို့က ယခုကိစ္စမျိုးသာဆိုလျှင် နောင်တွင်လည်း အကြိမ်ပေါင်း တထောင်မက ကျူးလွန်ဦးမည်ဟု ဆိုကြသည်။ ရာဇဝတ်မှု ကျူးလွန်ပြီး မိနစ်အနည်းငယ်အကြာတွင် ဘုရားရှိခိုးကျောင်းသို့ လာရောက် အပ်နှံရာတွင်လည်း ညီအစ်ကို နှစ်ယောက်တို့က ထိုအတိုင်းပင် ပြောခဲ့ကြ၏။ သူတို့နှစ်ယောက်သည် နောက်မှ စိတ်ဆိုးနေသည့် အာရပ်လူမျိုးတအုပ် လိုက်လာသဖြင့် ဘုရားရှိခိုးကျောင်းထဲ အမောတကောဖြင့် ပြေးဝင်လာခဲ့ကြပြီးနောက် ဓားသွားဆေးထားသည့် ဓားမြှောင်များကို ဘုန်းတော်ကြီး အာမာဒို၏ စားပွဲပေါ်သို့ တင်လိုက်ကြသည်။ နှစ်ယောက်စလုံး မှာ ရိုင်းပျကြမ်းကြုတ်ကာ လူသတ်လုပ်ငန်းကြောင့် ပင်ပန်းအားကုန်နေကြပြီး အဝတ်အစား များနှင့် လက်နက်များမှာ စို့ရွှဲလျက်ရှိကာ မျက်နှာများမှာ ချွေးသီးချွေးပေါက်များ၊ သွေးစက် များဖြင့် ပေကျံစွန်းထင်းနေကြသည်။ သို့ရာတွင် ဘုန်းတော်ကြီးကမူ သူတို့နှစ်ယောက် လာ၍ သူတို့ကိုယ်သူတို့ အပ်နှံခြင်းမှာ အလွန်ဣန္ဒြေရှိသည့် အပြုအမူဟု နောင်တွင် ပြောပြ၏။

'တပည့်တော်တို့ ဖြောင့်သတ်လာခဲ့တာ ဘုရား၊ ဒါပေမဲ့ တပည့်တော်တို့မှာ အပြစ်မရှိပါဘူး' ဟု ပီဒရိုဗီကာရီယိုက ပြော၏။ 'ဘုရားရှေ့တော်မှာတော့ အပြစ်မရှိပေဘူးပေါ့' ဟု ဘုန်းတော်ကြီး အာမာဒိုက ဆိုသည်။

"ဘုရားရှေ့မှာလည်း အပြစ်မရှိဘူး၊ လူတွေ ရှေ့မှာလည်း အပြစ်မရှိဘူး ဘုရား၊ ဂုဏ်သိက္ခာ ပြဿနာပါ"

နောင်တွင် အချက်အလက်များကို ပြန်လည်ဆက်စပ် ထူထောင်သောအခါ၌ သူတို့နှစ်ယောက်၏ ပုံသဏ္ဍာန်သည် လိုသည်ထက် ပို၍ ခွင့်မလွှတ်နိုင်သော သွေးဆာမှုကို ဖော်ပြနေသယောင် ထင်ရ၏။ ဓားမြှောင်စိုက်ချက်များကြောင့် သစ်သားစတွေ အဖွာဖွာ ကြဲနေသဖြင့် ပလေစီဒါလီနာရို၏ အိမ်တံခါးမကြီးကို အရပ်က ငွေကောက်ပြီး ပြင်ပေးရပုံကို ထောက်လျှင် သူတို့ညီအစ်ကိုနှစ်ယောက် မည်မျှ သွေးဆာနေကြောင်းကို သိနိုင်သည်။ အမှုအတွင်း အာမခံ မရသဖြင့် ရီယိုဟာချာ အကျဉ်းထောင်ကြီးထဲတွင် ၃ နှစ်မျှ နေခဲ့ရစဉ် သူတို့၏ ကောင်းမွန်သော အကျင့်စာရိတ္တနှင့် အပေါင်းအသင်း ဆံ့မှုကို နှစ်ကြီးအကျဉ်းသားများ အားလုံးကပင် သတိတရ ဖြစ်နေကြသည်။ သို့ရာတွင် ညီအစ်ကိုနှစ်ယောက် စလုံးတွင် နောင်တ သံဝေဂရသည့်သဘော ကိုမူ တစိုးတစိမျှ သူတို့ မတွေ့ရပေ။ သို့တိုင်အောင် ဗီကာရီယို အမြွာညီအစ်ကို နှစ်ယောက်စလုံး သည် စန်တီယာဂိုနာဆာအား ချက်ချင်း တိုက်တဆိုက် လိုက်သတ်ရန် ကြံရွယ်ချက်မျိုး ရှိဟန်မတူဘဲ မသတ်ရန် ဝင်တားမည့်သူ တဦးဦးကို တွေ့ချင်နေသည့်ပုံမျိုး ပေါ်နေသည်။ သို့ရာတွင် သူတို့နှစ်ယောက်သည် ထိုလူမျိုးကို မတွေ့ခဲ့ကြပါ။

နောင် နှစ်ပေါင်းများစွာ ကြာသည့်အခါတွင် ကျွန်တော့်ကို ပြန်ပြောသည့်

သူတို့စကားများအရ ထိုညက သူတို့သည် မာရီယာ ဆာဗင်းတီး၏ အပျော်အိမ်သို့ သွားကာ စန်တီယာဂိုနာဆားအား လိုက်ရှာခဲ့ကြသည်။ ထိုအိမ်တွင် သူနှင့်အတူ ညနာရီပြန်နှစ်ချက်အထိ ရှိနေခဲ့ကြသည်ဟု ဆိုသည်။ အခြားသော အချက်အလက်များကဲ့သို့ပင် ထိုအချက်ကိုလည်း ထွက်ချက်ထဲ ဖော်ပြထားခြင်း မရှိပါ။ အမှန်အားဖြင့် သူတို့ လိုက်ရှာသည်ဟု ပြောသည့်အချိန်၌ စန်တီယာဂိုနာဆားသည် နေရာတွင် မရှိတော့ပါ။ ထိုအချိန်၌ ကျွန်တော်တို့တတွေမှာ လမ်းမတွင် လျှောက်ပြီး သီချင်းဆိုနေကြပါသည်။ သို့ရာတွင် မည်သို့ဆိုစေ သူတို့ထွက်သွားပြီဆိုသည်မှာ မသေချာပါ။ 'ဘယ်ကလာပြီး သူတို့ ထွက်သွားရမှာလဲ၊ သူတို့ ဒီမှာ တချိန်လုံး ရှိနေတယ်' မာရီယာဆာဗင်းတီးက ပြောသည်။ သူ့ကို ကျွန်တော် ကောင်းကောင်းသိသည့်အလျောက် သူ့စကားကို ကျွန်တော် သံသယ မဖြစ်ပါ။ အမှန်ကတော့ သူတို့သည် ကလိုတီလ်ဒါအာမင်တာ၏ ဆိုင်သို့သွားပြီး သူ့ကို စောင့်နေခဲ့ကြပါသည်။ ထိုနေရာသို့ စန်တီယာဂိုနာဆားမှအပ လူတိုင်း လာကြသည်ကို သူတို့ သိပြီးသား ဖြစ်ပါသည်။

'ဖွင့်ထားတဲ့ဆိုင်ဆိုလို့ သူ့ဆိုင်တဆိုင်ပဲ ရှိတော့တယ်' ဟု သူတို့က ရဲထံတွင် အစစ်ခံသည်။ 'ဘယ်နည်းနဲ့မဆို ဒီငနဲ ဒီကိုတော့ ရောက်လာမှာပဲလို့ ကျွန်တော်တို့တွက်တာပေါ့' ဟု နောင်တွင် ရုံးတော်က တရားသေ လွှတ်လိုက်သည့်အခါတွင် ကျွန်တော်တို့ကို ပြောပြ၏။

သို့တိုင်အောင် ပလေစီဒါလီနာရို၏ အိမ်တံခါးမကြီးမှာ နေ့အချိန်ပင်လျှင် အတွင်းက ပိတ်ထားပြီး နောက်ဖေးတံခါးသော့ကို စန်တီယာဂိုနာဆား အမြဲယူသွားကြောင်းကို အားလုံးသိပြီး ဖြစ်ပါသည်။ ဗီကာရီယို အမြွှာညီအစ်ကိုက အိမ်ရှေ့ပေါက်မှ တနာရီလောက် ထိုင်စောင့်နေစဉ် စန်တီယာဂိုနာဆားသည် နောက်ဖေးပေါက်မှ ဝင်သွားခဲ့ခြင်း ဖြစ်သည်။ နောင် အတန်ကြာသည့် အခါတွင် ဘုန်းတော်ကြီးကို သွားကြိုရန် ကွက်လပ်သို့ ထိုတံခါးမှ ပြန်ထွက်လာခဲ့သည်ဆိုလျှင် ထို ကြိုတင်မမြင်နိုင်သော အကြောင်းကြောင့်ပင်လျှင် တိုင်ချက်ဖွင့်နိုင်သည့် ရဲအရာရှိသည် အမှုသွား အမှုလာကို နားမလည် နိုင်ခြင်း ဖြစ်သည်။

ထိုမျှလောက် ကြိုသိနေသော လူသတ်မှုဆို၍ တခုမျှ မရှိသေး။ သူတို့ညီမက သူတို့နှစ်ယောက် အား နာမည်ကို ထုတ်ပြောပြီးသည့်နောက်တွင် ဗီကာရီယို အမြွှာညီအစ်ကို နှစ်ယောက်တို့သည် ယဇ်ပူဇော်သည့် ပစ္စည်းကိရိယာများကို သိမ်းထားရာ ဝက်ခြံထဲသို့ ဆင်းလာခဲ့ကာ အကောင်းဆုံး ဓားနှစ်ချောင်းကို ယူလာခဲ့ကြသည်။ ဓားတချောင်းမှာ အလျား ၁၀ လက်မ၊ ဖြက်၂ လက်မခွဲ ရှိသည့် ဝက်သတ်ဓားဖြစ်ပြီး နောက်တချောင်းမှာ အလျား ၇ လက်မ ဖြက် တလက်မခွဲရှိသည့် ဝက်ဖျက်ဓား ဖြစ်သည်။ သူတို့သည် ဓားနှစ်ချောင်းကို အဝတ်စုတ်ဖြင့်ပတ်ကာ ဆိုင်အချို့ စတင်ဖွင့်လှစ်နေသည့် သားဈေးသို့ သွေးရန်

ယူလာခဲ့ကြ၏။ စောသေးသဖြင့် ဈေးဝယ်သူ သိပ်မရှိသော်လည်း သူတို့ပြောသည့် စကားများအားလုံးကို ကြားကြောင်း လူပေါင်း ၂၂ ယောက် တို့က ထွက်ဆိုခဲ့ကြသည်။ ညီအစ်ကိုနှစ်ယောက်က ထိုစကားများကို ပြောခြင်းမှာ သူတို့စကား ကို တယောက်ယောက်ကြားအောင် တမင်ပြောခြင်း ဖြစ်သည်ဟု သူတို့အားလုံးလောက်က တထပ်တည်း ယူဆကြသည်။ ဝက်သားသည် မိတ်ဆွေတဦးဖြစ်သူ ဖော်စတီနိုဆန်တိုသည် သူ့ဆိုင်ကို ဖွင့်နေစဉ် မနက် ၃ နာရီ၊ မိနစ် ၂၀ ၌ သူတို့ဝင်လာသည်ကို မြင်လိုက်၏။ တနင်္လာနေ့ မနက်အစောကြီးတွင် မင်္ဂလာဆောင်သွားသည့် ပွဲသွားဝတ်စုံများဖြင့် ဘာကြောင့် အသားဈေးသို့ ရောက်လာသည်ကို သူ နားမလည်နိုင်အောင် ဖြစ်နေသည်။ သူသည် အမြွှာညီအစ်ကိုနှင့် သောကြာနေ့များတွင် တွေ့နေကျဖြစ်သည်။ သို့ရာတွင် အတန်ကြာသည့်အခါ သားသတ်ရာတွင် ဝတ်သည့် သားရေ စည်းပြားများကို ဝတ်ထားကြသည်။

“သူတို့ကြည့်ရတာ တော်တော် အရက်မူးနေတဲ့ပုံပဲ”

ဖော်စတီနိုဆန်တိုက ကျွန်တော့်ကို ပြောပြသည်။

“ဘယ်အချိန်မှန်းလဲ မသိဘူး၊ ဘယ်ရက်မှန်းလဲ မသိဘူး”

သူက တနင်္လာနေ့ဖြစ်ကြောင်း သူတို့ကို သတိပေးသည်။

“ဟကောင်ရ..၊ တနင်္လာနေ့မှန်းတော့ လူတိုင်း သိတာပေါ့ကွ၊ တို့က ဓားလာသွေးတာ” ဟု ပက်ဘလိုဗီကာရီယိုက ရယ်ရယ်မောမောဖြင့် ပြောသည်။

သူတို့နှစ်ယောက် ဓားသွေးကျောက်ပေါ်တင်ပြီး ဓားသွေးကြသည်။ ဤသည်မှာ သူတို့လုပ်နေကျ။ ပီဒရိုက ဓားသွားကို ကိုင်ပေးသည်။ ပက်ဘလိုက ဓားသွေးကျောက် လက်ကိုင်ကို လှည့်ပေး၏။ ဓားသွေးရင်းကလည်း မင်္ဂလာဆောင် ခမ်းနားကြီးကျယ်ကြောင်းကို အခြား သားသတ်သမားများနှင့် ပြောနေကြသည်။ အချို့က သူတို့ ကိတ်မုန့်မစားလိုက် ရကြောင်း ပြောသည်တွင် လုပ်ဖော်ကိုင်ဖက်ချင်း ဖြစ်သည့်တိုင် ပို့ပေးမည်ဟု ကတိပေးသွားကြ ၏။ နောက်ဆုံး ဓားများကို ကျောက်ပေါ်တင်သွေးပြီးနောက် ပက်ဘလိုက သူ့ဓားကို မှန်အိမ်ဘေးတွင် ချလိုက်သည်။ သံမဏိဓားသွားသည် မီးရောင်တွင် လက်နေ၏။

‘ငါတို့ စန်တီယာဂိုနာဆားကို သွားသတ်မလို့’ ဟု သူက ပြောသည်။

သူတို့ညီအစ်ကို နှစ်ယောက်စလုံးမှာ လူကောင်းသူကောင်းများ ဖြစ်သည်ဟု သိနေကြသည့် အတွက် မည်သူကမျှ အလေးအနက် မထားကြ။

‘မူးလို့ ပြောနေတာပဲ ထင်တာပေါ့’ ဟု သားသတ်သမား များစွာက

ထွက်ဆိုကြသည်။ ဗစ်တိုးရီးယားဂုဇ်မန်းကရော သူတို့ကို နောက်ပိုင်း တွေ့ခဲ့ရသည့် အခြားသူများကပါ ထိုအတိုင်းပင် ထွက်ဆိုကြသည်။ သားထိုးသည့်အလုပ်သည် လူတယောက်ကို သတ်ရဲ ဖြတ်ရဲ၊ သတ်ချင်ဖြတ်ချင်စိတ်ကို အလွယ်တကူ ဖြစ်ပေါ်စေသလားဟု နောင်တွင် သားသတ်သမား များကို ကျွန်တော် မေးကြည့်သည့်အခါတွင် သူတို့က ငြင်းသည်။

'နွားကလေးတကောင်ကို သတ်ရင် အဲဒီနွားရဲ့မျက်လုံးကိုတောင် မကြည့်ရဲဘူးဗျ' ဟု သူတို့က ပြောကြ၏။ တယောက်ကမူ သူသတ်သည့် တိရစ္ဆာန်၏အသားကို စား၍မရဟု ကျွန်တော့်ကို ပြောသည်။ အခြားတယောက်က ကိုယ်သိဖူးသော နွားတကောင်ကို မသတ်ရဲကြောင်း၊ ကိုယ်သောက်ဖူးသော နွားနို့ကိုပေးသည့် နွားမဆိုလျှင် ဆိုစရာ မရှိတော့ကြောင်းဖြင့် ပြောပြ၏။ ဤတွင် ကျွန်တော်က ဗီကာရီယို အမြွာညီအစ်ကိုသည် သူတို့ မွေးလာခဲ့သည့် ဝက်ကလေး များကို သတ်၍ နတ်တင်ကြောင်း၊ ဝက်ကလေးများမှာ သူတို့နှင့် ရင်းနှီးနေသည့်အတွက် နာမည်ပေး၍ပင်ထားကြောင်းဖြင့် ကျွန်တော်က သူတို့ကို ထောက်ပြသည်။

'နာမည်ပေးထားတယ် ဆိုတာကတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဝက်ကလေးတွေကို လူနာမည် မပေးဘူးဗျ၊ ပန်းနာမည်တွေပဲ ပေးထားတာ' ဟု သူတို့ထဲမှ တယောက်က ပြောသည်။

ပက်ဘလိုဗီကာရီယို၏ ခြိမ်းခြောက်မှုထဲတွင် အမှန် တစိတ်တပိုင်းပါသည် ဆိုသည့်အချက်ကို သတိပြုမိသူမှာ ဖော်စတီနို တယောက်သာလျှင် ရှိသည်။ သူက လောကတွင် သေဖို့ကောင်းသည့် လူချမ်းသာတွေ အများကြီးရှိပါလျက် ဘာကြောင့် စန်တီယာဂိုနာဆားကို သတ်ရမည်နည်းဟု နောက်ပြောင်၍ မေးလိုက်သေးသည်။

'ဘာကြောင့်လဲဆိုတာ သူ သိပါတယ်ကွာ' ဟု ပီဒရိုဗီကာရီယိုက ဖြေသည်။

ဖော်စတီနိုဆန်တိုက သူ့စိတ်ထဲတွင် သံသယဖြစ်နေကြောင်း၊ ထို့ကြောင့် မြို့တော်ဝန် မနက်စာ အတွက် ဝက်သည်းတပေါင် လာဝယ်သည့် ရဲတယောက်ထံ ထိုအကြောင်းကို သတင်းပို့ခဲ့ ကြောင်းဖြင့် ကျွန်တော့်ကို ပြောပြ၏။ တိုင်ချက်အလိုအရ ထိုရဲသားမှာ လီယန်ဒရိုပေါ်နွိုင်း ဖြစ်ပြီး နောက်နှစ် လွတ်လပ်ရေးပွဲတော်တွင် ကျွဲရိုင်းတကောင် အဆွေ့ ခံလိုက်ရသဖြင့် သေဆုံး သွားသောကြောင့် သူ့ကိုတော့ ကျွန်တော် မမေးလိုက်ရပါ။ သို့ရာတွင် ဗီကာရီယို အမြွာညီအစ်ကို နှစ်ယောက်တို့ သူ့ဆိုင်ထဲတွင် ထိုင်စောင့်နေစဉ် ပထမဆုံး ရောက်လာသူမှာ ထိုရဲသားဖြစ်သည် ဟု ကလိုတီလ်ဒါ အာမင်တာက အတည်ပြုပေးပါသည်။

ကလိုတီလ်ဒါအာမင်တာသည် သူ့ယောက်ျားနေရာတွင်

အစားဝင်ရောင်းခါစ ဖြစ်၏။ ယင်းမှာ သူတို့ထုံးစံ ဖြစ်သည်။ သူတို့ဆိုင်သည် မနက်ပိုင်းတွင် နွားနို့ရောင်းပြီး နေ့လယ်ပိုင်းတွင် စားသောက်ဖွယ် ကုန်စုံပစ္စည်းရောင်းကာ ညနေ ၆ နာရီကျော်သည်နှင့် အရက်ရောင်း၏။ သူတို့ ဆိုင်ဖွင့်ချိန်မှာ မနက် ၃ နာရီခွဲ ဖြစ်သည်။ သဘောကောင်းသည့် သူ့ယောက်ျား ဒွန်ရိုဂျယ်လီယို ဒီလာဖလိုးသည် အရက်စရောင်းချိန်မှ ဆိုင်ပိတ်ချိန်အထိ ဆိုင်ထိုင်သည်။ သို့ရာတွင် ထိုနေ့ည ကမူ မင်္ဂလာဆောင် ပျော်ပွဲရွှင်ပွဲမှ ပြန်လာသူတွေ တဖွဲဖွဲ လာနေကြသဖြင့် ဆိုင်မပိတ်ရတော့ဘဲ မနက် ၃ နာရီကျမှ အိပ်ရာသို့ ဝင်ခဲ့ရသည်။ ကလိုတီလ်ဒါအာမင်တာမှာလည်း ဘုန်းတော်ကြီး သင်္ဘောမဆိုက်မီ ဆိုင်ပိတ်ချင်သဖြင့် ခါတိုင်းထက်စောပြီး အိပ်ရာမှ ထသည်။

ဗီကာရီယို အမြွှာညီအစ်ကိုသည် ၄ နာရီ ၁၀ မိနစ်တွင် ဆိုင်သို့ ရောက်လာ၏။ ထိုအချိန်မှာ စားစရာများကိုသာ ရောင်းချိန် ဖြစ်သော်လည်း ကလိုတီလ်ဒါအာမင်တာက သူတို့ကို ကြံအရက် တလုံး ထုတ်ရောင်းလိုက်သည်။ သူတို့နှစ်ယောက်ကို ခင်မင်လေးစားပြီးသား ဖြစ်သောကြောင့် သာကမ သူ့အတွက် မင်္ဂလာကိတ်မုန့် အကောင်းစားတလုံးလည်း ပို့လိုက်သောကြောင့် ဖြစ်၏။ ညီအစ်ကို နှစ်ယောက်သည် ပုလင်းတလုံးစီကို နှစ်မော့စီသာ မော့လိုက်ကြသည်။ သို့ရာတွင် တချက်ကလေးမျှ ဣန္ဒြေမပျက်။

'သူတို့နှစ်ယောက်က ထူပူနေကြတော့ ဘာမှဖြစ်ပုံမရဘူး၊ ရေနံဆီတွေ သောက်ရင်တောင် မူးမှာမဟုတ်ဘူး' ဟု ကလိုတီလ်ဒါ အာမင်တာက ကျွန်တော့်ကို ပြောပြသည်။ ထို့နောက် သူတို့သည် ချည်ထည် အပေါ်အင်္ကျီများကို ချွတ်၍ ကုလားထိုင်နောက်မှီတွင် သေချာစွာချိတ်ပြီး နောက်တပုလင်းပေးရန် ပြောကြသည်။ သူတို့ ရှပ်အင်္ကျီများမှာ ခြောက်နေသော ချွေးများဖြင့် ညစ်ပတ်လျက်ရှိပြီး တနေ့စာ မုတ်ဆိတ်များကြောင့် တောသားလူရိုင်းများနှင့် တူနေကြသည်။ ဒုတိယပုလင်းကို သူတို့နှစ်ယောက် ခပ်ဖြည်းဖြည်း သောက်ကြရင်း လမ်းတဖက် မျက်နှာချင်း ဆိုင်ရှိ ပလေစီဒါလီနာရို၏ အိမ်ကို ကြည့်နေကြသည်။ အိမ်ပြတင်းပေါက်များမှာ မှောင်လျက် ရှိ၏။ လသာဆောင်ဘက်ရှိ အကြီးဆုံး ပြတင်းပေါက်မှာ စန်တီယာဂိုနာဆာ၏ အိပ်ခန်းမှ ပြတင်းပေါက် ဖြစ်သည်။ ပြတင်းပေါက်မှ အလင်းရောင် မြင်ရသလားဟု ပီဒရိုဗီကာရီယိုက ကလိုတီလ် ဒါအာမင်တာကို မေးရာ သူမက မမြင်ရကြောင်း ဖြေသည်။ သို့ရာတွင် ထိုပြတင်းပေါက်ကို စိတ်ဝင်စားနေပုံမှာ တော်တော်ထူးဆန်းသည်ဟု သူမက ထင်မိသည်။

'သူ ဘာဖြစ်လို့လဲ' ဟု သူမက မေး၏။

'ဘာမှမဖြစ်ပါဘူး၊ ဒီကောင်ကို သတ်မလို့ လိုက်ရှာနေတာ' ဟု ပီဒရိုဗီကာရီယိုက ပြောသည်။

သူ ဖြေလိုက်ပုံမှာ အရေးမကြီးသည့်ဟန် အေးအေးဆေးဆေး ဖြစ်သဖြင့် သူကြားသည့်စကား မှန်မှ မှန်ပါရဲ့လားဟု မယုံနိုင်အောင် ဖြစ်နေသည်။ သို့ရာတွင် အမြွှာညီအစ်ကို နှစ်ယောက်သည် ဝက်သတ်ဓားကြီး နှစ်ချောင်းကို လက်နှီးစုတ်ဖြင့် ထုပ်လာသည်ကို သူမ သတိပြုမိသည်။

"မနက်စောစောစီးစီးကြီး သူ့ကို မင်းတို့ သတ်ချင်နေတယ်ဆိုတာ ဘယ်သူ သိပါ့မလဲကွယ်"

'သူ သိပါတယ်' ဟု ပီဒရိုဗီကာရီယိုက ဖြေသည်။

ကလိုတီလ်ဒါအာမင်တာသည် သူတို့နှစ်ယောက်ကို သေသေချာချာ ကြည့်နေ၏။ ရင်းနှီးသဖြင့် သူတို့နှစ်ယောက်ကို ချက်ချင်း ခွဲပြောနိုင်သည်။ အထူးသဖြင့် ပီဒရို စစ်ထဲက ပြန်လာသည့် အခါတွင် ပို၍ ခွဲခြားရလွယ်သွား၏။ 'ကောင်လေးနှစ်ယောက်က ကလေးလေးတွေလိုပါပဲကွယ်' ဟု သူမက ကျွန်တော့်ကို ပြောပြသည်။ ထိုအတွေးကြောင့်ပင် သူမသည် လန့်ဖျပ်သွား၏။ ကလေးဆိုသည်မှာ ဘာမဆို လုပ်တတ်ကြသည် မဟုတ်လား။ ထို့ကြောင့် သူမသည် နို့ကရားကို အဆင်သင့်ဖြစ်အောင် ပြင်ဆင်ကာ ဆိုင်ထဲတွင် ဖြစ်ပျက်နေပုံကို ပြောပြရန် သူ့ယောက်ျားကို သွားနှိုးသည်။ ဒွန်ရိုဂျယ်လီယိုဒီလာဖလိုးသည် အိပ်မှုန်စုံမွှားဖြင့် သူ့စကားကို နားထောင်နေ သည်။

"မင်း ဘာတွေ လာပြောနေတာလဲ၊ ကောင်လေးနှစ်ယောက်က ဘယ်သူ့ကို သွားသတ်ရမှာလဲ၊ လူရွယ်သာဆိုရင် သာတောင် မသတ်သေးတယ်"

ကလိုတီလ်ဒါအာမင်တာ ဆိုင်ထဲသို့ ပြန်ဝင်လာသည့်အခါ၌ ညီအစ်ကိုနှစ်ယောက်သည် မြို့တော်ဝန်အိမ်အတွက် နို့လာယူသော ရဲသား လီယန်ဒရိုပေါ်နွိုင်းနှင့် စကားပြောနေကြသည်။ သူတို့ပြောနေသော စကားများကိုမူ မကြားရပါ။ သို့ရာတွင် ရဲသားက ဝက်သတ်ဓား နှစ်လက်ကို ကြည့်၍ ထွက်သွားသည်ကို ထောက်လျှင် သူတို့စီမံကိန်းကို ပြောပြခြင်း ဖြစ်လိမ့်မည်ဟု ယူဆသည်။

ဗိုလ်မှူးကြီး လာဇာရိုအာပွန်တီသည် ၄ နာရီမထိုးမီ အိပ်ရာမှ ထသည်။ ရဲသား လီယန်ဒရို ပေါ်နွိုင်းက ဗီကာရီယို အမြွှာညီအစ်ကိုတို့၏ ကြံရွယ်ချက်များကို သူ့အား ပြောပြသည့်အခါ၌ မုတ်ဆိတ်ရိတ်ပြီးနေလေပြီ။ မနေ့ညက မိတ်ဆွေများ၏ ရန်ပွဲများကို ဖျဉ်ပေးခဲ့ရသဖြင့် နောက်ထပ် ရန်ပွဲတပွဲကို မဖျဉ်ချင်တော့ပြီ။ သူသည် အေးဆေးစွာ အဝတ်အစား လဲပြီး လည်စည်းကို စိတ်တိုင်းကျသည်အထိ ကြိမ်ဖန်များစွာ ပြင်တပ်၏။ ဘုန်းတော်ကြီးကို ကြိုရန် အတွက် လည်ပင်းတွင် ဝတ်တက်လည်စည်းကို ရုံသည်။ ကြက်သွန်အကွင်းလိုက်ဖြင့် အီနေအောင် ကြော်ထားသည့် အသည်းကြော်ဖြင့် မနက်စာ စားနေစဉ် သူ့ဇနီးက ဘာယာဒို

ဆန်ရိုမန်သည် အိန်ဂျလာဗီကာရီယိုကို အိမ်သို့ ပြန်လာပို့ကြောင်း အမောတကော ပြောပြ၏။ သို့ရာတွင် ဗိုလ်မှူးကြီးမှာ ခပ်အေးအေးပင်။

'ဟန်ကျသကွာ၊ ဘုန်းကြီးကတော့ ဘာပြောမလဲ မသိဘူး' ဟု သူက လှောင်သည်။

သို့ရာတွင် မနက်စာ စားနေရင်းကပင် ရဲသားက သူ့အား ပြောသွားသည့်စကားကို သတိရကာ ထိုသတင်းနှစ်ခုကို ဆက်စပ်ကြည့်ရာ သတင်းနှစ်ခုသည် ပဟေဠိတခု၏ အကွက်များလို တခုနှင့် တခု အံဝင်ခွင်ကျဖြစ်နေသည်ကို တွေ့ရသည်။ ထို့နောက် သူသည် မြို့လယ်ကွက်လပ်သို့ လာခဲ့ပြီး ထိုမှ သင်္ဘောဆိပ်ဆီသို့ လျှောက်လာခဲ့သည်။ ဘုန်းတော်ကြီးသင်္ဘောကို ကြိုရန် အတွက် လမ်းတလျှောက်မှ အိမ်များမှာ လှုပ်လှုပ်ရွရွ ဖြစ်နေကြလေပြီ။

'အဲဒီတော့ မနက် ၅ နာရီပဲ ရှိသေးတယ်ဗျ၊ ကျုပ် ကောင်းကောင်းကြီး မှတ်မိတယ်၊ မိုးကလေးတောင် ရွာနေသေးတယ်' ဟု ဗိုလ်မှူးကြီး လာဇာရိုအာပွန်တီက ကျွန်တော့်ကို ပြောပြသည်။ လမ်းတွင် လူသုံးဦးက သူ့ကိုတားကာ ဗီကာရီယို အမြွှာညီအစ်ကိုသည် စန်တီယာဂိုနာဆာကို သတ်ရန် စောင့်နေကြောင်းဖြင့် ပြောသည်။ သို့ရာတွင် တယောက်က သာလျှင် သူတို့ရှိသည့်နေရာကို ပြောနိုင်၏။

ဗိုလ်မှူးကြီးသည် သူတို့နှစ်ယောက်ကို ကလိုတီလ်ဒါ အာမင်တာ၏ ဆိုင်တွင် သွားတွေ့သည်။

'သူတို့ကို မြင်လိုက်တော့ ဒီကောင်နှစ်ကောင် အလကား လေထွားနေတာလို့ပဲ ကျွန်တော် ထင်လိုက်တာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကြည့်ရတာ မူးမှ မမူးတာ' ဟု သူ၏ ကိုယ်ပိုင်ယုတ္တိဖြင့် ကျွန်တော့်ကို ရှင်းပြသည်။ ဗိုလ်မှူးကြီးသည် သူတို့နှစ်ယောက်ကိုလည်း ဘာမျှ မေးမြန်းမနေတော့ပေ။ ဓားနှစ်လက်ကို သိမ်းဆည်းကာ သူတို့နှစ်ယောက်ကို အိမ်ပြန်ပို့ လိုက်သည်။ သူတို့နှင့် ဆက်ဆံရာတွင်လည်း သူသည် ဇနီးပြောသည့် စကားကို နားထောင်စဉ် ကကဲ့သို့ အေးအေးဆေးဆေး ဖြစ်သည်။

'မကောင်းပါဘူးကွာ၊ မင်းတို့ ဒီလိုမူးနေတာကို ဘုန်းကြီး မြင်သွားရင် ဘာပြောမလဲ' ဟု သူက ညီအစ်ကိုနှစ်ယောက်ကို ပြောသည်။

သူတို့နှစ်ယောက်သည် ဆိုင်ထဲမှ ထွက်သွားကြ၏။ ကလိုတီလ်ဒါအာမင်တာသည် မြို့တော်ဝန်၏ ပေါ့တီးပေါ့ဆ လုပ်ပုံကြောင့် စိတ်ပျက်သွားသည်။ သူ့အလိုအရဆိုလျှင် ညီအစ်ကိုနှစ်ယောက်ကို ဖမ်းဆီးပြီး အမှန်ပေါ်အောင် စစ်စေချင်သည်။ ဗိုလ်မှူးကြီးအာပွန်တီက နောက်ဆုံးသဘောထား

အနေဖြင့် ခါးနှစ်လက်ကို သူမအား ပြသည်။

'ခု သူတို့လက်ထဲမှာ ဘာမှမ ရှိတော့တာ၊ ဘယ်သူ့ကိုသွားသတ်မှာလဲဗျာ' ဟု သူက ပြောသည်။

"ကျွန်မက ဒါကြောင့်ပြောတာ မဟုတ်ပါဘူးရှင်၊ ကောင်လေးနှစ်ကောင် မနိုင်ဝန်ကြီး ထမ်းရမှာ သနားလို့ပါ"

သူမသည် အလိုလို ခံစားသိရှိနေသည်။ ဗီကာရီယို အမြွှာညီအစ်ကိုသည် သူတို့အား တားဆီးမည့် သူနှင့် မတွေ့လိုသည့်တိုင် ကျရောက်မည့် ပြစ်ဒဏ်ကိုတော့ ခံလိုကြသည် မဟုတ်ပေ။ သို့ရာတွင် ဗိုလ်မှူးကြီး အာပွန်တီကမူ ခပ်အေးအေးပင်။

"သက်ာမကင်းဖြစ်ရုံနဲ့ ဖမ်းလို့မရဘူးလေ၊ စန်တီယာဂိုနာဆားကို သတိပေးရုံပဲ တတ်နိုင်မှာပဲ၊ ကဲ ... မင်္ဂလာနှစ်သစ်ပါဗျာ"

ဗိုလ်မှူးကြီးအာပွန်တီ၏ ဝဝဖိုင့်ဖိုင့် ပုံသဏ္ဍာန်သည် သူမစိတ်တွင် သနားစိတ်ပေါ်စေသည်ကို ကလိုတီလ်ဒါအာမင်တာ အမြဲ သတိရနေသည်။ သို့ရာတွင် ကျွန်တော့်အနေဖြင့်မူ ဗိုလ်မှူးကြီး သည် စာတိုက်မှတဆင့် သမထလေ့ကျင့်ခန်းများကို လေ့ကျင့်နေသည့်တိုင် ပျော်ပျော်နေတတ်သူ တဦးအဖြစ် သတိရနေသည်။ ထိုတနင်္လာနေ့ မနက်က သူ့အမူအရာသည် သူ၏ အေးဆေး တည်ငြိမ်ခြင်းကို ပြသသည့် သက်သေအထောက်အထားပင် ဖြစ်၏။ သူသည် သင်္ဘောဆိပ်တွင် စန်တီယာဂိုနာဆားကို တွေ့သည့်အချိန်အထိ သူ့အကြောင်းကို သတိမရတော့ချေ။ ထို့နောက် မှန်ကန်သည့် ဆုံးဖြတ်ချက်ကို ချနိုင်ခဲ့သည့်အတွက် သူ့ကိုယ်သူ ကျေနပ်နေသည်။

ဗီကာရီယို ညီအစ်ကိုနှစ်ယောက်သည် နို့ဝယ်လာသူ တဒါဇင်လောက်ကို သူတို့အကြံအစည်ကို ပြောပြသည်။ သို့ဖြင့် ထိုသတင်းသည် မနက် ၆ နာရီမတိုင်မီ ပျံ့နှံ့သွားသည်။ ကလိုတီလ်ဒါ အာမင်တာ၏ စိတ်ထဲတွင်မူ ထိုသတင်းကို မျက်နှာချင်းဆိုင်အိမ်ရှိ စန်တီယာဂိုနာဆားတို့ မသိဆိုသည်မှာ မဖြစ်နိုင်ဟု ထင်သည်။ သူ့အထင်၌ အိမ်ခန်းမှ မီးရောင်ကို မမြင်ရသည့်အတွက် စန်တီယာဂိုနာဆားမှာ အိမ်တွင် ရှိဟန်မတူပေ။ သူမသည် တွေ့သမျှလူတိုင်းအား စန်တီယာဂို နာဆားအား သတိပေးရန် တဖွဖွ ပြောနေသည်။ သီလရှင်များအတွက် နို့လာဝယ်သည့် ကိုရင်လေးမှတဆင့် ဘုန်းတော်ကြီး အာမာဒိုထံသို့ပင် သတင်းပို့ခဲ့သေးသည်။ ပလေစီဒါလီနာရို ၏အိမ် မီးဖိုချောင်ထဲတွင် မီးရောင်မြင်ရသည့် မနက် ၄ နာရီ နောက်ပိုင်း၌ မနက်တိုင်း နွားနို့ လာတောင်းသည့် သူတောင်းစား အဘွားကြီးမှတဆင့် ဗစ်တိုးရီးယားဂုဇ်မန်း ကိုလည်း သတင်း ပို့လိုက်သေးသည်။ ဘုန်းတော်ကြီး၏သင်္ဘောမှ ဥသြသံ ပေါ်လာသည့်အခါတွင် အားလုံး ဘုန်းတော်ကြီးကို ကြိုရန် အဆင်သင့် ဖြစ်နေကြလေပြီ။ ထိုအချိန်၌ကား

ဗီကာရီယို ညီအစ်ကိုက စန်တီယာဂိုနာဆားကို သတ်ရန် စောင့်နေသည့်သတင်းကို မသိသူ မရှိသလောက် ဖြစ်နေလေပြီ။ ထို့ပြင်မက သတ်မည့်အကြောင်းရင်းများကိုလည်း အသေးစိတ် သိနေကြလေပြီ။

ညီအစ်ကိုနှစ်ယောက်တို့က နောက်ခါးနှစ်စင်းကို သတင်းစာ စက္ကူဖြင့် ပတ်၍ နောက်တခေါက် ရောက်လာသည့်အခါတွင် ကလိုတီလ်ဒါအာမင်တာသည် နို့ရောင်း၍ မပြီးသေးချေ။ ခါးတချောင်းမှာ ဝက်သတ်သည့်ခါးဖြစ်ပြီး သံချေးတက်နေသည့် အလျား ၁၂ လက်မ၊ ဖြက် ၃ လက်မ အသွားရှိသည့်ခါး ဖြစ်သည်။ ထိုခါးကြီးမှာ စစ်ကြောင့် ဂျာမန်လုပ်ခါးတွေ မရတော့သည့်အတွက် သံပန်းကွက်များ ဖော်ထားသည့် လွှမှ သံဖြင့် ပီဒရိုဗီကာရီယို လုပ်ထားသည့်ခါး ဖြစ်သည်။ နောက်တချောင်းမှာ အနည်းငယ် တိုသော်လည်း ဖြက်ကျယ်ပြီး ကောက်နေသည်။ ရဲတို့က ထိုခါးများပုံကို ပုံကြမ်းဆွဲပြီး တိုင်ချက်တွင် ဖော်ပြထားရာ ထိုခါးများအကြောင်းကို ရေးပြရသည်မှာ ခက်သောကြောင့်လားတော့ မပြောတတ်ပေ။ တချောင်းမှာ သံလျက်နှင့်တူသည်ဟုသာ အတိုချုပ် ဖော်ပြသည်။ ရာဇဝတ်မှုကို ကျူးလွန်ခဲ့သည်မှာ ထိုခါးများနှင့်ဖြစ်ပြီး ခါးမည်ကာ မတ္တမျှသာ ဖြစ်သည့်တိုင် တော်တော်များများ အသုံးပြုပြီးသား ခါးများ ဖြစ်ကြသည်။

ဖော်စတီနိုဆန်တိုသည် ဘာဖြစ်သည်ကို နားမလည်နိုင်အောင် ဖြစ်နေသည်။

"သူတို့ညီအစ်ကိုနှစ်ယောက် နောက်တခါ ခါးလာသွေးကြသေးတယ်ဗျ၊ ဒါတင်မကဘူး၊ စန်တီယာဂိုနာဆားရဲ့ဗိုက်ထဲက အူတွေကို ဆွဲထုတ်ပစ်မယ်လို့လည်း လူသိရှင်ကြား အော်နေကြ သေးတယ်၊ ဒီတော့ ကျွန်တော်ကလည်း နောက်နေတယ်ပဲ ထင်တာပေါ့၊ ပြီးတော့ ခါးတွေကို လည်း သတိထား မကြည့်လိုက်မိဘူး၊ စောစောက ခါးတွေပဲလို့ ထင်လိုက်တာပေါ့" ဟု သူက ကျွန်တော့်ကို ပြောပြ၏။ ယခုတကြိမ်တွင်မူ ကလိုတီလ်ဒါအာမင်တာသည် ဆိုင်ထဲသို့ သူတို့နှစ်ယောက် ဝင်လာကတည်းက စောစောကလောက် ဆန္ဒပြင်းထန်ခြင်း မရှိတော့သည်ကို သတိပြုလိုက်မိသည်။

အမှန်အားဖြင့် သူတို့နှစ်ယောက်ကြားတွင် ပထမဆုံးသော သဘောကွဲလွဲမှု ပေါ်ပေါက်လာခဲ့ သည်။ သူတို့နှစ်ယောက်သည် အပြင်ပန်းသဏ္ဌာန် မြင်ရသည်ထက် အတွင်းသဏ္ဌာန်တွင် ပို၍ ကွဲပြားခြားနားကြသည်။ ထို့ပြင်မက အကြောင်းကိစ္စကြီးငယ် ပေါ်လာလျှင် ဆန့်ကျင်ဘက် စရိုက် လက္ခဏာများ ပေါ်ပေါက်လာတတ်ကြသေးသည်။ ထိုအချက်ကို မူလတန်းကျောင်းမှာကတည်း က သူတို့သူငယ်ချင်းများဖြစ်သည့် ကျွန်တော်တို့တတွေ သိခဲ့ကြသည်။ ပက်ဘလိုဗီကာရီယိုသည် သူ့ညီငယ် ပီဒရိုဗီကာရီယိုထက် ၆ မိနစ် ကြီးပြီး

ကြီးကောင်ဝင်သည်အထိ ပို၍ စိတ်ကူးဉာဏ် ကောင်းကာ ပို၍ ပြတ်သားသည်။ ပီဒရိုဗီကာရီယိုမှာမူ စိတ်ကူးယဉ်ဟန်ရှိပြီး အာဏာရှင် ဆန်ချင်သည်။ အသက် ၂၀ သို့ အရောက်တွင် သူတို့ နှစ်ယောက်စလုံး စစ်ထဲဝင်ကြရန် ဖြစ်သည်။ ပက်ဘလိုဗီကာရီယိုမှာ အိမ်တွင် မိဘများကို စောင့်ရှောက်ရန်ဟု အကြောင်းပြ၍ နေရစ်ခဲ့သည်။ ပီဒရိုဗီကာရီယိုက ရဲပတ္တာရောင်တာဝန်ဖြင့် ၁၁ လ အမှုထမ်းခဲ့သည်။ သေရမည်ကို ကြောက်နေရသည့် စစ်တပ်အလေ့အကျင့်သည် သူ့ဗီဇဖြစ်သည့် အမိန့်ပေးချင်စိတ်နှင့် စစ်အတွက် ဆုံးဖြတ်ပေးတတ်သည့် ဓလေ့ကို ကြီးထွားအောင် လုပ်ပေးလိုက်၏။ သူသည် အပြင်းထန်ဆုံးသော စစ်တပ်သုံး ဆေးများ၊ စိန်ပါသည့် ထိုးဆေးများနှင့် ဒေါက်တာ ဒီယိုနီဆို အီဂွါရန်း၏ ပါမင်ဂနိတ် ပိုးသတ်ဆေးရည်တို့ကို အာခံသည့် ဂနိုရီးယားရောဂါကို ရလာခဲ့သည်။ ထောင်ထဲရောက်မှ ထိုရောဂါ ပျောက်သွားခြင်း ဖြစ်သည်။ ပီဒရို ဗီကာရီယိုက စစ်တန်းလျား စိတ်ဓာတ်မျိုး၊ လက်ဝဲဘက်ဗိုက်က ကျည်ဆန်ရာကို ကြည့်ချင်သူမှန်သမျှအား လှန်ပြတတ်သည့် အကျင့်မျိုးဖြင့် ပြန်ရောက်လာသည့်အခါ၌ ပက်ဘလိုဗီကာရီယိုသည် သူ့ညီအပေါ်တွင် ရုတ်တရက် ထူးဆန်းစွာ အမှီသဟဲ ပြုလွန်းသည်ဟု သူ့သူငယ်ချင်းဖြစ်သော ကျွန်တော်တို့ တတွေက တထပ်တည်း သဘောတူကြသည်။ တိုက်ပွဲပြန် ဆုတံဆိပ်အမှတ်အသားသဖွယ် သူ့ညီ ဝတ်ဆင်လေ့ရှိသည့် ဂနိုရီးယားရောဂါကိုပင် အမြတ်တနိုး ထားသည့်ပုံမျိုး ပြလာတတ်သည်။

သူ၏ ထုတ်ဖော်ပြောဆိုချက်အရ စန်တီယာဂိုနာဆားကို သတ်ရန် ဆုံးဖြတ်သူမှာ ပီဒရိုဗီကာရီယို ဖြစ်သည်။ ပထမတွင် သူ့အစ်ကိုက သဘောတူခဲ့သည်။ သို့ရာတွင် မြို့တော်ဝန်က သူတို့ထံမှ လက်နက်များကို သိမ်းသွားသည့်အခါ၌ မိမိတို့၏တာဝန် ပြီးပြီဟု ယူဆသူမှာလည်း ပီဒရို ဗီကာရီယိုပင် ဖြစ်၏။ သို့ရာတွင် ထိုနောက်ပိုင်းတွင် ဦးဆောင်ကွပ်ကဲသူမှာ ပက်ဘလိုဗီကာရီယို ဖြစ်လာခဲ့သည်။ ရဲက စစ်မေးသည့်အခါ၌ သူတို့နှစ်ယောက်စလုံးကပင် သူတို့အချင်းချင်း သဘောထားကွဲလာကြောင်းကို ထုတ်ဖော်ဝန်ခံခြင်း မပြုကြ။ သို့ရာတွင် အပြီးသတ် ဆုံးဖြတ်ချက်ချရန် သူ့ညီကို သဘောပေါက်အောင် လုပ်ရသည်မှာ မလွယ်ဟု ပက်ဘလို ဗီကာရီယိုက ကျွန်တော့်ကို အကြိမ်များစွာ အတည်ပြုခဲ့သည်။ ယင်းမှာ ကယောင်ကတမ်း လုပ်ခြင်းလည်း ဖြစ်နိုင်သည်။ သို့ရာတွင် အဖြစ်အပျက်မှန်မှာ ပက်ဘလိုသည် ဝက်ခြံထဲသို့ သွားကာ နောက်ထပ် ဓားနှစ်ချောင်းကို သွားယူနေစဉ် သူ့ညီ ပီဒရိုဗီကာရီယိုမှာ အထိတ်တလန့် ဖြင့် မန်ကျည်းပင်များအောက်တွင် ဆီးသွားရန် တစက်ချင်း ကြိုးစားနေရသည်။

'ကျွန်တော့်အစ်ကို ပက်ဘလိုက ဒါမျိုးကို ကြုံဖူးတာမဟုတ်ဘူးဗျ၊ ဆီးသွားရတာ ခက်လိုက်တာ ဗျာ၊ ဖန်ကွဲမှုန့်တွေကို ညှစ်ထုတ်သွားနေရသလိုပဲ' ဟု

ကျွန်တော်နှင့် တကြိမ်သာ ကြုံခဲ့စဉ် ပီဒရိုက ပြောပြခဲ့သည်။ ခေးများကိုယူ၍ ပြန်လာသည့်အခါတွင် မန်ကျည်းပင်ကို ဖက်၍ ဆီးသွားနေသော သူ့ညီ ပီဒရိုဗီကာရီယိုကို တွေ့ရသည်။

'နာလွှန်းလို့ သူ့တကိုယ်လုံး ချွေးစေးကြီးတွေ ပြန်နေတယ်ဗျ။ သူက သူ မလိုက်နိုင်တော့ဘူးတဲ့၊ ဘယ်သူ့ကိုမှလည်း သတ်ချင် ဖြတ်ချင်စိတ် မရှိတော့ဘူးတဲ့၊ တယောက်တည်း သွားတော့တဲ့' ဟု ပက်ဘလိုဗီကာရီယိုက ကျွန်တော့်ကို ပြန်ပြော၏။

သူသည် မင်္ဂလာဆောင်တွင် ကျွေးရန် ရိုက်ထားသည့် ခုံတန်းကြီး တခုပေါ်တွင် ထိုင်ချလိုက်ရင်း သူ့ဘောင်းဘီများကို ဒူးဆစ်ရောက်အောင် ချွတ်နေသည်။

'အဲဒီနားမှာ သူ့ပတ်တီး ပြင်စည်းနေတာ နာရီဝက်လောက် ကြာတယ်ဗျာ' ဟု ပက်ဘလိုက ကျွန်တော့်ကို ပြောပြ၏။ အမှန်ကတော့ ၁၀ မိနစ်ထက် ပိုမည်မဟုတ်ပါ။ သို့ရာတွင် ပက်ဘလို ဗီကာရီယိုကမူ သူ့ညီသည် မနက်လင်းအောင် အချိန်ဆွဲနေသည်ဟု ထင်လိုက်၏။ ထို့ကြောင့် ဝက်ခုတ်ခေးကို သူ့လက်ထဲထိုးထည့်ပြီး သူတို့ ညီမငယ်၏ ဆုံးရှုံးသွားသော ဂုဏ်သိက္ခာကို ပြန်ဆယ်ရန်အတွက် သူ့ကို ဆွဲခေါ်နေသည်။

"ဟေ့... ရှောင်ဖယ် ရှောင်ဖယ် လုပ်နေလို့ မဖြစ်ဘူးကွ၊ ခုဟာက လူသတ်ပြီးသလိုတောင် ဖြစ်နေပြီ"

သူတို့သည် ခေးများကို အဝတ်ဖြင့် မပတ်တော့ဘဲ ခြံဝင်းတံခါးမှ ထွက်လာခဲ့ကြသည်။ ဝင်းထဲက ခွေးများက အော်ကျန်ရစ်ခဲ့ကြ၏။ အလင်းရောင်ပျိုးစ ပြုနေလေပြီ။

'အဲဒီတုန်းက မိုးလည်း မရွာဘူးဗျ' ဟု ပက်ဘလိုက ပြန်ပြောင်း သတိရသည်။

'ဘယ်ကလာ ရွာရမှာလဲ' ဟု ပီဒရိုက ပြောသည်။

"ပင်လယ်ဘက်က လေတော်တော်တိုက်နေတယ်၊ ကောင်းကင်ကလည်း ကြည်လင်နေသလား မမေးနဲ့၊ ကြယ်တွေကိုတောင် ရေလို့ ရတယ်"

သူတို့ လူသတ်မည်ဆိုသည့် သတင်းမှာ ပျံ့နှံ့နေပြီဖြစ်သဖြင့် ဟော်တင်ဆီယာဘော့သည် သူတို့နှစ်ယောက် ဖြတ်သွားသည့်အခါတွင် တံခါးဖွင့်၍ ကြည့်မိသေးသည်။ စန်တီယာဂိုနာဆား အတွက် ပထမဆုံး ငိုသူမှာ သူမ ဖြစ်သည်။

'ကျွန်မ စိတ်ထဲမှာတော့ စန်တီယာဂိုနာဆားကို သတ်ပြီး ပြန်လာပြီလို့ ထင်လိုက်မိတယ်' ဟု သူမက ကျွန်တော့်ကို ပြောပြ၏။

"လမ်းမီးရောင်ထဲမှာ သူတို့ကိုင်လာတဲ့ ဓားကြီးတွေကို ကျွန်မမြင်လိုက်ရတာကိုး၊ ဓားကြီးတွေမှာ သွေးတွေ စီးကျနေသလိုပဲ"

ကံမကောင်းသည့် ထိုလမ်းတွင် အိမ်တံခါး ဖွင့်ထားမိသည့်အိမ်မှာ ပက်ဘလိုဗီကာရီယို၏ ရည်းစားဖြစ်သူ ပရူဒင်ရှာကိုဘီ၏အိမ် ဖြစ်သည်။ သောကြာနေ့မနက် သူတို့ညီအစ်ကို နှစ်ယောက် ဈေးသို့အသွားတွင် ပရူဒင်ရှာကိုဘီတို့အိမ်သို့ ဝင်၍ ကော်ဖီသောက်လေ့ ရှိကြသည်။ သူတို့နှစ်ယောက်က ဝင်းတံခါးကို တွန်းလိုက်ကြသည်တွင် ခွေးတွေ ဝိုင်းအုံလာ၏။ အရုဏ်တက် အလင်းရောင်ထဲတွင် ခွေးများက သူတို့ကို မှတ်မိသွားကြသည်။ သူတို့နှစ်ယောက် သည် မီးဖိုထဲတွင်ရှိနေသည့် ပရူဒင်ရှာကိုဘီ၏ အမေကို နှုတ်ဆက်ကြသည်။ ကော်ဖီမှာ အဆင်သင့် မဖြစ်သေးပေ။

'နောက်မှ လာသောက်တော့မယ်၊ ခု အရေးတကြီးကိစ္စလေး ရှိလို့' ဟု ပက်ဘလိုဗီကာရီယိုက ပြောသည်။

'အဒေါ် နားလည်ပါတယ်ကွယ်၊ ဂုဏ်သိက္ခာက စောင့်မနေဘူး မဟုတ်လား' ဟု သူမက ပြောသည်။

သို့ရာတွင် သူတို့နှစ်ယောက်သည် စောင့်နေပါသည်။ ယခုတကြိမ်တွင်မူ အချိန်ဆွဲနေသူမှာ သူ မဟုတ်။ သူ့အစ်ကိုဖြစ်သည်ဟု ပီဒရို ထင်မိသည်။ သူတို့နှစ်ယောက် ကော်ဖီသောက်နေစဉ် အရွယ်ရောက်စ ပွင့်သစ်ခြင်းနှင့်အတူ ပရူဒင်ရှာကိုဘီသည် မီးဖိုခန်းထဲသို့ ဝင်လာလေသည်။ လက်ထဲတွင် မီးဖိုထဲတွင် မီးတောက်အောင် လုပ်ပေးရန် စက္ကူအကောင်းတွေကို ကိုင်လာ၏။

'သူတို့ ဘာလုပ်မလဲဆိုတာ ကျွန်မ သိသားပဲ' ဟု သူမက ကျွန်တော့်ကို ပြောပြသည်။

"ကျွန်မကလည်း သဘောတူတယ်၊ တူရုံတင် မကဘူး၊ ယောကျ်ားတယောက် လုပ်ရမယ့် အလုပ်မျိုးကို မလုပ်ရင် သူ့ကို လက်ထပ်မှာတောင် မဟုတ်ဘူး"

မီးဖိုထဲမှ မထွက်ခင် ပက်ဘလိုဗီကာရီယိုသည် သူမလက်ထဲမှ သတင်းစာရွက်နှစ်ရွက်ကို ယူပြီးနောက် ဓားများကိုပတ်ရန် သူ့ဆီသို့ လှမ်းပေးလိုက်သည်။ ပရူဒင်ရှာကိုဘီသည် သူတို့နှစ်ယောက် ဝင်းထဲမှ ထွက်သွားကြသည်ကို ကြည့်ရင်း မီးဖိုထဲတွင် စောင့်ကျန်ရစ်ခဲ့သည်။

စောင့်နေခဲ့သည်မှာ နည်းနည်းမဟုတ်။ ပက်ဘာလို ထောင်မှ ပြန်လွတ်လာကာ သူ၏ ဘဝကြင်ဖော်အဖြစ် လက်ထပ်သည်အထိ ၃ နှစ်လုံးလုံး မညည်းမညူ စောင့်နေခဲ့ပါသည်။

'သတိထားသွားကြနော်' ဟု သူမက လှမ်းပြောလိုက်သည်။ အမြွာညီအစ်ကို နှစ်ယောက်သည် ခပ်စောစောကလောက် ပြင်းပြင်းထန်ထန် မဖြစ်တော့။ ထင်စရာအကြောင်းများကို ကလိုတီလ်ဒါ အာမင်တာ မြင်နေရသည်။ ထို့ကြောင့် သူမသည် သူတို့နှစ်ယောက်စလုံး မူးပြီး ဗုန်းဗုန်းလဲသွား စေရန် ရမ်တလုံး ထုတ်၍ ပေးလိုက်၏။ 'အဲဒီနေ့ကတော့ ကျွန်မတို့ မိန်းမတွေဟာ ကမ္ဘာလောက ကြီးမှာ အထီးတည်းပဲ ရှိပါကလားဆိုတာ သဘောပေါက်သွားတယ်' ဟု သူမက ကျွန်တော့်ကို ပြောပြ၏။ ပီဒရိုဗီကာရီယိုက သူ့ယောကျ်ား၏ မုတ်ဆိတ်ရိတ်ပစ္စည်းများကို ငှားသဖြင့် ဝက်မှင်ဘီး၊ ဆပ်ပြာ၊ မှန်နှင့် ဓားသွားလဲထားသည့် မုတ်ဆိတ်ရိတ်ဓားတို့ကို ယူပေးသည်။ သို့ရာတွင် ပီဒရိုသည် ဝက်ခုတ်ဓားဖြင့် မုတ်ဆိတ်ရိတ်သည်။ သူ့အပြုအမူမှာ လူသတ်သမား၏ စရိုက် အထွတ်အထိပ်သို့ ရောက်နေပြီဟု ထင်မိ၏။

'သူ့ကိုကြည့်ရတာ ရုပ်ရှင်ထဲက လူသတ်သမားကြီးနဲ့ သိပ်တူတာပဲ' ဟု သူမက ကျွန်တော့်ကို ပြောပြသည်။ သို့ရာတွင် စစ်တပ်ထဲတုန်းက သူသည် သင်တုန်းဓားဖြင့်သာ မုတ်ဆိတ်ရိတ်ခဲ့ သဖြင့် နောင်တွင်လည်း ထိုအတိုင်းသာ ရိတ်တတ်တော့သည်ဟု ကျွန်တော့်ကို ပြောပြသည်။ (ပြောသည့်အတိုင်းလည်း မှန်ပါသည်) သို့ရာတွင် သူ့အစ်ကို ပက်ဘာလိုကမူ ဣန္ဒြေရရ ရိတ်တတ်ပါသည်။ ဒွန်ရိုဂျယ် လီယိုဒီလာဖလိုး၏ မုတ်ဆိတ်ရိတ်ဓားကို ငှား၍ သုံးတတ်၏။ နောက်ဆုံး၌ သူတို့နှစ်ယောက်သည် ရမ်ပုလင်းကို တိတ်ဆိတ်စွာ ဖြည်းဖြည်း သောက်ကြရင်း မှောင်မည်းနေသော ပြတင်းပေါက်မှ နေ၍ လမ်းမတွင် စောစောစီးစီး ဖြတ်သွားသူများကို ငေးကြည့်နေကြ၏။ ထိုအချိန်၌ ဈေးဝယ်ချင်ယောင် ဆောင်သူများသည် မလိုသော နွားနို့ကို ဝယ်ကာ မရှိသောပစ္စည်းများကို မေးမြန်းရင်း သူတို့နှစ်ယောက် စန်တီယာဂိုနာဆာားကို သတ်ဖို့ စောင့်နေသည်ဆိုသည့် သတင်းများ ဟုတ်၊ မဟုတ်ကို ဝင်လိုက် ထွက်လိုက်ဖြင့် အကဲခတ်နေကြ သည်။

ဗီကာရီယို အမြွာညီအစ်ကိုသည် မှောင်မည်းနေသော ထိုပြတင်းပေါက်မှ မီးရောင် လင်းလင်း လာသည်ကို မမြင်ရပေ။ စန်တီယာဂိုနာဆာားသည် မနက် ၄ နာရီ၊ မိနစ် ၂၀ တွင် အိမ်ထဲသို့ ဝင်သွား၏။ သို့ရာတွင် လှေကားမှ မီးလုံးကို တညလုံး ထွန်းထားသဖြင့် အိပ်ခန်းသို့သွားရန် မီးဖွင့်ဖို့ မလိုတော့ချေ။ သူသည် အိပ်ချိန် တနာရီမျှသာ ရတော့သည့်အတွက် အဝတ်အစားပင် မလဲတော့ဘဲ အမှောင်ထဲတွင် ခုတင်ပေါ်သို့ လှဲချအိပ်လိုက်သည်။ ဘုန်းတော်ကြီးကို သွားကြိုရန်

ဗစ်တိုးရီးယားဂုဇ်မန်း လာနိုးသည့်အခါတွင် ထိုအတိုင်း တွေ့ရသည်။

ကျွန်တော်တို့သည် ဆန်တီယာဂိုနာဆားနှင့်အတူ မာရီယာ ဆာဗင်းတီး၏ အပျော်အိမ်တွင် မနက် ၃ နာရီလောက်အထိ ရှိနေခဲ့ကြသည်။ ၃ နာရီထိုးပြီးနောက်တွင်မှ မာရီယာဆာဗင်းတီး သည် အတီးအမှုတ်သမားများကို ပြန်လွှတ်ပြီး ကပွဲကျင်းပရာ တလင်းပြင်မှ မီးများကိုလည်း ပိတ်လိုက်သည်။ သူ့အပျော် ကောင်မလေးများကိုလည်း အိပ်ရာသို့ ဝင်ခိုင်းသည်။ ကောင်မလေး များမှာ ၃ ရက်လုံးလုံး မနားမနေ အလုပ်လုပ်ရသဖြင့် ပင်ပန်းနေကြသည်။ ပထမ ဂုဏ်သရေရှိ ဧည့်သည်များကို လျှို့ဝှက်ဧည့်ခံရ၏။ ထို့နောက် တံခါးများအားလုံးကို ဖွင့်ကာ မင်္ဂလာပျော်ပွဲတွင် မကျေမနပ်ဖြစ်လာသည့် ကျွန်တော့်မိတ်ဆွေတွေကို ဖျော်ဖြေရသည်။ သူ့တသက် တွင် တခါသာ အိပ်ချိန်ရှိပြီး ထိုအချိန်သည်လည်း သေသည့်အချိန် ဖြစ်သည်ဟု ကျွန်တော့်ကို ပြောလေ့ရှိသည်။

မာရီယာဆာဗင်းတီးသည် ကျွန်တော် တွေ့ဖူးသမျှထဲတွင် အနူးညံ့ဆုံး၊ အဖော်ရွေဆုံး မိန်းမ ဖြစ်၏။ သို့ရာတွင် စည်းကမ်းလည်း အတင်းကျပ်ဆုံး ဖြစ်၏။ သူမသည် ဤမှာမွေးပြီး ဤမှာပင် ကြီးပြင်းလာခဲ့ကာ ဤမှာပင် ဖွင့်ထားသော တံခါးများ၊ ငှားရန် အခန်းများနှင့်တကွ ပါရာမာရီခန်ရှိ တရုတ်ဈေးဆိုင်များမှ ဝယ်ယူခဲ့သော မီးလုံးများ ထွန်းညှိထားရာ ကြီးမားသော ကပွဲတလင်းပြင်ကြီးရှိသည့် အိမ်ကြီးတွင် နေထိုင်ခဲ့သည်။ ကျွန်တော်တို့မျိုးဆက်၏ လူပျိုရည်ကို ညှိုးနွမ်းသွားအောင် လုပ်ခဲ့သူမှာလည်း သူမပင် ဖြစ်သည်။ သူမသည် ကျွန်တော်တို့ သင်ယူ လေ့လာသင့်သည်ထက် ပို၍ သင်ကြားပေးခဲ့သည်။ အခြားအရာများထက် သူမ အဓိကထား၍ ကျွန်တော်တို့ကို သင်ကြားပေးသောအချက်မှာ ဟာလာဟင်းလင်း ဖြစ်နေသော အိပ်ရာတခု ထက် ကြေကွဲစရာကောင်းသည့် နေရာဆို၍ ဘဝတွင် တခုမျှမရှိဆိုသည့် သင်ခန်းစာ ဖြစ်သည်။ သူမကို ပထမဆုံး မြင်လိုက်ရချိန်က စန်တီယာဂိုနာဆားသည် ရူးမတတ်ပင် ဖြစ်သွားခဲ့ပေသည်။

'ရန်လိုတဲ့ ကြိုးကြာငှက်ကို လိုက်သုတ်တဲ့ သိန်းငှက်ဟာ တသက်လုံး ဒုက္ခရာရတတ်တယ်' ဟု သူ့ကို ကျွန်တော်က သတိပေးရ၏။ သို့ရာတွင် မာရီယာဆာဗင်းတီး၏မာယာဖြင့် ယစ်မူးနေသော ကြောင့် ကျွန်တော့်စကားကို နားမထောင်ပါ။ သူမသည် စန်တီယာဂိုနာဆား၏ ရူးသွပ်သော စွဲလမ်းမှု ဖြစ်နေသည်။ အသက် ၁၅ နှစ်အရွယ်ရှိ စန်တီယာဂိုနာဆား၏ မျက်ရည်ကောရီ ဖြစ်နေသည်။ နောက်ဆုံးတွင် သူ့အဖေ အီဘရာဟင်နာဆားက သူ့ကို ကြာပွတ်ဖြင့် ရိုက်ပြီး အိပ်ရာထဲက မောင်းထုတ်ကာ ဗလီသို့ တနှစ်လောက် ပို့ထားခဲ့ရသည်အထိ ဖြစ်သည်။ ထို့နောက်မှစ၍ သူတို့နှစ်ယောက်သည် လေးနက်သည့် ချစ်ခင်မှုဖြင့် ဆက်သွယ်မိခဲ့ကြသည်။ သို့ရာတွင် တဏှာပေမ၏ ရူးမူးခြင်းမျိုးတော့ မရှိတော့ပါ။ သူမသည် သူ့ကို လေးစား တန်ဖိုးထား သည့်အလျောက် သူ ရှိနေချိန်တွင်ဆိုလျှင်

မည်သူနှင့်မျှ အိပ်ရာသို့ မဝင်တော့ပါ။ ကျွန်တော်တို့ တတွေ နောက်ဆုံးကျောင်းပိတ်ရက် ပြန်လာတုန်းက သူမသည် ပင်ပန်းသည်ဟုဆိုကာ ကျွန်တော်တို့ကို ခပ်စောစော ပြန်လွှတ်တတ်သော်လည်း ကျွန်တော်တယောက်တည်း တိတ်တဆိတ် ပြန်လာနိုင်အောင် တံခါးကို မင်းတုပ်မထိုးဘဲ ခန်းမထဲတွင် မီးကို အမြဲ ထွန်းထားတတ်သည်။

စန်တီယာဂိုနာဆားမှာ ရုပ်ပြောင်းရုပ်လွှဲလုပ်ရာတွင် မျက်လှည့်ဆရာ အရည်အချင်းမျိုး ရှိသူ ဖြစ်ပါသည်။ သူ လုပ်လေ့ရှိသည့် ကစားနည်းတခုမှာ အပျော်မယ်ကလေးများ ဟန်ဆောင်ပြခြင်း ဖြစ်၏။ သူသည် ကောင်မလေးတွေ၏ ဗီရိုများကို မွှေနှောက်ကာ ရုပ်ဖျက် ဝတ်စားတတ်သဖြင့် အချင်းချင်းပင် မှားတတ်ကြသည်။ တခါတွင်လည်း ကောင်မလေးတယောက် ဟန်ဆောင် ထားသည်ကို ကာယကံရှင် ကောင်မလေး မြင်သွားကာ 'ကျွန်မကိုယ်ကျွန်မတောင် သံသယ ဖြစ်သွားတယ်ရှင်' ဟု ပြောယူရသည်အထိ ဖြစ်သည်ထိုညကမူ မာရီယာဆာဗင်းတီးသည် စန်တီယာဂိုနာဆားကို သတ်ရန် စောင့်နေစဉ် ကျွန်တော်တို့တတွေ အတီးအမှုတ်သမားတွေကို ခေါ်ကာ အိမ်ပေါက်စေ့လျှောက်၍ သီချင်းဆိုကြသည်။ မနက် ၄ နာရီ ထိုးခါနီးသည့်အခါ ဇီးယားစ်၏ အိမ်အနီးသို့သွားကာ လက်ထပ်ပြီး ဇနီးမောင်နှံတို့အတွက် သွား၍သီချင်းဆိုပေးရန် စိတ်ကူးရသူမှာလည်း သူပင် ဖြစ်သည်။

ကျွန်တော်တို့သည် ပြတင်းပေါက်တွင်ရပ်၍ သီချင်းဆိုရုံမျှမက ပန်းခြံထဲတွင်လည်း မီးရှူးမီးပန်း များ လွှတ်ခဲ့ကြသေးသည်။ သို့ရာတွင် အိမ်ထဲမှ လူသူအရိပ်အယောင်ကိုပင် မမြင်ရပါ။ မင်္ဂလာပွဲ သွားစဉ်က အဆင်အပြင်မျိုး ဖဲကြိုးတွေ၊ စက္ကူပန်းကုံးတွေ ဆင်ထားသည့် မော်တော်ကား အမိုးဖွင့်လျက်သား အိမ်ရှေ့တွင် ရပ်ထားသဖြင့် အိမ်ထဲတွင် လူသူမရှိဟုလည်း မည်သူကမျှ မထင်မိကြ။ တကယ့်ဂီတသမားကြီးလို ဂစ်တာတီးနေသည့် ကျွန်တော့်ညီ လူဝီအင်းရစ်က လက်ထပ်ပြီးစ ဇနီးမောင်နှံအတွက် အဓိပ္ပာယ်နှစ်ခွထွက်သော သီချင်းတပုဒ်ကို လက်တန်းစပ်၍ ကောက်တီးသည်။

ထိုအချိန်အထိ မိုးမရွာသေးပါ။ မရွာရုံမျှမက လသည် ကောင်းကင်တွင် မြင့်နေပြီး လေကလည်း သန့်ရှင်းနေပါသည်။ မြို့အောက်ခြေ သုသာန်ဘက်ဆီမှ မီးရောင်ကလေးများကို ရေးရေး မြင်ရသည်။ အခြားတဖက်တွင် လရောင်အောက်က အပြာရောင် ငှက်ပျောတောများ၊ လွှမ်းစဖွယ် စိမ့်တောများနှင့် မိုးကုပ်စက်ဝိုင်းအောက် ကာရစ် ဘီယန် ပင်လယ်ဘက်ဆီမှ မီးစုန်းရောင်တန်းများကို မြင်ရသည်။ စန်တီယာဂိုနာဆားက ပင်လယ်မှ မီးရောင်တန်းတတန်း ကို ညွှန်ပြကာ ထိုမီးရောင်တန်းမှာ ဆီနီဂဲလ်မှ လူမည်းများကို တင်လာစဉ် မြုပ်သွားသော ကျွန်ကုန်ကူးသင်္ဘောတစီး၏ ဝိညာဉ်ဖြစ်ကြောင်းဖြင့်

ပြောပြသည်။ ထိုအချိန်က အိန်ဂျလာ ဗီကာရီယို၏ တိုတောင်းလှသော အိမ်ထောင်သည်ဘဝသည် လွန်ခဲ့သည့် နှစ်နာရီလောက်က အဆုံးသတ်သွားပြီဆိုသည်ကို မသိသေးသည့်တိုင် သူ၏ ဩတ္တပ္ပစိတ်သည် သူ့အား အနှောင့်အယှက် ပေးနေသည်ဟု မပြောနိုင်သေးပေ။ ဘာယာဒိုဆန်ရိုမန်သည် သူမ၏ ကြမ္မာဆိုးကို ကြိုတင် မသိစေလိုသည့်အတွက် သူမကို မိဘများအိမ်သို့ ပြန်မပို့ဘဲ ခြေကျင် လိုက်ပို့ခဲ့ပြီးနောက် အိမ်သို့ တယောက်တည်း ပြန်ရောက်လာခဲ့ကာ မုဆိုးဖို ဇီးယားစ်၏ ပျော်စရာကောင်းသည့် အိမ်ကြီးတွင် မီးများကို ပိတ်ထားခဲ့သည်။

တောင်ကုန်းပေါ်မှ ကျွန်တော်တို့ ဆင်းလာသည့်အခါတွင် ကျွန်တော့်ညီက ဈေးထဲက စားစရာဆိုင်တဆိုင်ဝင်ပြီး ငါးပေါင်းကြော် စားရန် အဖော်ညှိသည်။ သို့ရာတွင် ဘုန်းတော်ကြီး ကြွမလာမီ တနာရီလောက် အိပ်ချင်သေးသဖြင့် စန်တီယာဂိုနာဆားက ကန့်ကွက်သည်။ သူသည် ခရစ္စတိုဘီဒိုယာနှင့်အတူ မြစ်ကမ်းပါးအတိုင်း လျှောက်သွားကာ သဘော်ဆိပ်မှ မီးရောင်များကြောင့် လင်းနေသော လူဆင်းရဲတို့၏ စားသောက်ဆိုင်များကို ဖြတ်လာခဲ့သည်။ လမ်းချိုးကို ကွေ့မသွားခင် သူသည် လက်ပြနှုတ်ဆက်သွားခဲ့၏။ ထိုအကြိမ်သည် သူ့ကို ကျွန်တော်တို့ နောက်ဆုံးမြင်လိုက်ရသည့်အကြိမ် ဖြစ်လေသည်။

သဘော်ဆိပ်တွင် ပြန်တွေ့သည်ဟုပြောပြီး လမ်းခွဲလာခဲ့သည့် ခရစ္စတိုဘီယာဒိုသည် သူ့အိမ်နောက်ဖေးသို့ အရောက်တွင် သူနှင့် လမ်းခွဲလာခဲ့သည်။ သူဝင်လာသည့်အသံကို ကြားသည့်အခါတွင် ခွေးများက ထုံးစံအတိုင်း သူ့ကို ဝိုင်းဟောင်ကြ၏။ သို့ရာတွင် တဝက် အလင်းရောင်ထဲတွင် သော့များကို ချွင်ချွင်မြည်အောင် လှုပ်ယမ်းပြရင်း သူတို့ကို ငြိမ်အောင် လုပ်လိုက်၏။ အိမ်ထဲသို့အဝင် မီးဖိုထဲမှ ဖြတ်လာစဉ် ဗစ်တိုးရီးယားဂုဇ်မန်းသည် မီးဖိုပေါ်ရှိ ကော်ဖီအိုးကို ကြည့်နေသည်။

'လူဖြူကောင်လေးရေ... မကြာခင် ကော်ဖီရမယ်နော်' ဟု သူမက လှမ်းပြောလိုက်၏။

စန်တီယာဂိုနာဆားက မကြာမီ သောက်မည်ဟုပြောကာ ၅ နာရီခွဲတွင် သူ့ကို နှိုးဖို့၊ အဝတ်အစား အဆင်သင့်ပြင်ဖို့ ဒီဗီနာ ဖလိုးကို ပြောထားရန် မှာခဲ့သည်။ သူ အိပ်ရာဝင်သွားပြီး မကြာမီတွင် သူတောင်းစား အဘွားကြီးမှတဆင့် ကလိုတီလ်ဒါအာမင်တာ ပြောလိုက်သော သတင်းကို ဗစ်တိုးရီးယားဂုဇ်မန်း ကြားရသည်။ မနက် ၅ နာရီထိုးသည့်အခါ၌ သူ့ကိုနှိုးပါဆိုသည့်အမိန့်ကို လိုက်နာ၏။ သို့ရာတွင် ဒီဗီနာဖလိုးကို စေလွှတ်ခြင်းမပြု။ သူမကိုယ်တိုင် အဝတ်အစား ထုတ်ပေးရန် အပေါ်ထပ်သို့ တက်လာခဲ့သည်။ သူ့သမီးငယ်အား မောင်မင်းကြီးသား၏လက်နှင့် ဝေးအောင်ထားရန် အခွင့်အရေးကိုမူ တချက်မျှ

လက်လွတ်မပေးခဲ့ချေ။

မာရီယာဆာဗင်းတီးသည် သူမ၏အိမ်ကို အမြဲတမ်း တံခါး မရှိ၊ ခားမရှိ ဖွင့်ထား၏။ ကျွန်တော်သည် ကျွန်တော့်ညီနှင့် ခွဲခွာကာ ကပြားကောင်မလေးများ၏ ကြောင်တွေ၊ ဂမုန်းပင်တွေပေါ်မှာ ခွေအိပ်နေရာ ဝရန်တာကို ဖြတ်လာခဲ့ပြီးနောက် တံခါးမခေါက်ဘဲ အိပ်ခန်း တံခါးကို ဖွင့်လိုက်သည်။ အခန်းထဲတွင် မှောင်နေ၏။ သို့ရာတွင် အခန်းထဲသို့ ရောက်သည်နှင့် ပူနွေးသည့် မိန်းမတယောက်၏ရနံ့ကို ရလိုက်ပြီး အိပ်မပျော်သည့် ကျားသစ်တကောင်၏ မျက်လုံးများကို အမှောင်ထဲတွင် မြင်လိုက်ရသည်။ ထို့နောက်တွင်မူ ခေါင်းလောင်းထိုးသံတွေ မြည်လာသည်အထိ ကျွန်တော့်အကြောင်းကို ကျွန်တော် ဘာမျှ မသိလိုက်တော့ပေ။

ကျွန်တော်တို့ အိမ်သို့ပြန်လာစဉ် ကျွန်တော့်ညီသည် ကလိုတီလ်ဒါအာမင်တာ၏ဆိုင်သို့ ဝင်ပြီး စီးကရက်ဝယ်သည်။ အရက် တော်တော်မူးနေသဖြင့် ထိုတွေ့ဆုံမှုနှင့် ပတ်သက်သည့် သူ့မှတ်ဉာဏ်များသည် ဝိုးတိုးဝါးတား ဖြစ်နေကြသည်။ သို့ရာတွင် ပီဒရို ပေးလိုက်သည့် သေရည်၏တန်ခိုးကိုမူ ဘယ်တော့မျှ မမေ့နိုင်ပါ။ ‘မီးကို ရေဖျော်သောက်ရသလိုပဲဗျ’ ဟု သူက ပြောပြသည်။ ပက်ဘလိုဗီကာရီယိုသည် သူဝင်လာသည့်အသံကြောင့် အိပ်ရာမှ လန့်နိုးလာကာ ခားကို ပြသည်။

‘စန်တီယာဂိုနာဆားကို သွားသတ်မလို့ကွ’ ဟု သူက ပြော၏။

ကျွန်တော့်ညီသည် ထိုစကားကို သတိမရတော့ပါ။ ‘ဒါပေမဲ့ အမှတ်ရတယ်ဆိုရင်တောင် ကျွန်တော် ဘယ်ယုံမလဲဗျ၊ ဒီအမြွှာညီနောင် နှစ်ယောက်က လူသတ်မယ်ဆိုတာ ဘယ်လိုလုပ်မှ ယုံနိုင်စရာ မရှိဘူး၊ ဝက်သတ်ခားကြီးနဲ့ဆိုတော့ သာပြီးတောင် မယုံသေးတယ်’ ဟု ကျွန်တော့်ကို မကြာခဏ ပြောတတ်သည်။ ထို့နောက် သူတို့နှစ်ယောက်ကို တွဲ၍မြင်ခဲ့သောကြောင့် မေးခြင်း ဖြစ်သည်။ ကျွန်တော့်ညီကမူ သူ ဘယ်လိုဖြေခဲ့သည်ကို ကောင်းကောင်းမမှတ်မိတော့။ သို့ရာတွင် သီးခြားထွက်ချက်များထဲတွင်မူ အစစ်ခံချက်တမျိုး ဖြစ်နေသဖြင့် ကလိုတီလ်ဒါ အာမင်တာနှင့် ဗီကာရီယို ညီအစ်ကိုနှစ်ဦးတို့သည် လန့်သွားကြသည်။ ထိုထွက်ချက်များအရ ဆိုလျှင် စန်တီယာဂိုနာဆား သေပြီဟု ကျွန်တော့်ညီက ပြောသည်။ ထို့နောက် သူသည် ဆုတောင်းကာ အဝင်ဝတွင် ခလုတ်တိုက်ပြီး အပြင်သို့ ဒယီးဒယိုင်ဖြင့် ထွက်သွားသည်။ ကွက်လပ်အလယ်သို့ အရောက်တွင် သင်္ဘောဆိပ်သို့ သွားနေသော ဘုန်းတော်ကြီး အာမာဒိုကို တွေ့ရသည်။ သူ့နောက်မှ ကိုရင်ကလေး တပါးက ခေါင်းလောင်းတီး လိုက်လာပြီး ကျောင်းသားများက ဆရာတော်ကြီး တရားဟောရန်အတွက် ပလ္လင်တခုကို ထမ်းလာကြသည်။ သူတို့ဖြတ်သွားသည့်အခါတွင် ဗီကာရီယို

ညီအစ်ကိုနှစ်ယောက်က ကားတိုင် သဏ္ဌာန် လက်ယှက်၍ ဘုရားရှိခိုးကြသေးသည်။

သူမ၏ဆိုင်ရှေ့မှ ဘုန်းတော်ကြီး ဖြစ်သွားသည့်အခါတွင် သူတို့အားလုံး နောက်ဆုံး မျှော်လင့်ချက်များ ကုန်ခန်းသွားပြီ။ ကလိုကီလ်ဒါအာမင်တာက ကျွန်တော့်ကို ပြောပြသည်။ 'ကျွန်မ ပြောလိုက်တာကို သူ မသိသေးဘူးထင်တယ်' ဟု သူမက ပြောသည်။ သို့ရာတွင် နောင်နှစ်ပေါင်းများစွာ ကြာသည့်အခါတွင် သူသည် ကလိုတီလ်ဒါအာမင်တာ ပြောလိုက်သည့် သတင်းကို ရရှိကြောင်း၊ သဘော်ာဆိပ်သို့ ဆင်းခါနီးတွင် ထို့ထက်တိကျသော သတင်းကိုပင် ရခဲ့ကြောင်းဖြင့် ဘုန်းတော်ကြီး အာမာဒိုက ကျွန်တော့်ကို ဝန်ခံသည်။ 'ဒါပေမဲ့ ခက်တာက ငါလည်း ဘာမှမလုပ်တတ်ဘဲ ဖြစ်နေတယ်၊ ပထမတော့ ဒါ ငါ့ကိစ္စမဟုတ်ဘူး၊ အုပ်ချုပ်ရေး အာဏာပိုင်တွေ ကိစ္စပဲလို့ အောက်မေ့လိုက်သေးတယ်၊ ဒါပေမဲ့ နောက်ဆုံးတော့ ဒီအကြောင်းကို ပလေစီဒါလီနာရိုကို ဝင်ပြောသွားမယ်လို့ ဆုံးဖြတ်လိုက်တယ်' ဟု ပြော၏။ သို့ရာတွင် ကွက်လပ်ထဲသို့ ဖြတ်လာသည့်အခါ၌ ထိုကိစ္စကို လုံးဝမေ့သွားခဲ့သည်။ 'ဆရာတော်ကြီးကလည်း ကွာ... ဒီလို အမင်္ဂလာနေ့မျိုးမှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတယ်' ဟု ပြောပြသည်။ ရာဇဝတ်မှု ကျူးလွန်သည့်အချိန်၌ သူသည် သူ့ကိုယ်သူ စိတ်ပျက်စက်ဆုပ်ဖြစ်လာကာ မီးလှန့် သံချောင်းကို ခေါက်ရမလားဟု စိတ်ကူးမိသေးသည်။

ကျွန်တော့်ညီ လူဝီအင်းရစ်သည် မီးဖိုကိုဖြတ်ကာ အိမ်ထဲသို့ ဝင်လာခဲ့သည်။ ကျွန်တော်တို့ ပြန်လာလျှင် အဖေ သိမည်စိုးသဖြင့် အမေက နောက်ဖေးတံခါးပေါက်ကို ဖွင့်ပေးထားခြင်း ဖြစ်သည်။ သူသည် အိပ်ရာသို့မဝင်ခင် ရေချိုးခန်းထဲသို့ ဝင်သေးသည်။ သို့ရာတွင် အိမ်သာ ထိုင်ရင်း အိပ်ပျော်သွားခဲ့သည်။ ကျွန်တော့်ညီငယ် ဂျေမီက ကျောင်းသွားရန် အိပ်ရာမှ ထသည့်အခါတွင် ကြွေပြားကြမ်းပေါ်တွင် မှောက်လျက်လဲ၍ အိပ်ပျော်နေသော လူဝီအင်းရစ်ကို တွေ့ရသည်။ သီလရှင်ဝတ်နေသူ ကျွန်တော့်အစ်မက သူ့ကို နှိုးသေးသည်။ သို့ရာတွင် နှိုး၍မရပါ။

'ငါ ရေချိုးခန်းထဲဝင်တော့ မနက် ၅ နာရီ ထိုးနေပြီ' ဟု ကျွန် တော့်ကို ပြောပြသည်။ ထို့နောက် ကျွန်တော့်ညီမငယ် မားဂေါ့က သဘော်ာဆိပ်သို့ဆင်းရန် ရေချိုးဖို့ဝင်သည့်အခါတွင် ကြမ်းပေါ်တွင် မှောက်လျက်သား လဲနေသည့် လူဝီအင်းရစ်ကို မနည်းဆွဲထုတ်ယူရသည်။ သူသည် အိပ်ပျော်ခြင်း ၏ အခြားဘက်တဖက်မှနေ၍ ဆရာတော်၏ သဘော်ာဥသြသံကို မနိုးဘဲ ကြားလိုက်ရ၏။ ထို့နောက် သူသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ရာ ကျွန်တော့်အစ်မ သီလရှင်က သူ့ဝတ်ရုံ ကို ဝတ်နေရာမှ 'စန်တီယာဂိုနာဆားကို သတ်လိုက်ပြီတဲ့တော့' ဟု ရူးသွပ်စွာအော်သံကို ကြားမှ အိပ်ရာမှ နိုးလာခဲ့သည်။

* * * * *

ဒေါက်တာ ဒီယိုနီဆို အီဂွါရန်း မရှိသည့်အတွက် အလောင်းကို ဘုန်းတော်ကြီး အာမာဒိုက အသေအချာ ခွဲစိတ်စစ်ဆေးသည့်အခါတွင် ခေးဒဏ်ရာများကြောင့် ပျက်စီးသွားသည့် အပျက်အစီးသည် အစမျှသာ ရှိသေးသည်။ 'သေပြီးမှ နောက်တကြိမ် သတ်သလို ဖြစ်နေတာပေါ့ ဗျာ၊ ဒါပေမဲ့ မြို့တော်ဝန်ရဲ့အမိန့်လေ၊ လူရိုင်းတွေ ပေးထားတဲ့ အမိန့်တွေဟာ အသုံးသာ မကျပေမဲ့ မလိုက်နာလို့ မဖြစ်ဘူးဗျ' ဟု ကာလာမဲတွင် အနားယူသွားသည့် အသက်ကြီးလှပြီ ဖြစ်သော ဘုန်းတော်ကြီးက ပြောသည်။ သင့်လျော်သည့်အလုပ်တော့ မဟုတ်ပါ။ အဓိပ္ပာယ် ကင်းမဲ့လှကာ ထိုတနင်္လာနေ့ ရုတ်ရုတ်သဲသဲ ဖြစ်ချိန်၌ ဗိုလ်မှူးကြီးအာပွန်တီသည် ပြည်နယ် ဘုရင်ခံအား ကြေးနန်းဖြင့် စကားပြောခဲ့သည်။ ဘုရင်ခံက စုံစမ်းစစ်ဆေးသည့် တရားသူကြီး တဦး မရောက်မီ လိုအပ်သည့် ခြေလှမ်းများကို လုပ်ရန် အခွင့်အာဏာ ပေးလိုက်၏။ မြို့တော်ဝန်မှာ မူလက စစ်ဘက်မှ ဖြစ်အုပ်ချုပ်ရေးဆိုင်ရာ တရားဥပဒေများနှင့် ပတ်သက်၍ အတွေ့အကြုံ မရှိပေ။ မည်သည့်နေ့က စ၍ လုပ်ရမည်ဆိုသည်ကို သိသူများအားလည်း မေးမြန်းခြင်း မရှိဘဲ ဘဝင်မြင့်သူတယောက် ဖြစ်သည်။ သူ ခေါင်းရှုပ်ရမည့် ပထမကိစ္စမှာ အလောင်းကို ခွဲစိတ်သည့်ကိစ္စ ဖြစ်သည်။ ဆေးကျောင်းသားတယောက် ဖြစ်ခဲ့သည့် ခရစ္စတိုဘီဒိုယာမှာ စန်တီယာဂိုနာဆားနှင့် ရင်းနှီးသူဖြစ်သဖြင့် ဤအခက်အခဲကို ဖြေရှင်းပေးခဲ့ သည်။ ဒေါက်တာ ဒီယိုနီဆိုအီဂွါရန်း ပြန်လာသည်အထိ အလောင်းကို ရေခဲသေတ္တာထဲ၌ ထည့်ထားရန် မြို့တော်ဝန် စိတ်ကူးခဲ့သည်။ သို့ရာတွင် လူတကိုယ်စာ ဆံ့သည့် ရေခဲသေတ္တာကို ရှာ၍ မတွေ့ပါ။ ရှာတွေ့သည့် တခုတည်းသော ရေခဲသေတ္တာမှာလည်း ပျက်နေသည်။ လူချမ်းသာ အသုဘအတွက် ချမည့် အသုဘခေါင်း အကောင်းစားကို စပ်နေစဉ် အလောင်းကို သံခုတင် ကျဉ်းကျဉ်းလေးပေါ်တွင် တင်ပြီး ဧည့်ခန်းအလယ်တွင် ပြင်ကာ လူရှေ့သူရှေ့တွင် ချထားရ သည်။ အိပ်ခန်းထဲနှင့် အိမ်နီးချင်းများထံမှ ပန်ကာများကို ငှားထားသော်လည်း အသုဘရှုသူ များပြားလှသဖြင့် ငှက်လှောင်အိမ်များ၊ ပန်းအိုးများကို ရွှေ့ပေးရသည်။ သို့တိုင်အောင် အခန်းထဲတွင် မွန်းကျပ်လျက်ရှိသည်။ ထို့ပြင် ခွေးများကလည်း လူသေအနံ့ ရသည့်အတွက် တမျိုးတဖုံဖြစ်ကာ ဂနာမငြိမ် ဖြစ်နေကြသည်။ စန်တီယာဂိုနာဆားက မီးဖိုထဲတွင် အသက် ငင်နေချိန် ကျွန်တော် ရောက်သွားကတည်းက ခွေးများမှာ မရပ်မနား အူနေကြသည်။ ဒီဗီနာဖလိုးမှာလည်း တအီအီ ငိုရင်းက ခွေးများကို တုတ်တချောင်းဖြင့် မောင်းနေ၏။

'ကျွန်မကို ကူမောင်းပေးပါဦး၊ ခွေးတွေက အထဲက ကလီစာတွေကို စားချင်နေကြတာ' ဟု ကျွန်တော့်ကို လှမ်းအော်သည်။

ကျွန်တော်တို့သည် ခွေးများကို မြင်းဇောင်းထဲ လှောင်ပြီး ပိတ်ထားလိုက်ကြသည်။ ထို့နောက်တွင် အသုဘပြီးသည့်အချိန် ခွေးများကို

အဝေးတနေရာသို့ ပြောင်းရွှေ့ထားရန် ပလေစီဒါလီနာရိုက အမိန့်ပေးလိုက်သည်။ သို့ရာတွင် မွန်းတည့်ချိန်လောက်တွင်မူ ဘယ်နည်း ဘယ်ပုံ ထွက်လာသည် မသိ။ ခွေးအုပ်သည် အိမ်ထဲသို့ တရကြမ်း ပြေးဝင်လာသည်။ ပလေစီဒါလီနာရိုမှာ စိတ်တိုသွား၏။

'ဒီသောက်ခွေးတွေ သတ်ပစ်ကြစမ်း' ဟု သူမက အော်သည်။

အမိန့်ကို ချက်ချင်း အကောင်အထည် ဖော်လိုက်သဖြင့် တအိမ်လုံး ပြန်လည်တိတ်ဆိတ်သွား၏။ ထို့နောက်တွင်မူ အလောင်းနှင့် ပတ်သက်၍ ဘာမျှစိုးရိမ်စရာ မရှိတော့ပြီ။ မျက်နှာမှာ အကောင်းပကတိ ရှိနေပြီး သူ သီချင်းဆိုနေသည့်အခါတွင် ပေါ်နေသည့် အမူအရာမျိုး ဖြစ်သည်။ ခရစ္စတိုဘီယာဒိုသည် ထွက်ကျနေသော အူများကို ပြန်သွင်းပြီး ခန္ဓာကိုယ်ကို အဝတ်စုတ်ကြီး များဖြင့် ကျပ်စည်းထား၏။ သို့ရာတွင် ညနေပိုင်းလောက်၌ ဖျော့ရည်ရောင် အရည်များသည် ဒဏ်ရာများမှ စီးကျလာခဲ့သဖြင့် ယင်တွေ အုံလာသည်။ အပေါ်နှုတ်ခမ်းတဝိုက်တွင် အညိုကွက်ကြီးတခု ပေါ်လာပြီး ရေပြင်ပေါ်တွင် တိမ်တိုက်တတိုက်၏ အရိပ်လို ဆံစပ်အထိ တဖြည်းဖြည်း ပျံ့နှံ့သွားသည်။ အမြဲတမ်းလို ပျော့ပျော့နေတတ်သည့် သူ့မျက်နှာသည် ရန်လိုသောအသွင်ကို ဆောင်နေ၏။ သူ့အစ်မက မျက်နှာကို လက်ကိုင်ပဝါတထည်ဖြင့် အုပ်ပေးလိုက်၏။ ကြာကြာစောင့်၍ မဖြစ်ကြောင်းကို ဗိုလ်မှူးကြီးအာပွန်တီ သဘောပေါက် လိုက်သဖြင့် ဘုန်းတော်ကြီး အာမာဒိုကို အကောင်းဆုံး ခွဲစိတ်ရန် ပြောသည်။

'နောက်တပတ်လောက်ကြာမှ ပြန်ဖော်ပြီး ခွဲစိတ်နေရင် ပိုဆိုးမယ်' ဟု သူက ပြော၏။ ဘုန်းတော်ကြီး အာမာဒိုမှာ ဆာလာမန်ကာတွင် ဆေးပညာနှင့် ခွဲစိတ်ပညာကို လေ့လာခဲ့ဖူး သည်။ သို့ရာတွင် ဘွဲ့မရခင် ကျမ်းစာသင်ကျောင်းတက်ပြီး ရဟန်းဘောင်သို့ ဝင်ခဲ့သည်။ ဘုန်းတော်ကြီး၏ ခွဲစိတ်စစ်ဆေးမှုသည် ဥပဒေအရာ မမြောက်ကြောင်းကို သိသော်လည်း ဘုန်းတော်ကြီးကိုပင် အခွဲခိုင်းရတော့မည်။

ထိုခွဲစိတ်မှုသည်လည်း လူသတ်ပွဲနှင့် အတူတူပင် ဖြစ်၏။ စာသင်ကျောင်းကလေး တကျောင်းထဲ တွင် မှတ်စုလိုက်ရေးပေးသည့် ဆေးရောင်းသမားတယောက်၊ ကျောင်းပိတ်ရက် ခဏပြန်လာ သည့် ပထမနှစ် ဆေးကျောင်းသားတယောက်တို့၏ လူသတ်ပွဲဟု ဆိုရလိမ့်မည်။ သူတို့တွင် အသေးစား ခွဲစိတ်မှုကလေးတွေကို လုပ်သည့် တန်ဆာပလာ အနည်းငယ်သာရှိပြီး ကျန်ပစ္စည်း များမှာ လက်မှုပညာသည်တို့ သုံးသည့် ပစ္စည်းများ ဖြစ်သည်။ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာ ဒဏ်ချက်တွေ ဗရပွဖြစ်နေသည့်တိုင် ဘုန်းတော်ကြီး အာမာဒို၏ အစီရင်ခံချက်သည် စနစ်တကျ ရှိပြီး စုံစမ်းစစ်ဆေးသူ ရဲအရာရှိကလည်း

အသုံးဝင်သည့် အထောက်အထားတခုအဖြစ် ထွက်ချက်တွင် ထည့်သွင်းဖော်ပြထား၏။

ဒဏ်ရာပေါင်းများစွာတို့အနက် ခုနစ်ချက်မှာ သေလောက်သည့် ဒဏ်ရာများ ဖြစ်သည်။ ရင်ညွှန့်အောက် အတွင်းဘက်က ဓားဒဏ်ရာနက်နက် နှစ်ချက်ကြောင့် အသည်းမှာ အမြွာမြွာ ဖြစ်နေသည်။ ဝမ်းဗိုက်တွင် ဒဏ်ရာလေးချက်ရှိပြီး တချက်မှာ သည်းခြေအထိ စူးစူးနက်နက် ရောက်သွားသဖြင့် သည်းခြေ လုံးဝပျက်စီးသွားခဲ့သည်။ အူမကြီးတွင် အပေါက်ငယ် ခြောက်ပေါက် ဖြစ်နေပြီး အူသိမ်တွင် ဓားဒဏ်ရာနှစ်ချက် တွေ့ရသည်။ နောက်ကျောတွင် ရသည့် တခုတည်းသောဒဏ်ရာမှာ ခါးရိုး တတိယအဆစ်နားတွင် ဖြစ်ပြီး လက်ယာဘက် ကျောက်ကပ် ပေါက်သွားသည်။ ဝမ်းခေါင်းမှာ သွေးခဲများဖြင့် ပြည့်လျက်ရှိကာ အစာအိမ် အညစ်အကြေးများထဲတွင် စန်တီယာဂို လေးနှစ်သားအရွယ်တုန်းက မျိုချထားသော ရွှေဒင်္ဂါးပြား တပြားကို တွေ့ရသည်။ ရင်ခေါင်းတွင်လည်း အပေါက်နှစ်ပေါက် တွေ့ရ၏။ တပေါက်မှာ လက်ယာဘက် ဒုတိယနံရိုးကြားဖြစ်ပြီး အဆုတ်ကို ထိသွားခဲ့သည်။ အခြားတပေါက်မှာ လက်ဝဲဘက် ချိုင်းအောက်နားတွင် ဖြစ်သည်။ လက်နှင့် လက်မောင်းတို့တွင်လည်း ဒဏ်ရာ အသေးစား ခြောက်ချက် ရသေးသည်။ ထို့ပြင် ကန့်လန့်ဖြတ် ဓားဒဏ်ရာနှစ်ချက် ရှိသေးရာ တချက်မှာ လက်ယာဘက် ပေါင်တွင်ဖြစ်ပြီး နောက်တချက်မှာ ဝမ်းဗိုက်ကြွက်သားများတွင် ဖြစ်သည်။ လက်ယာလက်တွင် ဓားဒဏ်ရာနက်နက်တခု ရထားသည်။ ကားစင်တင်ခံရသော ခရစ်တော်၏ဒဏ်ရာမျိုးနှင့် တူသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဦးနှောက်မှာ သာမန် အင်္ဂလိပ်တဦးထက် ဂရမ် ၆၀ ပိုလေးသဖြင့် စန်တီယာဂိုနာဆားသည် ဉာဏ်ထက်မြက်သူဖြစ်ပြီး တောက်ပသည့် အနာဂတ်ရှိသူတဦး ဖြစ်သည်ဟု ဘုန်းတော်ကြီး အာမာဒိုက အစီရင်ခံစာထဲတွင် ဖော်ပြသည်။ သို့ရာတွင် နောက်ဆုံးပိတ် မှတ်ချက်၌ အသည်းတွင် အမာရွတ်ဟောင်း ရှိသည့် အတွက် အသည်းရောင်ရောဂါဟောင်းမှာ ပျောက်ကင်းခြင်း မရှိသည့် လက္ခဏာများကို တွေ့ရသည်ဟု ပါရှိသည်။

'တနည်းပြောရရင် နေရရင်လည်း သိပ်မနေရတော့ဘူးဆိုတဲ့ သဘောပေါ့' ဟု ကျွန်တော့်ကို ပြောပြ၏။ စန်တီယာဂိုနာဆား ၁၂ နှစ်သားလောက်က အသည်းရောင်ရောဂါကို ကုသပေးခဲ့ရ သည့် ဒေါက်တာ ဒီယိုနီဆို အီဂွါရန်းကမူ အလောင်းခွဲစိတ်မှုအကြောင်းကို ပြောတိုင်း စိတ်ဆိုးနေသည်။

'ဘုန်းတော်ကြီးမို့လို့ ဒီလောက် ထုံတာပေါ့ဗျာ၊ အပူပိုင်းဇုန်မှာနေတဲ့ လူမျိုးတွေဟာ အသည်းကြီး တတ်တယ်ဆိုတာ သူ သိမှ မသိတာ' ဟု ပြော၏။

စန်တီယာဂို သေဆုံးရခြင်းမှာ အဓိက ဒဏ်ရာကြီး ခုနစ်ခုအနက် တခုခုကထွက်သော သွေးများ ကြောင့် သေဆုံးရခြင်း ဖြစ်သည်ဟု အစီရင်ခံစာက

ကောက်ချက်ချသည်။

သူတို့သည် လုံးဝခြားနားသော အလောင်းတလောင်းကို ပြန်ယူလာကြသည်။ ခွဲစိတ်ထားသဖြင့် ဦးခေါင်းခွံတခြမ်းမှာ လုံးဝ ပျက်စီးလေပြီ။ အသက်ပျောက်စဉ်က ကျန်နေသေးသော သနရုပ္ပ မျက်နှာမှာလည်း ရုပ်ဆင်းပျက်ကာ မမှတ်မိနိုင်အောင် ဖြစ်နေသည်။ ထို့ပြင် ဘုန်းတော်ကြီး အာမာဒိုသည် အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်နေသည့် အူများကို ဆွဲနုတ်ထားရာ ခွဲစိတ်ပြီးသည့် အခါတွင် ဘာလုပ်ရမည် မသိဘဲ စိတ်ဆိုးမာန်ဆိုးဖြင့် ကောင်းချီးပေးပြီးနောက် အမှိုက်ပုံးထဲသို့ ပစ်ထည့်လိုက်၏။ စာသင်ကျောင်း ပြတင်းပေါက်မှ နောက်ဆုံး ရပ်ကြည့်နေသူများလည်း ကြည့်ချင်စိတ် ကုန်ခန်းကာ ခွဲစိတ်သူ အကူတယောက်မှာလည်း သတိမေ့သွားခဲ့သည်။ လူသေကောင် များစွာ၊ ခွဲစိတ်မှုများစွာကို မြင်ဖူးခဲ့သည့် မြို့တော်ဝန် ဗိုလ်မှူးကြီး အာပွန်တီမှာ နောင်တွင် သက်သတ်လွတ်သမားနှင့် တရားကျင့်သူတဦး ဖြစ်သွားခဲ့သည်။

အဝတ်စုတ်များ၊ ပြဒါးများ ထိုးသိပ်ခဲ့ပြီး ဂုန်နီအိတ်ချုပ်သည့် အပ်များ၊ ဂုန်နီကြိုးများဖြင့် ဖြစ်သလို ချုပ်ထားသည့် ဟာလာဟင်းလင်း အခွံကြီးမှာ အောက်တွင် ပိုးမွှေ့ရာခံထားသည့် အသုဘခေါင်း အသစ်ထဲသို့ ထည့်ခါနီးတွင် တစစီ ပြုတ်ကျတော့မလို ဖြစ်နေသည်။

‘ဒီအတိုင်းထားတာက ပိုခံမယ်ထင်တယ်’ ဟု ဘုန်းတော်ကြီး အာမာဒိုက ကျွန်တော့်ကို ပြောပြ၏။ သို့ရာတွင် ပြောင်းပြန်ဖြစ်လာခဲ့ပါသည်။ ဤတွင် အရေးဏ်တက်ချိန်လောက်တွင် သူ့အလောင်းကို ခပ်မြန်မြန် မြှုပ်လိုက်ရသည်။ အလောင်းက ပုံပန်းသဏ္ဌာန်ပျက်ကာ အိတ်ထဲတွင် ထည့်ရန် မသင့်သောကြောင့် ဖြစ်သည်။

တိမ်ထူသော အင်္ဂါနေ့သည် ထိုးဖောက် ဝင်ရောက်လာသည်။ ထိုထိတ်လန့်ဖွယ်အဖြစ် နောက်ပိုင်းတွင် ကျွန်တော် အိပ်ရဲသည့်သတ္တိ မရှိတော့။ ကျွန်တော်သည် မာရီယာဆာဗင်းတီး၏ အိမ်တံခါးကို တွန်းဖွင့် ဝင်လာ၏။ မီးပုံးများစွာ ချိတ်ဆွဲထားရာ သစ်ပင်များပေါ်တွင် လင်းနေကြဆဲ ဖြစ်သည်။ ကပွဲလုပ်မည့် တလင်းပြင်တွင် အငွေ့ တထောင်းထောင်း ထွက်နေ သည့် အိုးကြီးများ တည်ထားသည့် မီးဖိုကြီးတွေ ရှိသည်။ ကပွဲလီ ကပြားမကလေးများသည် သူတို့မင်္ဂလာဆောင် အဝတ်အစားများကို ပူဆွေးချိန်ကာလတွင် ဝတ်ဖို့ ဆေးဆိုးရန် ပြင်ဆင်နေ ကြခြင်း ဖြစ်သည်။ အရေးဏ်တက်ချိန်ဆိုလျှင် အမြဲလို နိုးနေတတ်သော မာရီယာဆာဗင်းတီးကို တွေ့ရ၏။ ကျွန်တော်က သူ့အနီးတွင် ဝင်ထိုင်ပြီး စကားတခွန်းမှ မပြောနိုင်ဘဲ စိတ်မကောင်း ဖြစ်နေသည်။ ကျွန်တော် စန်တီယာဂိုနာဆား၏ ကံကြမ္မာ ရက်စက်ပုံကို တွေးနေသည်။ ကံကြမ္မာသည် သေခြင်း၊ ခန္ဓာကိုယ် အစိတ်စိတ်

အပိုင်းပိုင်း ဖြစ်စေခြင်း၊ ဖရိုဖရဲ ပြိုကွဲ ပျက်စီးစေခြင်း၊ သုတ်သင်သတ်ဖြတ်ခြင်း.. စသည့်နည်းများဖြင့် သူ့ထံမှ ပျော်ရွှင်မှု အနှစ် ၂၀ ကို စုဆောင်း သိမ်းဆည်းသွားခဲ့ပြီ။

'ငါ့အနား မလာနဲ့၊ နင်လည်း စန်တီယာဂိုနာဆားအနံ့ ရနေတယ်' ဟု သူမက ပြောသည်။

ကျွန်တော်သာ မဟုတ်ပါ။ ထိုနေ့၌ အရာရာတိုင်းသည် စန်တီယာဂိုနာဆားအနံ့ ရနေပါသည်။ နောက်ထပ် ဘာလုပ်ရမည်ဟု မဆုံးဖြတ်ရသေးမချင်း မြို့တော်ဝန်က သူတို့အား ချုပ်နှောင် ထားရာ အကျဉ်းတိုက်ကလေးတွင် ရောက်နေသော ဗီကာရီယို ညီအစ်ကိုနှစ်ယောက်သည်လည်း သူ့အနံ့ကို ရနေသည်။

'ဆပ်ပြာနဲ့တိုက်၊ အဝတ်စုတ်နဲ့ပွတ်တာပဲဗျာ၊ ဘယ်လောက်ပဲလုပ်လုပ် အဲဒီအနံ့က မပျောက်ဘူး'

ပီဒရိုဗီကာရီယိုက ကျွန်တော့်ကို ပြောပြ၏။ သူတို့သည် သုံးညလုံးလုံး အိပ်၍ မပျော်နိုင်။ သို့ရာတွင် တုံးလုံးပက်လက်လည်း မနားရဲ။ အိပ်ပျော်သွားသည်နှင့် ရာဇဝတ်မှုကို နောက်တကြိမ် ကျူးလွန်မိကြပြန်သည်။ ယခုအချိန်၌ လူအိုကြီးတယောက် ဖြစ်နေသည့် ပက်ဘလိုဗီကာရီယိုက ထို မဆုံးနိုင်သည့်နေ့က သူ့အခြေအနေကို ရှင်းပြရင်း....

'အိပ်ရာက နှစ်ခါ အနိုးခံလိုက်ရသလို ဖြစ်နေတယ်' ဟု အေးအေးဆေးဆေး ပြောပြ၏။ ထောင်ထဲတွင် သူတို့ မခံမရပ်နိုင် အဖြစ်ဆုံးအရာမှာ သူတို့စိတ်ခေတ် အေးဆေးတည်ငြိမ်နေမှု ဖြစ်လိမ့်မည်ဟု ထိုစကားလုံးများကို ထောက်၍ ကျွန်တော် တွေးမိ၏။

အခန်းကလေးမှာ ၁၀ ပေပတ်လည်ဖြစ်ပြီး သံတိုင်များ တပ်ထားသည်။ ကောင်းကင်ပေါက်တခု၊ သယ်ယူနိုင်သည့် အိမ်သာ တလုံး၊ ရေအိုးနှင့် အင်တုံရှိသည့် မျက်နှာသစ်ခုံတခု၊ ကောက်ရိုးများ ခင်းထားသည့် ခေါက်ထား၍ရသော ခုတင်နှစ်လုံးတို့ ရှိသည်။ ထိုအဆောက်အအုံကို အမိန့်ပေး၍ ဆောက်ခိုင်းသည်။ ဗိုလ်မှူးကြီး အာပွန်တီက ထိုထက် လူဆန်သည့် အကျဉ်းတိုက်ခန်းမျိုး မရှိဟု ပြောသည်။ သူ့အဆိုကို ကျွန်တော့်ညီ လူဝီအင်းရစ်ကလည်း ထောက်ခံသည်။ တညတွင် သူတို့ အတီးအမှုတ်သမားချင်း ရန်ဖြစ်ကြသဖြင့် သူ့ကို ထိုအချုပ်ခန်းထဲသို့ ပို့လိုက်သောကြောင့် ဖြစ်၏။ မြို့တော်ဝန်က သူ့အား ကပွဲလီ ကပြားမကလေးတယောက်ကိုပါ ခေါ်နေရန် ခွင့်ပြုသည်။ သူတို့နောက်မှ လိုက်လာသော အာရပ်လူမျိုးများထံမှ လွတ်လာပြီး မနက် ၈ နာရီ လောက်တွင် အကျဉ်းတိုက်ထဲသို့ ရောက်သွားသည့်အခါ၌ ဗီကာရီယို အမြွှာညီအစ်ကိုသည် လည်း အလားတူ အခွင့်အရေးကို လိုချင်ပေလိမ့်မည်။ ထိုအချိန်၌ သူတို့နှစ်ယောက်သည်

မိမိတို့တာဝန် ပြီးပြီဟု ဂုဏ်ယူကာ စိတ်သက်သာရာ ရနေကြသည်။ သူတို့ကို စိတ်အနှောင့်အယှက် ပေးနေသောအရာမှာ စန်တီယာဂိုနာဆားအနံ့ စွဲနေခြင်း ဖြစ်သည်။ သူတို့သည် ရေမျှားများ၊ အဝတ်လျှော်ဆပ်ပြာ ကောင်းကောင်းနှင့် အဝတ်စုတ်များ တောင်းကာ လက်မောင်းနှင့် မျက်နှာမှ သွေးများကို ဆေးကြောကြသည်။ သူတို့အကျီများကို လျှော်ဖွပ်ကြ သည်။ သို့ရာတွင် တချက်ကလေးမျှ အနားမရပါ။ ပီဒရိုဗီကာရီယိုသည် ဝမ်းပျော့ဆေး၊ ဆီးဆေးနှင့် သူ့အနာကို ပြန်စည်းရန် ပိုးသတ်ပြီးသား ပတ်တီးစ တလိပ် တောင်းသည်။ တမနက်လုံး ဆီးသွားဖို့ ကြိုးစားရာ နှစ်ကြိမ်သာ အောင်မြင်ခဲ့၏။ သို့ရာတွင် နေ့လယ်ပိုင်းသို့ ရောက်လာသည်နှင့်အမျှ သူ့ဘဝသည် ခက်ခဲလာရာ အနံ့ကိစ္စသည် ဒုတိယနေရာသို့ ရောက်သွားခဲ့သည်။ အပူရှိန်ကြောင့် လူတွေ အရည် ပျော်သွားတော့မလားဟု ထင်ရသည်။ နေ့ခင်း နာရီပြန်နှစ်ချက် ထိုးသည့်အခါတွင်မူ ပီဒရိုဗီကာရီယိုသည် အိပ်ရာပေါ်တွင် ဆက်၍ အိပ်မရတော့ပြီ။ သို့ရာတွင် ပင်ပန်းလွန်းသဖြင့် ထ၍လည်း မနေနိုင်။ ပေါင်ခြံဆီမှ ဝေဒနာသည် လည်ပင်းဆီသို့ ရောက်လာကာ ဆီးလည်း မသွားနိုင်တော့။ သူ တသက်လုံး အိပ်၍မှ ရပါတော့ မလားဟု တွေးကာ ထိတ်လန့်နေသည်။

'ကျုပ် ၁၁ လလုံးလုံး နိုးနေတယ်ဗျ' ဟု ကျွန်တော့်ကို ပြောပြသည်။ သူ့ကို ကောင်းကောင်း သိသည့် ကျွန်တော့်အဖို့ သူ့စကား မှန်ကြောင်း သိပါသည်။ သူသည် မနက်စာလည်း မစားနိုင်တော့ချေ။ ပက်ဘလိုဗီကာရီယိုမှာလည်း သူ့ဖို့ လာပို့သော အစားအစာကို နည်းနည်းသာ စား၏။ နောက် ၁၅ မိနစ်အကြာတွင် ဝမ်းဒလဟော သွားတော့သည်။ ညနေ ၆ နာရီလောက် စန်တီယာဂိုနာဆား၏ အလောင်းကို ခွဲစိတ်စစ်ဆေးနေကြစဉ် သူ့အစ်ကို အဆိပ်မိသည်ဟု ထင်ကြောင်း ပီဒရိုဗီကာရီယို အကြောင်းကြားသဖြင့် မြို့တော်ဝန် လိုက်သွားရသည်။

'ကျွန်တော့်ရှေ့မှာတင် အစ်ကိုဟာ ရေဖြစ်သွားတယ်ဗျ၊ တူရကီတွေ လက်ချက်ပဲလို့ ထင်တာပဲ' ဟု ပီဒရိုဗီကာရီယိုက ကျွန်တော့်ကို ပြောပြ၏။

ထိုအချိန်အထိ ပက်ဘလိုသည် အကျဉ်းတိုက်ခန်းထဲက ပြောင်းရွှေ့အိမ်သာတွင် ဝမ်း ခြောက်ခါ သွားခဲ့ရာ မဆံ့တော့သဖြင့် အစောင့်က နောက်ခြောက်ခါကို မြို့တော်ခန်းမ အိမ်သာသို့ ပို့ပေးရ သည်။ ဗိုလ်မှူးကြီး အာပွန်တီ ရောက်သွားသည့်အခါ၌ အစောင့် စောင့်ကြပ်လျက် တံခါးမရှိသည့် အိမ်သာထဲတွင် ရေတွေလို ဒလဟောသွားနေသော ပက်ဘလိုဗီကာရီယိုကို တွေ့ရသည်။ အဆိပ်မိသည် ဆိုသည့်စကားသည် မှန်လောက်သည်။ သို့ရာတွင် ပူရာ ဗီကာရီယို ပို့သည့်ရေကို သောက်ပြီး သူမပို့သည့် အစာကိုသာ စားသည်ဟု သေချာစွာ သိရပြီးသည့်နောက်၌ အဆိပ်မိသည်ဆိုသည့် အယူအဆကို ပယ်လိုက်၏။ သို့တိုင်အောင် မြို့တော်ဝန်မှာ ထိုစကားကို အလေးအနက်ထားကာ

စုံစမ်းစစ်ဆေးရေး တရားသူကြီး ရောက်လာပြီး ရီယာဟာချာ အကျဉ်းထောင်ကြီးသို့ ပို့သည်အထိ အကျဉ်းသားများအား သူ့အိမ်တွင် အထူး အစောင့်အရှောက် ဖြင့် ထားပါသည်။

အမြွာညီအစ်ကိုနှစ်ယောက်၏ အကြောက်မှာ လမ်းမမှ အခြေအနေကို တုံ့ပြန်ခြင်း ဖြစ်သည်။ အာရပ်တို့က လက်စားချေမည်ဆိုသည့် အယူအဆကို ပယ်ဖျက်ခြင်း မရှိသေး။ သို့ရာတွင် ဗီကာရီယို ညီအစ်ကိုနှစ်ယောက်မှ လွဲ၍ အဆိပ်ခတ်သည်ဟု မည်သူမျှ မတွေးမိကြပါ။ ထိုအစား ညအချိန်တွင် ကောင်းကင်ပေါ်က်မှ ဓာတ်ဆီလောင်းကာ အကျဉ်းတိုက်ထဲမှ အကျဉ်းသမား များကို မီးရှို့မည်လားဟုတော့ တွေးကြသည်။ သို့ရာတွင် ထိုအတွေးသည်လည်း လွယ်လွယ် တွေးသည့် အတွေး ဖြစ်ပါသည်။ အာရပ်များမှာ ယခု ရာစုနှစ် အစလောက်က ကာရစ်ဘီယန် ပင်လယ်ကမ်းခြေမြို့များသို့ လာရောက်နေထိုင်သည့် အေးအေးချမ်းချမ်းနေကြသော ရွှေ့ပြောင်း အခြေချသူများ ဖြစ်ကြသည်။ သူတို့သည် အဆင်းရဲဆုံးနှင့် အဝေးဆုံး ချောင်ကြိုချောင်ကြား အထိရောက်ကာ အဝတ်အထည်များနှင့် လက်ကောက်ကလေးများကို ရောင်းကြသည်။ အာရပ်များသည် အုပ်စုစိတ်ဓာတ်ရှိပြီး အလုပ်ကြိုးစားကြသည်။ ဘာရင်ဂျီဘာသာဝင်များ ဖြစ်ကြသည်။ သူတို့သည် အချင်းချင်း လက်ထပ်ကြပြီး ဂျုံကို နိုင်ငံခြားမှ တင်သွင်းကြသည်။ အိမ်တလင်းတွင် သိုးမွေးကြသည်။ လိမ္မော်ပင်နှင့် ခရမ်းပင်များ စိုက်ကြသည်။ ဖဲကစားခြင်းမှာ သူတို့၏ အပြင်းထန်ဆုံးသောဝါသနာ ဖြစ်သည်။ သက်ကြီးရွယ်အိုများမှာ နေရင်း တိုင်းပြည်မှ ပါလာသည့် ကျေးလက် အာရပ်ဘာသာ စကားကို ပြောဆိုကြပြီး ဒုတိယမျိုးဆက်လောက်အထိ ထိုစကားကို ထိန်းသိမ်းထားကြ၏။ သို့ရာတွင် စန်တီယာဂိုနာဆားမှ လွဲလျှင် တတိယ မျိုးဆက်မှာ မိဘများ၏ အာရပ်စကားကို နားထောင်ပြီး စပိန်ဘာသာဖြင့် ပြန်ပြောကြသည်။ ထို့ကြောင့် ကျွန်တော်တို့ဘက်က တာဝန်ရှိသော လူသတ်မှုတခုအတွက် ရှေးကျေးလက် အစဉ်အလာ လက်စားချေသည့် စိတ်ဓာတ်မျိုးကို ရုတ်တရက် ချက်ချင်း စွန့်လွှတ်လိမ့်မည်ဟု လည်း မယူဆသင့်ပါ။ သို့ရာတွင် ပလေစီ ဒါလီနာရို၏ မိသားစုဘက်မှ လက်စားချေလိမ့်မည်ဟု လည်း မည်သူ မထင်ပါ။ သူတို့မိသားစုမှာ တန်ခိုးကြီးပြီး တဖက်သား စီးပွားပျက်အောင် သဲသဲမဲမဲ တိုက်တတ်သူများ ဖြစ်ပါသည်။ ထို့ပြင် အရက်ဆိုင် လူသတ်သမားနှစ်ယောက်ကိုလည်း ငှားထားသူများ ဖြစ်ပါသည်။

ဗိုလ်မှူးကြီး အာပွန်တီသည် ကောလာဟလများကြောင့် စိတ်ညစ်နေကာ အာရပ်မိသားစုများထံ တအိမ်ပြီးတအိမ် လျှောက်သွား၏။ ထိုအခါကျမှပင် မှန်ကန်သောကောက်ချက်ကို ချနိုင်သည်။ အာရပ်မိသားစုများမှာ စိတ်ရှုပ်ထွေးကာ စိတ်မကောင်းဖြစ်နေကြသည်။ သူတို့ဘုရားစင်များ ပေါ်တွင် ပူဆွေးသောကရောက်နေသည့် အထိမ်းအမှတ်များကို တင်ထားကြ၏။ အချို့မှာ

မြေကြီးတွင် ထိုင်၍ ငိုနေကြသော်လည်း လက်စားချေဖို့ စိတ်ကူးမျိုး မရှိကြပါ။ ထိုနေ့ မနက်က သူတို့နှစ်ယောက် နေထိုင်မကောင်းဖြစ်ရခြင်းမှာ ရာဇဝတ်မှု ကျူးလွန်ချိန်တွင် ဖြစ်လာခဲ့ခြင်း ဖြစ်၏။ အသက်တရာရှိသည့် အဘွားအို ဆူဆန်နာအက်ဒါလာက အရက်ချဉ်နှင့် မဥ္ဇူသကပန်းကို ရော၍ တိုက်လိုက်သဖြင့် ပက်ဘလိုဗီကာရီယိုမှာမူ ဝမ်းသွားရပ်သွားပြီး သူ့ညီ ပီဒရိုဗီကာရီယိုမှာ မူ ပျစ်ခဲ့သည့် စီးဆင်းမှုတွေ ပေါ်လာသည်။ ထို့နောက် ပီဒရိုဗီကာရီယိုသည် အိပ်မပျော်သည့် အိပ်ငိုက်မှုထဲသို့ ကျရောက်သွားကာ သက်သာရာရသွားသည်။ သူ့အစ်ကိုမှာ နောင်တ သံဝေဂ မဖြစ်ရဘဲ ပထမဆုံးအကြိမ် အိပ်ပျော်သွားသည်။ ယင်းမှာ မြို့တော်ဝန်က သူတို့နှင့် တွေ့ပေးရန် အင်္ဂါနေ့မနက် ၃ နာရီတွင် သူ့ကို ခေါ်လာသောအခါ၌ ပူရာဗီကာရီယို တွေ့ရသော သူတို့အခြေအနေ ဖြစ်သည်။

ဗိုလ်မှူးကြီးအာပွန်တီ အစီအမံဖြင့် မိသားစုတခုလုံး တခြားသို့ ထွက်သွားကြသည်။ ထိုအထဲတွင် အစ်မကြီးများနှင့် သူတို့ ခင်ပွန်းများလည်း ပါကြသည်။ သူတို့သည် အများပြည်သူတို့ ပင်ပန်း နွမ်းနယ်မှုကို အကာအကွယ်ယူကာ တိတ်တဆိတ် ထွက်သွားကြခြင်း ဖြစ်၏။ ထိုအချိန်၌ ထိုပြန်လည်ပြင်ဆင်၍ မရရောတော့သောနေ့က မအိပ်ဘဲ နိုးနေသော ကျန်ရစ်သူ ကျွန်တော်တို့ တတွေမှာ စန်တီယာဂိုနာဆာအားကို မြေမြှုပ်သင်္ဂြိုဟ်နေကြသည်။ မြို့တော်ဝန်၏ ဆုံးဖြတ်ချက် အရ လူတွေ သွေးအေးသွားသည်အထိ ခဏရှောင်နေရန် ဖြစ်ပါသည်။ သို့ရာတွင် သူတို့သည် ဘယ်တော့မှ ပြန်မလာတော့ပါ။

ပူရာဗီကာရီယိုသည် အပွန်းအပဲ့များကို မည်သူမျှ မမြင်နိုင်အောင် အငြင်းပယ်ခံရသော သမီး၏ မျက်နှာကို အဝတ်ဖြင့် ဖုံးအုပ်ပေး၏။ ထို့နောက် သေသူ သူ့ရည်းစားအတွက် ပူဆွေးသောက ရောက်သည်ဟု မထင်ရအောင် တောက်ပသည့် အနီရောင် အဝတ်အစားများကို ဝတ်ဆင်စေ သည်။ ပြောင်းရွှေ့မသွားမီ သားထံမှ အပြစ်ရှိကြောင်း ခံဝန်ချက်တောင်းပေးရန် ဘုန်းတော်ကြီး အာမာဒိုကို လျှောက်၏။ သို့ရာတွင် ပီဒရိုဗီကာရီယိုက ဝန်ခံချက်ပေးရန် ငြင်းဆိုပြီး သူ့အစ်ကိုကို လည်း နောင်တရစရာ ဘာမျှအကြောင်းမရှိကြောင်း နားချသည်။ သူတို့နှစ်ယောက်ကို သီးခြား ထားလိုက်ကြ၏။ ရီယာဟာချာ အကျဉ်းထောင်ကြီးသို့ ပြောင်းသည့်နေ့၌ သူတို့နှစ်ဦးစလုံး အတော်အတန် နေထိုင်ကောင်းနေကြလေပြီ။ ထိုအခါ၌ သူတို့ကို မိသားစုလို ညအချိန် လူခြေတိတ်တွင် ပြောင်းစရာမလိုလောက်အောင် သူတို့လုပ်တာ မှန်သည်ဟု ထင်နေကြသည်။ လင်းလင်းကျင်းကျင်းရှိချိန် သူတို့မျက်နှာကို မဖုံးဘဲ ပြောင်းပါဟု တောင်းဆိုကြသည်။ သူတို့အဖေ ပွန်ချိုဗီကာရီယိုသည် မကြာမီတွင် ကွယ်လွန်သွားပါသည်။

'စိတ်ကြောင့် သေသွားတာ

ဟု အိန်ဂျလာဗီကာရီယိုက ကျွန်တော့်ကို ပြောပြသည်။ အမြွာညီအစ်ကိုနှစ်ယောက် တရားသေ လွတ်လာသည့်အခါတွင် မိသားစုနေထိုင်ရာ မာနော်ရီနှင့် တနေ့ ခရီးကွာသော ရီယိုအာချာတွင် ဆက်နေကြသည်။ ပရူဒင်ရှာကိုဘီ သည် ပက်ဘလိုဗီကာရီယိုနှင့် လက်ထပ်ရန် ထိုမြို့ကလေးသို့ လိုက်သွား၏။ ပက်ဘလိုဗီကာရီယိုမှာ အဖေ၏ဆိုင်တွင် အဖိုးတန်သတ္တုများနှင့် လုပ်သည့် အလုပ်ကို သင်ကြားခဲ့ပြီးနောက် နာမည်ကျော် ပန်းထိမ်ဆရာတယောက် ဖြစ်လာခဲ့သည်။ ပီဒရိုဗီကာရီယိုမှာ အချစ်လည်း မရှိ၊ အလုပ်လည်း မရှိဘဲ နောက်သုံးနှစ်အကြာတွင် စစ်ထဲသို့ လိုက်သွားကာ တပ်ကြပ်ကြီးအရစ်များကို ရခဲ့သည်။ သာယာသည့် တမနက်ခင်း၌ သူ၏ ပတ္တရောင်အဖွဲ့သည် သီချင်းတွေ ဆိုကာ ပြောက်ကျားနယ်ထဲသို့ ဝင်သွားခဲ့သည်။ ထို့နောက် တွင်မူ သူ့အကြောင်းကို တခါမျှ မကြားရတော့ချေ။

အများ၏အမြင်၌ အနစ်နာဆုံး သားကောင်မှာ တဦးတည်း ရှိသည်။ ယင်းမှာ ဘာယာဒိုဆန်ရိုမန် ဖြစ်သည်။ ကြေကွဲဖွယ်အဖြစ်ဆုံးတွင် ပါဝင်သူ အခြားသော ဇာတ်ဆောင်များသည် မိမိတို့ အသီးသီး၏ ဂုဏ်သိက္ခာကို ပြန်၍ဆယ်နိုင်ခဲ့ကြသည်ဟု ယူဆကြသည်။ အချို့ဆိုလျှင် ကြီးကျယ်ခမ်းနားမှုအပေါင်းဖြင့် ဂုဏ်သိက္ခာကို ဆယ်နိုင်ခဲ့ကြ၏။ ဘဝက အပ်နှင်းလိုက်သော သူမို့ ကံကြမ္မာတာဝန်ကို ဆောင်ရွက်နိုင်ခဲ့ကြသည်။ စန်တီယာဂိုနာဆားသည် သူ့စော်ကားမှုကို ပြန်၍ဆပ်ခဲ့ပြီ။ ဗီကာရီယို ညီအစ်ကိုသည်လည်း ယောကျ်ားသား၏ အဆင့်အတန်းကို သက်သေ ထူပြခဲ့ပြီ။ ဖြားယောင်းသွေးဆောင်ခံရသည့် ညီမငယ်သည်လည်း သူ့ဂုဏ်သိက္ခာကို ပြန်လည် ပိုင်ဆိုင်ခဲ့ပြီ။ အားလုံး ဆုံးရှုံးလိုက်ရသူမှာ နှစ်တော်တော်ကြာအထိ သနားစရာ ဘာယာဒိုဟု သတိရခံရသော ဘာယာဒိုဆန်ရိုမန် ဖြစ်သည်။ သို့ရာတွင် ထိုသီတင်းပတ် စနေနေ့ လကြတ်ပြီးသည့်အချိန်အထိ သူ့ကို ဘယ်သူမျှ သတိမရကြပါ။ ထိုညက မုဆိုးဖို ဇီးယားစ်က မြို့တော်ဝန်ကို ပြောပြရာ၌ သူရောင်းလိုက်သည့် အိမ်ခေါင်မိုးအပေါ် တွင် ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေသည့် ငှက်ကြီးတကောင်ကို မြင်လိုက်ကြောင်း၊ ယင်းမှာ သူ့ပစ္စည်းများကို လာတောင်းသည့် သူ့ဇနီး၏ဝိညာဉ် ဖြစ်မည်ထင်ကြောင်းဖြင့် ပြော၏။ မြို့တော်ဝန်သည် သူ့နဖူးကို သူပြန်ရိုက်၏။ သို့ရာတွင် မုဆိုးဖို မြင်လိုက်ရသည့် မြင်ကွင်းကြောင့်တော့ မဟုတ်ပါ။

'သောက်ကျိုးနည်း၊ ဒီလူ့ကို လုံးလုံး သတိမေ့နေပါလား' ဟု အော်သည်။

သူသည် ပတ္တရောင်အဖွဲ့တဖွဲ့ကို ခေါ်၍ တောင်ကုန်းပေါ်သို့ တက်လာခဲ့သည်တွင် အိမ်ကြီးရှေ့ တွင် အမိုးဖွင့်၍ ရပ်ထားသည့် မော်တော်ကားကို

တွေ့ရ၏။ အိမ်ခန်းထဲတွင်လည်း မီးလုံးကလေး တလုံး ပွင့်နေသည်ကို မြင်ရသည်။ သို့ရာတွင် တံခါးခေါက်သံကို မည်သူကမျှ အဖြေမပေးကြ။ သို့ဖြင့် ဘေးတံခါးတခုကို ချိုးဖျက်ကာ လကြတ်သည့်အရိပ်ဖြင့် လင်းနေသော အခန်းများကို ရှာကြသည်။

'ပစ္စည်းတွေ ရေအောက်မှာရောက်နေတာနဲ့ တူနေတယ်' ဟု မြို့တော်ဝန်က ကျွန်တော့်ကို ပြောပြ၏။ အင်္ဂါနေ့မနက်က ပူရာ ဗီကာရီယို မြင်ခဲ့သလို ဘာယာဒိုဆန်ရိုမန်သည် ဘောင်းဘီနှင့် စပို့ရှပ်အင်္ကျီကို ဝတ်လျက်သား ခုတင်ပေါ်တွင် သတိလစ်နေသည်။ သို့ရာတွင် ဖိနပ်တော့ စီးမထားချေ။ ကြမ်းပေါ်တွင် ပုလင်းလွတ်တွေ ပြန့်ကျဲလျက်ရှိပြီး ခုတင်ဘေးတွင်လည်း မဖောက်ရသည့် ပုလင်းတွေ ရှိသေးသည်။ သို့ရာတွင် စားစရာတခုမျှ မတွေ့ရ။ 'အီဆိုင်းလစ် မူးယစ်မှု နောက်ဆုံးအဆင့်ကို ရောက်နေတာ' ဟု အရေးပေါ် ကုသပေးသည့် ဒေါက်တာ ဒီယိုနီဆိုအီဂွါရန်းက ကျွန်တော့်ကို ပြောသည်။ သို့ရာတွင် သူသည် နာရီအနည်းငယ်အတွင်း အရက်မူးပြေသွားကာ ပုံမှန်ဖြစ်သွားသည်နှင့် သူတို့ကို တတ်နိုင်သမျှသော ယဉ်ကျေးမှုဖြင့် အိမ်ထဲမှ မောင်းထုတ်၏။

မြို့တော်ဝန်သည် ထိုအကြောင်းကို သူ့ဖခင် ဗိုလ်ချုပ်ပီထရိုနီယိုဆန်ရိုမန်အား အကြောင်း ကြားလိုက်သည်။ လန့်စရာ ကြေးနန်းထဲတွင် သူပြောသည့် စကားလုံးကိုလည်း ထည့်လိုက်၏။ သူ့အဖေသည် သူ့ဇနီးနှင့် သမီးများအပြင် မရီး တော်ဟန်ရှိသည့် အသက်ကြီးကြီး အမျိုးသမီး နှစ်ယောက်ကို လွှတ်လိုက်၏။ သူတို့သည် ဘာယာဒိုဆန်ရိုမန်၏ အဖြစ်ကြောင့် ပူဆွေးသောက ရောက်သည့် အဝတ်အစားများကို ဝတ်ကာ ကုန်သင်္ဘောဖြင့် လိုက်လာကြသည်။ ဝမ်းနည်းသည့် အထိမ်းအမှတ်အဖြစ် ဆံပင်များကိုလည်း ဖားလျား ချထားသည်။ ကမ်းပေါ်သို့ မတက်ခင် သူတို့သည် ဖိနပ်များချွတ်ကာ ချစ်ချစ်တောက်ပူနေသည့် ဖုန်လမ်းပေါ်နှင့် တောင်ကုန်းပေါ်အထိ ဖိနပ်မပါဘဲ လျှောက်လာကြသည်။ ထို့ပြင် ဆံပင်များကို ဆွဲဆောင့်ကာ အော်ကြီးဟစ်ကျယ်ဖြင့် ငိုယိုလျက်ရှိကြရာ သူတို့ ငိုသံသည် ဝမ်းသာ၍ အော်သံနှင့် ပိုတူနေသည်။ ကျွန်တော်သည် မက်ဒလီနာ အော်လီဗာ၏ လသာဆောင်မှနေ၍ သူတို့ကို ကြည့်နေမိသည်။ သူတို့၏ ငိုပုံမျိုးသည် အခြားခံစားချက်တခု (အရှက်) ကို ဖုံးကွယ်ရန်အတွက်သာ လုပ်နိုင်သော ငိုပုံမျိုး ဖြစ်၏ဟု ထိုစဉ်က ကျွန်တော် တွေးခဲ့မိသည်ကို ပြန်သတိရနေသည်။

ဗိုလ်မှူးကြီးအာပွန်တီသည် သူတို့နှင့်အတူ တောင်ကုန်းပေါ်က အိမ်သို့ လိုက်သွားခဲ့သည်။ ဒေါက်တာ ဒီယိုနီဆိုအီဂွါရန်းမှာမူ အရေးပေါ်ကိစ္စများအတွက် အသုံးပြုရန်ထားသည့် လားကျောပေါ်တွင် ထိုင်လိုက်လာခဲ့သည်။ နေထွက်လာသည့်အခါ၌ အစိုးရဌာနမှ လူနှစ်ယောက် သည် ဘာယာဒိုဆန်ရိုမန်ကို ကြိုးပုခက်ပေါ်တွင် တင်ကာ ဝါးလုံးလျှိုထမ်းလာခဲ့ကြသည်။ တကိုယ်လုံးကိုလည်း လည်ပင်းအထိ စောင်ခြုံထား၏။ နောက်မှလည်း တအီအီ ငိုလာသည့် မိန်းမတသိုက်

လိုက်လာကြသည်။ မက်ဒလီနာအော်လီဗာကမူ သူ သေသွားပြီဟု ထင်လိုက် သည်။

'သေပြီ ထင်တယ်၊ နှမြောစရာ' ဟု ပြောသည်။

သူသည် အရက်မူးပြီး လဲနေပြန်လေပြီ။ သို့ရာတွင် သူတို့ သယ်လာပုံမှာ အသက်ရှင်နေသည့် လူတယောက်ကို သယ်လာပုံမျိုးနှင့် မတူပါ။ သူ၏ညာလက်သည် အောက်မြေကြီးပေါ်သို့ ကျပြီး ဒရွတ်တိုက်နေ၏။ သူ့အမေက သူ့လက်ကို ဆွဲယူကာ ကြိုးပုခက်ပေါ်သို့ တင်ပေးသော်လည်း အောက်သို့ နောက်တကြိမ် ပြန်ကျလာပြန်သည်။ တောင်စောင်းမှ မော်တော်ဆိပ်အထိ လမ်းတလျှောက်တွင် စွပ်ကြောင်းကြီး ထင်နေသည်။ သူနှင့်ပတ်သက်၍ ကျွန်တော်တို့ သိသမျှမှာ ထိုမျှသာ ဖြစ်၏။ သားကောင်ဖြစ်ရသူ တယောက်နှင့် ပတ်သက်၍ မှတ်မိသမျှ ဖြစ်ပါသည်။

သူတို့သည် ထိုယာတောအိမ်ကြီးကို ထိုအတိုင်း ထားပစ်ခဲ့ကြ၏။ ကျွန်တော်တို့ ညီအစ်ကိုတသိုက် အရက်မူးလာသည့် ညများတွင် တောင်ကုန်းပေါ်သို့ ရောက်သွားကာ ထိုအိမ်ကြီးထဲသို့ လျှောက်ကြည့်ကြပါသည်။ စွန့်ပစ်ခဲ့သောအခန်းများထဲတွင် အဖိုးတန်ပစ္စည်း များများစားစား မတွေ့ရ။ တခါတွင်မူ မင်္ဂလာဦးညတုန်းက သူ့အမေထံမှ အိန်ဂျလာဗီကာရီယို တောင်းထားသည့် သေတ္တာတလုံးကို တွေ့လာခဲ့ကြသည်။ သို့ရာတွင် ထူးထူးထွေထွေ သတိမထားမိကြပါ။ အထဲတွင် တွေ့ရသည့် ပစ္စည်းများမှာ မိန်းမတို့၏ ကျန်းမာသန့်ရှင်းရေးနှင့် အလှအပအတွက် သုံးသည့်ပစ္စည်းများ ဖြစ်မည်ဟု ထင်ခဲ့သည်။ နောင် နှစ်ပေါင်းများစွာ အကြာတွင် အိန်ဂျလာဗီကာရီယိုက ပြန်ပြောသည့်အခါမှ ထိုပစ္စည်းများအကြောင်းကို ကျွန်တော် သိလာရ၏။ သူ့ယောကျ်ားကို လှည့်ဖြားရန်အတွက် ပထမ မယားကြီး အသုံးပြုခဲ့သည့် ပစ္စည်းများ ဖြစ်သည်။ ၅ နာရီမျှသာ သက်တမ်းကြာလိုက်သော အိမ်ထောင်သည် မိန်းမတယောက်အနေဖြင့် သူ ထားပစ်ခဲ့သည့် အမှတ်အသားမှာ ထိုသေတ္တာကလေးတလုံးသာ ဖြစ်သည်။

ယခုမှတ်တမ်းအတွက် နောက်ဆုံး အထောက်အထား အပိုင်းအစများကို ရှာဖွေရန် နောင် နှစ်ပေါင်းများစွာအကြာတွင် ကျွန်တော် ပြန်ရောက်လာသည့်အခါ၌ ယိုလင်ဒါးဇီးယားစ်၏ ပျော်ရွှင်မှု မီးခဲများပင်လျှင် မကျန်တော့ပါ။ ဗိုလ်မှူးကြီးအာပွန်တီက လုံ့လကြီးစွာ စောင့်ရှောက် ထားသည့်တိုင် ပစ္စည်းများသည် တဖြည်းဖြည်း ပျောက်ရှကုန်ကြပါသည်။ တံခါးပေါက်ကြီးနှင့် မဆံ့သဖြင့် အိမ်ထဲရောက်မှ လက်သမားအကျော်တို့ တပ်ဆင်ပေးသည့် ကိုယ်လုံးပေါ်မှန် ခြောက်ချပ်ပါ မတ်တတ်ဗီရိုကြီးများပင်လျှင် မရှိတော့။ ပထမတွင် မုဆိုးဖို ဇီးယားစ်သည် ပျော်နေ၏။ ကွယ်လွန်သူ သူ့ဇနီးသည် ယိုလင်ဒါး လာယူသွားသည်ဟု စိတ်ထဲတွင်ထင်နေသည်။ ဗိုလ်မှူးကြီး အာပွန်တီကတော့

သူ့ကို လှောင်သည်။ တည္တွင်မူ ထိုလျှို့ဝှက်ချက်ကို ရှင်းရန် ယိုလင်ဒါး၏ဝိညာဉ်နှင့် တွေ့မှဖြစ်မည်ဟု ဇီးယားစ် စိတ်ကူးပေါ်လာသည်။ ယိုလင်ဒါး ဇီးယားစ်၏ ဝိညာဉ်က သူ၏အိမ်မှ ပစ္စည်းများကို ယူနေသူမှာ သူကိုယ်တိုင်ပင် ဖြစ်သည်ဟု သူ့လက်ရေးဖြင့် အတည်ပြု၏။ အိမ်သည် တဖြည်းဖြည်း ပြိုလဲစပြုနေပြီ။ မင်္ဂလာဆောင် စီးသည့်ကားမှာလည်း တံခါးတွေ ပြုတ်ကုန်၏။ နောက်ဆုံးတွင် ရာသီဥတုဒဏ်ချက်တွေ ထိထားသည့်အတွက် အခွံသာ ကျန်တော့မည်။ ကားပိုင်ရှင်၏အကြောင်းကိုမူ နှစ်ပေါင်းများစွာ မကြားရတော့။ အမှုတွဲထဲတွင် သူ့ထွက်ချက်တခု ပါသည်။ သို့ရာတွင် သာမန် ခပ်တိုတိုမျှသာ ဖြစ်၏။ နောက်ဆုံးကျမှ ထုံးစံအရ မပါမဖြစ်သဖြင့် ထည့်ထားခြင်း ဖြစ်ဟန်တူသည်။ နောင် နှစ်ပေါင်း ၂၃ နှစ်ကြာ၍ သူ့ကို ကျွန်တော် ပထမဆုံးနှင့် နောက်ဆုံး အကြိမ်အဖြစ် စကားပြောကြည့်သည့်အခါ၌ ကျွန်တော့်အား မနှစ်သက်ဟန်ဖြင့် လက်ခံတွေ့ဆုံကာ ယခုကိစ္စတွင် အကျုံးဝင်မှုနှင့် ပတ်သက်သော အရေးမကြီးဆုံး အချက်ကလေးကိုပင်လျှင် ဖြေဆိုရန် ငြင်းဆန်ခဲ့သည်။ မည်သို့ဖြစ်စေ သူနှင့်ပတ်သက်၍ သူ့မိသားစုပင်လျှင် ကျွန်တော်တို့ထက် ပို၍ ဘာမျှသိဟန်မတူပါ။ ထို့ပြင် သူ တခါမှ မမြင်ဖူးသော မိန်းမတယောက်ကို လက်ဆက်ရန်မှအပ အခြား ဘာရည်ရွယ်ချက်မျှ ကြီးကြီးမားမား မရှိဘဲ တခြား ဘာကိစ္စဖြင့် ထိုချောင်ကျကျမြို့ကလေးသို့ ရောက်လာသည်ကိုလည်း သူတို့ မသိကြပါ။

အခြားတဖက်တွင် အိန်ဂျလာဗီကာရီယိုနှင့် ပတ်သက်၍ သတင်းများကို မှန်မှန် ကြားနေရပါ သည်။ ထိုသတင်းများသည် ကျွန်တော့်မှတ်ဉာဏ်ထဲတွင် စံပြုရုပ်ပုံကို ဖန်တီးပေးပါသည်။ သီလရှင် ဝတ်နေသည့် ကျွန်တော့်အစ်မသည် နတ်ကိုးကွယ်သူများအား ခရစ်ယာန်ဘာသာသို့ သွတ်သွင်းရန် အထက် ဂွါဂျီရာနယ်သို့ သွားလေ့ရှိရာ သွားတိုင်း ကာရစ်ဘီယန်ဆားတို့ဖြင့် ဖုတ်ကင်ထားသည့် ရွာကလေးတွင် ရပ်နားကာ အိန်ဂျလာနှင့် စကားစမြည်ပြောလေ့ ရှိပါသည်။ သူ့အမေသည် အိန်ဂျလာအား ထိုရွာကလေးတွင် အရှင်လတ်လတ် မြှုပ်နှံထားသကဲ့သို့ ရှိပါသည်။

'ရှင့်အစ်မနဲ့တော့ တွေ့ပါတယ်' ဟု ကျွန်တော့်ကို ပြောတတ်သည်။ စောစောပိုင်းက သူ့ထံ သွားလည်သည့် ကျွန်တော့်ညီမ မားဂေါ့ကလည်း အိန်ဂျလာသည် ဝိုင်းကျယ်ကျယ်နှင့် အိမ်တလုံးကို ဝယ်လိုက်ကြောင်း၊ ပြတင်းပေါက်တွင် ကားတိုင်များသဏ္ဍာန် လုပ်ထားသဖြင့် လေကောင်းလေသန့် ရကြောင်း၊ သို့ရာတွင် ဒီရေတက်သည့် လများတွင် အညစ်အကြေးများ မျောပါလာတတ်ပြီး ငါးများမှာလည်း အိပ်ခန်းထဲတွင် တစွပ်စွပ် ခုန်နေကြသဖြင့် စိတ်ညစ်ရသည်ဟု ပြောပါသည်။ သူမသည် ဇာပန်းထိုးစက်တလုံးဖြင့် ဇာပန်းထိုးခြင်းတွင် အာရုံဝင်စားလျက်ရှိကာ ထိုသို့ အလုပ်လုပ်ခြင်းဖြင့် အဖြစ်အပျက်များကို မေ့ပျောက်ပစ်ရန် ကြိုးစားနေသည်ဟု ထိုအချိန် သူ့ကို

မြင်သူတိုင်းက သဘောတူကြသည်။

ဂွာဂျီရာနယ်တွင် စွယ်စုံကျမ်းများနှင့် ဆေးပညာစာအုပ်များကို ရောင်းခြင်းဖြင့် ကျွန်တော်သည် ထိုအိန္ဒိယလူနီများရှိသည့် ရွာကလေးသို့ အမှတ်မထင် ရောက်သွားခဲ့သည်။ ပင်လယ်ကို မျက်နှာ မူနေသည့် အိမ်တအိမ်၏ပြတင်းပေါက်တွင် နေ့လယ် အပူဆုံးအချိန်မှာပင်လျှင် စက်ပန်းထိုးနေသည့် ပူဆွေးခြင်း အထိမ်းအမှတ် ဝတ်ထားပြီး သံမဏိကိုင်းတပ် မျက်မှန်တပ် ဆံပင်ဖြူဖြူနှင့် မိန်းမတယောက်ကို မြင်ရ၏။ သူ့ခေါင်းပေါ်တွင် အမြဲတမ်းတေးဆိုနေသည့် ကနေရီငှက်ကလေး ရှိသော ငှက်လှောင်အိမ်ကလေး တလုံးချိတ်ထားသည်။ ပြတင်းဝတွင် ထိုးနေသည်ကို မြင်ရသည့်အခါမျိုး၌ ထိုမိန်းမသည် တခါက ကျွန်တော်သိခဲ့သောမိန်းမ ဖြစ်နေသည်ကို မယုံနိုင်လောက်အောင် ဖြစ်နေသည်။ ဘဝသည် အပေါစား စာပေထဲကလို အဆုံးသတ် မသွားနိုင်ဟု ယုံကြည်ထားသောကြောင့် ဖြစ်သည်။ သို့ရာတွင် ထိုအမျိုးသမီးသည် သူမ ဖြစ်ပါသည်။ အဖြစ်အပျက် ပြီးသည့်နောက် ၂၃ နှစ်အကြာတွင် တွေ့ရသည့် အိန်ဂျလာ ဗီကာရီယို ဖြစ်ပါသည်။

သူမက ခါတိုင်းလိုပင် ကျွန်တော့်ကို ဆွေမျိုးနီးစပ်လို ဆက်ဆံပြီး ကျွန်တော့်မေးခွန်းများကို ချင့်ချင့်ချိန်ချိန် ရွှင်ရွှင်ပျပျဖြင့် ဖြေသည်။ သူမမှာ ရင့်ကျက်ပြီး အသိဉာဏ် ကြွယ်ဝလာခဲ့ရာ ယခင်က သူမမှ ဟုတ်ပါရဲ့လားဟု မယုံနိုင်အောင် ဖြစ်ရသေး၏။ ကျွန်တော် အအံ့သြဆုံးမှာ သူမ၏ဘဝကို သူမ နားလည်သဘောပေါက်သွားပုံ ဖြစ်သည်။ ခဏနေသည့်အခါတွင် ကျွန်တော့် စိတ်ထဲတွင် သူမကို စောစောတုန်းကလို အသက်ကြီးသည်ဟု မထင်တော့။ ငယ်ငယ်တုန်းက ကျွန်တော် မြင်ခဲ့ဖူးသည့် အိန်ဂျလာဗီကာရီယို ဖြစ်သွားသည်။ အသက် ၂၀ တုန်းက မချစ်ဘဲနှင့် လက်ထပ်ဖို့ သဘောတူမိခဲ့သည့် မိန်းကလေးတယောက်၏ သဏ္ဌာန်မျိုးလည်း မရှိတော့ပေ။ အိုမင်းရင့်မှည့်နေပြီဖြစ်သည့် သူ့အမေကမူ ကျွန်တော့်ကို တော်တော်အဖမ်းခက်သည့် တစ္ဆေ တကောင်လို ဆီးကြို၏။ သူမက အတိတ်အကြောင်းကို ပြန်ပြောရန် ငြင်းဆန်သည်။ ယခု မှတ်တမ်းကို ရေးရန်အတွက် ကျွန်တော်သည် ကျွန်တော့်အမေနှင့် သူတို့ပြောသည့် နားစွန်နားဖျား ကြားသည့် စကားများမှလည်းကောင်း၊ ကျွန်တော့်မှတ်တမ်းထဲမှ ဆယ်ယူ ရရှိသော အချက်အလက်တချို့နှင့် လည်းကောင်း ကျေနပ်ရတော့မည်သာ ဖြစ်သည်။ သူမသည် အိန်ဂျလာဗီကာရီယိုအား ရှင်လျက် သေသွားသည်ထက် ဆိုးအောင် လုပ်ခဲ့သော်လည်း သမီးဖြစ်သူကမူ သူ့စီမံကိန်းများကို သုညဖြစ်အောင် ပြောင်းပစ်ခဲ့၏။ သူမ၏ ကံဆိုးမိုးမှောင် ဘဝကို လျှို့ဝှက် မထားချင်တော့ပါ။ ထို့ကြောင့် ထိုအကြောင်းကို လာမေးသူမှန်သမျှကို အသေးစိတ် ပြောပြလိုက်သည်သာ ဖြစ်၏။ နောင်တွင် ဘယ်တော့မျှ ရှင်းရတော့မည်

မဟုတ်သည့် အချက်တချက်ကိုသာ ထိမ်ချန်ခဲ့သည်။ ယင်းမှာ သူတို့ကိစ္စသည် မည်သူ့ လက်ချက် နည်း၊ ဘယ်လို ဖြစ်သွားသနည်း၊ ဘာကြောင့် ဖြစ်သွားသနည်း ဆိုသည့်အချက် ဖြစ်၏။ အကြောင်းမူ စန်တီယာဂိုနာဆား လက်ချက်ဆိုသည်ကို မည်သူကမှ မယုံကြသောကြောင့် ဖြစ်သည်။ တကယ်တော့ စန်တီယာဂိုနာဆားနှင့် ဘာယာဒိုဆန်ရိုမန်တို့သည် လုံးဝကွဲပြားသော ကမ္ဘာနှစ်ခုမှ လူများ ဖြစ်သည်။ သူတို့နှစ်ယောက်တည်း တွေ့ဖို့ မပြောနှင့်၊ လူပုံအလယ်တွင် မျက်နှာချင်းဆိုင်သည်ကို မည်သူမျှ မမြင်ဖူးကြ။ စန်တီယာဂိုနာဆားမှာ သူမကို စိတ်ဝင်စားမည့် လူမျိုး မဟုတ်ဘဲ ဘဝင်မြင့်သူတယောက် ဖြစ်သည်။

'မင်း ဝမ်းကွဲနှမကတော့ တကယ့်ပိုင်းလုံးကွ' ဟု သူမနှင့် ပတ်သက်၍ ကျွန်တော့်ကို ပြောတတ် သည်။ ထို့ပြင် ထိုစဉ် ကျွန်တော်တို့ ပြောသည့်အတိုင်း ပြောလျှင် သူမသည် စွန်ရဲတကောင် ဖြစ်သည်။ သူမသည် သူ့အဖေလိုပင် တကိုယ်တော် ကြိတ်၍ ပွေသူဖြစ်ပြီး တောမှာပွင့်သည့် ပန်းရိုင်းကို ဦးဦးဖျားဖျား ဆွတ်ခူးတတ်ပြီး မြို့မှာဆိုလျှင် သူ့အဆက် ဖလော်ရာမစ်ဂွယ်နှင့် ၁၄ လလောက် သူ ရှူးရှူးမူးမူး ဖြစ်ခဲ့သည်။ မာရီယာဆာဗင်းတီးတို့မှလွဲ၍ အခြား သတင်းမျိုးကို မကြားရဖူးပါ။ တချို့ကမူ အိန်ဂျလာဗီကာရီယိုသည် သူ့ တကယ့်ချစ်သူတယောက်ကို ကာကွယ် နေခြင်းဖြစ်ပြီး သူ့အစ်ကိုများက သွား၍ မလုပ်ရဲဟု ထင်သောကြောင့် စန်တီယာဂို နာဆား၏ နာမည်ကို ကောက်ပြောလိုက်ခြင်း ဖြစ်သည်ဟုလည်း လောလောဆယ် ပြောနေကြသေး၏။ ဒုတိယအကြိမ် ကျွန်တော် ရောက်ရှိလာသည့်အခါတွင် သူမထံမှ အမှန်ပေါ်လာရန် အစ်အောက် မေးမြန်းကြည့်ပါသေးသည်။ သို့ရာတွင် ဇာပန်းထိုးနေရာမှ မျက်လုံးမခွာဘဲ 'ကျွန်မက ဘာဖြစ်လို့ လိမ်ပြောနေရဦးမှာလဲ အစ်ကိုရယ်၊ သူပဲပေါ့' ဟု ပြောသည်။

အခြားအရာအားလုံးကိုမူ မခြွင်းမချန် ပြောပြပါသည်။ မင်္ဂလာဦးညက အဖြစ်အပျက်ကိုပင် မချန်ပါ။ သူ့သူငယ်ချင်းများက သတို့သားကို သတိမေ့သွားအောင် အရက်အတိုက်ခိုင်းပုံ၊ အပျို ပေါက်ကလေးဟန် အလုပ်ခိုင်းပုံ၊ မီးပိတ်လိုက်သည့်အခါတွင် အပျိုစစ် ဟန်ဆောင်ရန်အတွက် ပန်းဆီဆောင်ရန် ပြောကြပုံ၊ အိပ်ရာခင်းကို ပန်းဆီစွန်းအောင် လုပ်ခိုင်းပုံတို့ကိုပါ ပြောပြ၏။ သို့ရာတွင် သူမ၏ပရိယာယ်သည် အကြောင်းနှစ်ခုကြောင့် အောင်မြင်မှု မရခဲ့ပါ။ တချက်မှာ ဘာယာဒိုဆန်ရိုမန်သည် အရက်သမားတယောက်အနေနှင့် အလွန်ခံနိုင်ရည်ရှိသူ ဖြစ်နေခြင်းနှင့် အမေ၏ အဆုံးအမကို အတိအကျ လိုက်နာသည့် အိန်ဂျလာဗီကာရီယို၏ တည်ကြည်မှုတို့ ဖြစ်သည်။

"ကျွန်မက သူတို့ခိုင်းတာတွေ တခုမှ မလုပ်ဘူးလေ၊ သေသေချာချာ စဉ်းစားကြည့်လိုက်တော့ သူတို့ပြောတာတွေဟာ ဘယ်သူ့အပေါ်ကိုမှ

မလုပ်သင့်တာတွေ၊ ကျွန်မကို လက်ထပ်ရလောက် အောင် ကံဆိုးတဲ့ သူ့အပေါ်မှာတော့ ပိုပြီးမလုပ်သင့်တာပေါ့”

သူမက သူမ၏အဖြစ်ဆိုးကို ရှက်ကြောက်ခြင်း မရှိ ဝန်ခံနေခြင်းမှာ အခြားအကြောင်း မဟုတ်။ သူမ၏ရင်တွင်းတွင် တောက်လောင်နေသည့် တကယ့်အစစ်အမှန်ဖြစ်သည့် အခြားသော အဖြစ်ဆိုးတခုကို ဖုံးကွယ်လိုသောကြောင့် ဖြစ်သည်။ သူမကို အိမ်သို့ ပြန်ပို့ခဲ့ပြီးသည့်နောက်မှ စ၍ ဘာယာဒို ဆန်ရိုမန်သည် သူမ၏ဘဝတွင် တလျှောက်လုံး ကြီးစိုးနေခဲ့သည်ကို ကျွန်တော့်အား ဖွင့်မပြောမချင်း ဘယ်သူမျှ သံသယမဖြစ်မိခဲ့ကြပါ။ ထိုအချက်မှာ နောက်ဆုံး ထိုးနှက်ချက် ဖြစ်ပါသည်။

‘အမေက ကျွန်မကို ရိုက်တဲ့အချိန်ကစပြီး သူ့ကို ကျွန်မ သတိရနေတော့တာပဲ’ ဟု သူမက ကျွန်တော့်ကို ပြောပြသည်။ သူ့အစား ရိုက်နှက်ခြင်းဖြစ်သဖြင့် အမေ၏ရိုက်ချက်များသည် သူမအဖို့ နာကျင်ခြင်း မဖြစ်ပါ။ သူမသည် ထမင်းစားခန်းထဲမှ ထိုင်ခုံပေါ်တွင် လဲလျောင်း ငိုရှိုက်နေရင်း သူ့ကို လွမ်းတနေသည်ကို သိရသည့်အခါတွင် ကိုယ့်ကိုယ်ကိုယ် အံ့သြနေသည်။

‘အဲဒီတုန်းက ကျွန်မ ငိုနေတာက အမေရိုက်လို့ ငိုတာ မဟုတ်ဘူး၊ သူ့ကြောင့် ငိုတာ’ ဟု ကျွန်တော့်ကို ပြောပြသည်။ အမေက သူ့မျက်နှာပေါ်တွင် ဆေးလိမ်းပေးနေသည့် အချိန်တွင် လည်း သူမသည် သူ့အကြောင်းကိုသာ တွေးနေမိသည်။ လမ်းမမှ အော်ဟစ်သံများနှင့် မီးသတ် မျှော်စင်မှ မီးလုန့်ခေါင်းလောင်းသံများကို ကြားရသည့်အခါတွင် ပိုလို့ပင် သတိရလာသေးသည်။ အမေ ရောက်လာကာ အခြေအနေ ကောင်းသွားပြီဖြစ်သည့်အတွက် ကောင်းကောင်း အိပ်နိုင်ပြီ ဖြစ်ကြောင်း လာပြောသည့်အခါတွင်လည်း သူမသည် သူ့ကို သတိရနေသည်။

သူမသည် သူ့အပေါ် အချိန်ကြာမြင့်စွာ သတိရနေစဉ်တွင် ဘာမျှော်လင့်ချက်မျှ မထားခဲ့ပါ။ အမေနှင့်တော့ ရီယိုအာချာဆေးရုံ သွားပြီး မျက်စိပြစဉ်ကလည်း ထို့အတူပင်။ လမ်း၌ သူတို့အသိတယောက် ပိုင်သော ဟိုတယ်တို့ကို ဝင်ပြီးနားစဉ် ပူရာဗီကာရီယိုက ကောင်တာ သွားပြီး ရေတခွက် သောက်သည်။ အမေသည် သမီးကို ကျောပေးပြီး ရေသောက်နေစဉ် သမီးဖြစ်သူ အိန်ဂျလာ ဗီကာရီယိုသည် အခန်းပတ်ပတ်လည်ရှိ မှန်ကြီးများထဲမှာသာ သူ့အတွေးတွေ ထင်ဟပ်နေသည်ကို မြင်နေရ၏။ အိန်ဂျလာဗီကာရီယိုသည် နောက်ဆုံး ပင့်သက်တချက်ကို ရှူကာ ခေါင်းကို တခြားသို့ လှည့်လိုက်၏။ သူမကို မမြင်ဘဲ ဟိုတယ်အပြင် သို့ ထွက်သွားသော သူ့ကို မြင်လိုက်ရသည်။ ထို့နောက် သူမသည် အစိတ်စိတ် အမွှာမွှာ ဖြစ်နေသော နှလုံးသားဖြင့် အမေ့ကို ကြည့်နေသည်။ ပူရာ ဗီကာရီယိုမှာ ရေသောက်ပြီးသွားကာ နှုတ်ခမ်းကို

အင်္ကျီလက်ဖြင့် သုတ်နေပြီး သူမကို ပြုံး၍ လှမ်းကြည့်နေသည်။ ထိုအပြုံးထဲတွင် သူမ မွေးလာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ပကတိ အမေကို မြင်ရသည်။ ကိုယ့်ချွတ်ယွင်းချက်များကို ကိုးကွယ်ဆည်းကပ်နေသည့် သနားစရာ အမေပါ။

'အို... သွားစမ်းပါ' ဟု သူမသည် စိတ်လှုပ်ရှားလွန်းသဖြင့် အိမ်အပြန် လမ်းတလျှောက်လုံး သီချင်းတွေ အော်ဆိုလာခဲ့ကာ အိမ်ရောက်သည်နှင့် အိပ်ရာပေါ်တွင် ပစ်လှဲပြီး ၃ ရက်လုံးလုံး ငိုပစ်လိုက်သည်။

သူမသည် ပြန်၍ မွေးဖွားလာသည်။

'ကျွန်မ သူ့ကြောင့် ရူးမတတ်ဖြစ်နေတယ်' ဟု သူမက ကျွန်တော့်ကို ပြောသည်။ မျက်စိကို မှိတ်လိုက်သည်နှင့် သူ့ရုပ်ပုံသည် ထင်လာ၏။ ပင်လယ်ထဲတွင် သူ့အသက်ရှူနေသံကို ကြားနေရ သည်။ အိပ်ရာထဲတွင် သူ့ခန္ဓာကိုယ်မှ မီးလျှံသည် သူမကို နိုးလာစေ၏။ ထိုသီတင်းပတ် ကုန်သည့်အခါ၌ ဆောက်တည်ရာမရနိုင်တော့သည့်အဆုံး သူ့ထံသို့ ပထမဆုံးသောစာ ရေးဖြစ်သည်။ စာသည် သမားရိုးကျ တောင်းပန်စာဖြစ်ပြီး သူ့ကို ဟိုတယ်တခုတွင် မြင်လိုက်ရ ကြောင်း၊ သူမကို မြင် မမြင် သိလိုကြောင်းဖြင့် ရေးလိုက်သည်။ သူမသည် သူ့ပြန်စာကို အချည်းနှီး စောင့်၏။ နှစ်လအကြာတွင် နောက်ထပ် မစောင့်နိုင်တော့ဘဲ ပထမစာကဲ့သို့ပင် ရိုးတိုးရိပ်တိပ် သဘောပါသည့် စာတစောင်ကို ရေးလိုက်သည်။ စာမှာ သူ၏ ယဉ်ကျေးမှု ကင်းမဲ့ပုံကို အပြစ်တင်သည့်သဘောဖြင့် ရေးခြင်းဖြစ်၏။ နောက် ၆ လ အကြာတွင် သူမသည် ပြန်စာမရသော စာ ၆ စောင်ကို ရေးပြီးဖြစ်သွား၏။ သို့ရာတွင် ထိုစာများအားလုံးကို သူ ရပြီးဖြစ်သည်ဟူသော အထင်ဖြင့် သူ့ကိုယ်သူ နှစ်သိမ့်သည်။

အမုန်းနှင့် အချစ်သည် အပြန်အလှန်ဖြစ်သော စိတ်များ ဖြစ်ကြောင်းကို ကံကြမ္မာ ဉာဏ်အရှင်သခင်မ ပထမဆုံးဖြစ်လာသူ အိန္ဒိယလာဗီကာရီယို တွေ့လာခဲ့သည်။ စာတွေ ဆက်ရေးနေလေလေ သူ့ရမ္မက်၏ မီးခဲများသည် ပို၍တောက်လာသည်ကို သူမ ခံစားနေရသည်။ သို့ရာတွင် သူ့အမေကို မကျေနပ်မှုသည်လည်း ပြင်းထန်လာခဲ့သည်။

'အမေ့ကို မြင်လိုက်ရရင် စိတ်ထဲမှာ ဘယ်လို မကျေမနပ်ဖြစ်မှန်း မသိဘူး၊ ဒါပေမဲ့ အမေ့ကို မြင်ရင် သူ့ကိုလည်း သတိရပြန်ရော' ဟု ကျွန်တော့်ကို ပြောပြသည်။ စွန့်ပစ်ခံရသော မယားတယောက်၏ဘဝသည် ဤသို့ဖြင့် တရွေ့ရွေ့ သွားနေသည်။ သူမသည် ငှက်ရုပ်ကလေး များ၊ ပန်းရုပ်ကလေးများကို ဇာပန်းထိုးနေသည့် မိန်းမအိုတယောက်၏ဘဝဖြင့် အချိန်ကုန်သည်။ သို့ရာတွင် သူမ၏အမေ အိပ်ရာထဲ ဝင်သွားသည်နှင့် သူမသည် အခန်းထဲတွင် ကျန်ရစ်ကာ အရုဏ်တက်ချိန်အထိ အနာဂတ်မရှိသော စာများကို ရေးနေသည်။ သူမသည်

တည်ငြိမ်လာခဲ့ ကာ သူမ စိတ်အလိုဆန္ဒ၏ အရှင်သခင်မ ဖြစ်လာခဲ့သည်။ သူမကိုယ်တိုင်မှအပ အခြား မည်သူ၏ အခွင့်အာဏာပိုင်မှုကိုမှ လက်မခံတော့။ သူမ အာရုံမှအပ အခြားမည်သည့် စိတ်ဝင်စားမှုမှလည်း မရှိတော့။

သူမသည် ဘဝသက်တမ်း ထက်ဝက်မျှ အပတ်စဉ် စာတွေ ရေးသွားခဲ့သည်။

'တခါတလေကျတော့ ဘာရေးရမှန်းတောင် မစဉ်းစားတတ်တော့ဘူး၊ ဒါပေမဲ့ ကျွန်မ ရေးတဲ့ စာတွေကို သူ ရနေတယ်ဆိုတာ သိရရင် တော်ပါပြီ' ဟု သေမတတ် ရယ်မောရင်း ကျွန်တော့်ကို ပြောပြသည်။

ပထမ၌ ထိုစာများသည် အိမ်သူ ဇနီးလောင်းတယောက်၏ မှတ်စုများ ဖြစ်၏။ ထို့နောက်တွင်မူ ထိုစာများသည် တိတ်တိတ်ပုန်း ချစ်နေသူတယောက်၏ စာများ၊ တဖက်သတ် ချစ်နေသူတဦး၏ ရေမွှေးဖျန်းထားသည့် ကတ်ပြားကလေးများ၊ အလုပ်ကိစ္စ စာရွက်စာတမ်းများ၊ အချစ်မှတ်တမ်း များ ဖြစ်လာခဲ့ကြကာ နောက်ဆုံးတွင်မူ ယောကျ်ားကို ပြန်လာစေရန် ရက်စက်သည့် ရောဂါ ဝေဒနာများကို လုပ်ကြံတီထွင်နေသော စွန့်ပစ်ခံ ဇနီးတယောက်၏ ဒေါသတကြီး ရေးလိုက်သည့် စာများ ဖြစ်နေကြသည်။ တညတွင်မူ စိတ်လက်ကြည်လင်စွာဖြင့် ရေးထားသော စာရွက်ပေါ်တွင် မင်အိုး မှောက်ကျသွားရာ စာကို ဆုတ်ဖြဲပစ်ရမည့်အစား အောက်တွင် စာကြောင်းကလေး တကြောင်း၊ နှစ်ကြောင်းကို ရေးပေးလိုက်သည်။ 'ကျွန်မအချစ်ရဲ့သက်သေခံပစ္စည်းများအဖြစ် ကျွန်မမျက်ရည်တွေကို ပို့လိုက်ပါတယ်' ဟု ရေးလိုက်သည်။ တခါတရံတွင်လည်း ငိုရလွန်းသဖြင့် ငြီးငွေ့ကာ သူမ၏ရူးသွပ်မှုကို ပြန်၍ ရယ်မော လှောင်ပြောင်မိ၏။ သူမတို့မြို့မှာ အမျိုးသမီး စာတိုက်မှူး ၆ ယောက် ပြောင်းသွားခဲ့ပြီ။ သူတို့၏ ပါဝင်ကူညီမှုကို ၆ ကြိမ် ယူခဲ့ပြီးလေပြီ။ သူမစိတ်ထဲတွင် ပေါ်လာသည့် ပြောင်းလဲခြင်းမရှိသောအရာမှာ စာများကို ဆက်၍ ရေးနေဦးမည် ဆိုသည့် အချက်သာ ဖြစ်သည်။ သို့တိုင်အောင် သူသည် သူမ၏ ငန်းဖမ်းယောင်ယမ်းမှုကို မသိယောင်ပြုဆဲ ဖြစ်ပါသည်။ မရှိသည့်လူတယောက်ထံ စာရေးနေရသလို ဖြစ်နေပါသည်။

ဒသမမြောက်နှစ်၏ လေထန်သော တမနက်၌ သူမ၏ အိပ်ရာထဲတွင် သူရောက်နေသည်ဆိုသော အထင်ဖြင့် သူမ ရုတ်တရက် လန့်နိုးလာခဲ့သည်။ သူမသည် စာမျက်နှာ ၂၀ ရှိသည့် စာရှည်ကြီး တစောင် ရေးလိုက်၏။ စာထဲတွင် သူတို့နှစ်ယောက် ကံဆိုးမိုးမှောင်ကျကာ ခွဲခွာခဲ့ရသည့်ညက စ၍ သူမ၏နှလုံးသားသည် ဆွေးမြည့်ပျက်စီးနေခဲ့ကြောင်းဖြင့် ခါးသီးသော အမှန်တရားကို အရှက်မဲ့စွာ ဖွင့်ဟရေးလိုက်သည်။ သူမ၏ခန္ဓာကိုယ်ပေါ်တွင် သူ ထားပစ်ခဲ့သည့် ထာဝရ ဒဏ်ရာဒဏ်ချက်များ၊ သူ့လျှာပေါ်မှ ငန်ပျပျအတွေ့ စသည်တို့ကိုလည်း ရေးလိုက်၏။ သောကြာနေ့တွင် သူ့ဆီသို့လာ၍ ဇာပန်းထိုးရင်း

စာများကို ယူသွားလေ့ရှိသည့် အမျိုးသမီး စာပို့တိုက်မှူးအား ထိုစာကို ပေးလိုက်သည်။ ယခုတခေါက် စာသည် သူ၏ဝေဒနာကို ကုသပေးနိုင်သောစာ ဖြစ်လိမ့်မည်ဟုလည်း ယုံကြည်ထား၏။ သို့ရာတွင် ဘာပြန်စာမျှမလာခဲ့ပါ။ ထို့နောက်မှစ၍ ဘယ်သူ့ထံ ဘာတွေရေးနေသည်ကို သူမ ကောင်းကောင်း သတိမထားမိတော့။ သို့ရာတွင် ၁၇ နှစ်လုံးလုံး သူမသည် စာတွေကို ရေးနေခဲ့သည်။

ဩဂုတ်လ ရက်တရက်၌ မိတ်ဆွေများနှင့်အတူ ဇာပန်းထိုးနေစဉ် တံခါးပေါက်သို့ တစုံတယောက် ရောက်လာသံကို ကြားလိုက်ရ၏။ မည်သူမည်ဝါဖြစ်သည်ကို သွားကြည့်စရာ မလိုပါ။

'အဲဒီတော့ သူက တော်တော်လည်း ဝနေပြီ၊ တော်တော်လည်း ခေါင်းပြောင်နေပြီ၊ စာကြည့်ရင် လည်း မျက်မှန်တပ်နေရပြီ၊ ဒါပေမဲ့ ဘုရားစူးရစေ့… သူကတော့ သူပါပဲရှင်' ဟု သူမက ကျွန်တော့်ကို ပြောပါသည်။

သူကလည်း သူမကို ထိုအကြည့်မျိုးဖြင့် ကြည့်နေသည်ကို သိလိုက်သဖြင့် သူမ လန့်နေသည်။ သူ့ရင်ထဲတွင် သူမလို အချစ် ရှိသည် မထင်တော့ပါ။ ပွဲဈေးတွင် သူ့ကို ပထမဆုံး မြင်ခဲ့ဖူးစဉ်ကလို သူ့ရှပ်အင်္ကျီမှာ ချွေးတွေ ရွှဲနစ်နေ၏။ ယခင်က ခါးပတ်မျိုး ပတ်ထားပြီး ငွေပန်းခက်ကလေးတွေ တပ်ထားသည့် သားရေအိတ်မျိုးကို ဘေးတွင် ချိတ်ထား၏။ ဘာယာဒိုဆန်ရိုမန်သည် အခြား ဇာပန်းထိုးနေသူများကို နည်းနည်းကလေးမျှ ဂရုမစိုက်ဘဲ သူ့သားရေအိတ်ကို အပ်ချုပ်စက် ပေါ်သို့ ပစ်တင်လိုက်သည်။

"ကဲ … ငါရောက်လာပြီလေကွာ"

သူသည် ကြာကြာနေရန် အဝတ်အစားများနှင့် သူမ ရေးခဲ့သည့် စာအစောင်ပေါင်း ၂၀၀၀ ကို ထည့်လာသည့် လက်ဆွဲအိတ် တလုံးကို ကိုင်ထားသည်။ စာများကို ရက်စွဲစဉ်အလိုက် ရောင်စုံ ဖဲကြိုးများဖြင့် စုချည်ထားသည်။

စာများအားလုံးမှာ ဖောက်ဖတ်ထားခြင်း မရှိပေ။

* * * * *

နှစ်ပေါင်းအတန်ကြာမျှ ကျွန်တော်တို့သည် တခြားအကြောင်းကို မပြောနိုင်ကြပါ။ ထိုစဉ်က လုပ်နေကျ အလေ့အထများစွာဖြင့် လွှမ်းမိုးနေသည့် ကျွန်တော်တို့၏ နေ့စဉ်အပြုအမူတို့သည် တခုတည်းသော တူညီသည့် စိုးရိမ်မှုပတ်လည်တွင် ချာချာလည်ပတ်နေကြပါသည်။ အရုဏ်ဦးတွင် တွန်သည့် လင်းကြက်တို့သည် အဓိပ္ပာယ်ကင်းမဲ့သည့် ရှောင်တခင် အဖြစ်အပျက် စဉ်တန်းတို့ကို စနစ်တကျ တန်းစီကြည့်ရန် ကြိုးစားနေကြသည့် ကျွန်တော်တို့တတွေကို အမိဖမ်းနေကြပါသည်။ ကျွန်တော်တို့ ထိုသို့ကြိုးစားနေခြင်းမှာ လျှို့ဝှက်သည်းဖို အဖြစ်အပျက် တို့ကို ဖြေရှင်းလိုသောကြောင့် မဟုတ်ပါ။ ကံတရားက ကျွန်တော်တို့ကို စီမံဖန်တီးပေးလိုက် သော နေရာနှင့် အလုပ်တို့ကို မသိဘဲ မနေနိုင်သောကြောင့် ဖြစ်ပါသည်။

သို့ရာတွင် လူတော်တော်များများကမူ ဘယ်တော့မှ သိကြတော့မည် မဟုတ်ပါ။ နောင်တွင် နာမည်ကျော် ခွဲစိတ်ဆရာဝန်ကြီး ဖြစ်လာသည့် ခရစ္စတိုဘီဒိုယာသည် သူ့ကို သတိပေးရန် အရုဏ်တက်ချိန်ကတည်းက စောင့်နေခဲ့သည်။ သူ့မိဘများအိမ်သို့ သွားမနားဘဲ ဘုန်းတော်ကြီး ၏သင်္ဘော ဆိုက်လာသည်အထိ သူ့အဘိုး အဘွားများ အိမ်တွင် နှစ်နာရီလုံးလုံး သွားနေလို စိတ်ကို ဘာကြောင့် အလိုလိုက်ခဲ့မိသည်ကို ဘယ်တော့မှ နားလည်နိုင်မည် မဟုတ်တော့ပါ။ သို့ရာတွင် ရာဇဝတ်မှုကို တားဆီးရန် တခုခု လုပ်နိုင်ခဲ့သူများနှင့် ဂုဏ်သိက္ခာပြဿနာဟူသည် မြင့်မြတ်သော ကိုယ်ပိုင်ကိစ္စ ဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် ခပ်ပေါ့ပေါ့ သဘောထားလိုက်သူများကလည်း ထိုအဖြစ်အပျက်တွင် ပါဝင်သူတို့၏ ကိုယ်ရေးကိုယ်တာ ကိစ္စဟု သဘောထားလိုက်ကြပါသည်။ ‘ဂုဏ်သိက္ခာဆိုတာ အချစ်နဲ့ အတူတူပဲ’ ဟု အမေက ပြောပါသည်။ ယခုကိစ္စတွင် ထိုအချိန်ထိ သွေးမစွန်းသေးသည့် သွေးစွန်းသော ဓားနှစ်ချောင်းကို မြင်ရုံမျှသာ မြင်လိုက်ရသော ဟော်တင်ဆီယာဘောသည်လည်း သူမ မြင်လိုက်သော မြင်ကွင်း ကြောင့် စိတ်ဖောက်ပြန်သွားကာ ထိုမြင်ကွင်းကို ဖျောက်ဖျက်၍ မရတော့သည့်အဆုံး တနေ့တွင် လမ်းမသို့ ပြေးထွက်လာပါသည်။ စန်တီယာဂိုနာဆား၏ ရည်စားဖြစ်သူ ဖလော်ရာမစ်ဂွယ်သည် လည်း စိတ်ဓာတ်ပျက်ပြားကာ နယ်ခြားစောင့်တပ်မှ ဗိုလ်ကလေးနှင့် လိုက်ပြေးသွားပါသည်။ (ထိုဗိုလ်ကလေးက နောင်တွင် သူမအား ရာဘာခြံ အလုပ်သမားများထဲတွင် ပြည့်တန်ဆာ လုပ်ခိုင်းခဲ့ပါသည်) မျိုးဆက်သုံးဆက်ကို ကမ္ဘာလောကကြီးထဲသို့ ပို့ဆောင်ပေးခဲ့သည့် ဝမ်းဆွဲသည်ကြီး ဩရာဗီလာဂိုးသည်လည်း ထိုသတင်းကို ကြားသည့်အခါတွင် ဆီးအိမ် ကျုံ့သွားကာ သေသည်အထိ ပြွန်တပ်၍ ဆီးသွားရသည့်အဖြစ်သို့ ရောက်သွားခဲ့ပါသည်။ အသက် ၈၆ နှစ်အရွယ်အထိ သန်တုန်းမြန်တုန်းဖြစ်သော (ကလိုတီလ်ဒါ အာမင်တာ၏ ခင်ပွန်းသည်) ဒွန်ရိုဂျယ်လီယိုဒီလာဖလိုးသည်လည်း သေ့ခတ်ထားသော

ကိုယ့်အိမ်တံခါးပေါက် တွင် စန်တီယာဂို နာဆားအား အပိုင်းပိုင်း အတစ်တစ်ဖြစ်အောင် ဝိုင်း၍ ထိုးခုတ်ကြသည်ကို ကြည့်ရန် နောက်ဆုံးအကြိမ် အိပ်ရာမှ ထလာခဲ့သည့်နှယ် ရှိပါသည်။ အဘိုးအိုသည် ထို တုန်လှုပ်ဖွယ်မြင်ကွင်းကြောင့် ဖြစ်သော သွေးလန့်မှုဒဏ်ကို မခံနိုင်တော့ဘဲ တက်သေသွားခဲ့ပါ သည်။ ပလေစီဒါလီနာရိုသည် ထိုတံခါးကို နောက်ဆုံးပိတ်ခဲ့ခြင်း ဖြစ်၏။ သို့ရာတွင် ကာလ ရွေ့လျောလာသည့်အခါတွင် အပြစ်တင်ခြင်း မခံရလေအောင် ရှန်းထွက်ခဲ့ပါသည်။

'တံခါးကို ပိတ်ခဲ့တာက ငါ့သား ပြန်လာပြီလို့ ဒီဗီနာဖလိုးက ပြောလို့ ပိတ်ထားလိုက်တာ၊ တကယ်က ငါ့သားက အိမ်ထဲကိုမှ မရောက်သေးတာ' ဟု ကျွန်တော့်ကို ပြောပြ၏။

သူမသည် လှပဆန်းကြယ်သော သစ်ပင်များ၏ ရှုခင်းကို နိမိတ်မကောင်းသည့် ငှက်များနှင့် ရောထွေးမြင်မိခြင်းကိုလည်း သူ့ကိုယ်သူ ဘယ်တော့မျှ ခွင့်မလွှတ်နိုင်တော့ပေ။ သို့ဖြင့် သူမသည် တသက်လုံး စမုန်စပါးစေ့များအား စားသွားသည့် အကျင့်ကိုလည်း မဖျောက်နိုင်တော့ပါ။

ရာဇဝတ်မှုဖြစ်ပွားပြီး ၁၂ ရက်မြောက်နေ့၌ အမှုစစ်ဆေးသည့် တရားသူကြီးသည် ဟင်းလင်း ပွင့်နေသော ဒဏ်ရာကြီးတခု ဖြစ်နေသည့် မြို့တမြို့သို့ ရောက်လာခဲ့သည်။ မြို့တော်ခန်းမရှိ ညစ်ပတ်ပေရေသည့် သစ်သားရုံးခန်းကလေး တခုထဲတွင် အပူတံလျှပ်များမှ သက်သာစေရန် ကြံအရက် စွက်ထားသည့် အိုးကော်ဖီကို သောက်ရင်း ဆင့်ခေါ်ခြင်းမရှိဘဲ ရုံးထဲသို့ အတင်း တိုးဝင်နေသည့် လူအုပ်များကို ထိန်းသိမ်းရန်အတွက် စစ်တပ်ကို အကူခေါ်ထားရသည်။ လူတိုင်းသည် ထိုပြဇာတ်တွင် မိမိ၏ အရေးကြီးသောအခန်းကို ပြသရန် စိတ်အားထက်သန် နေကြသည်။ တရားသူကြီးမှာ ယခုမှ ဥပဒေကျောင်းဆင်းခါစဖြစ်ပြီး ဥပဒေကျောင်းသား ဝတ်စုံနက်နှင့် သူ့ကို ကြည့်ရသည်မှာ ပျော်ရွှင်နေသော အဖေတယောက်၏ ချိုသာမှုမျိုး ရှိနေသည်။ သို့ရာတွင် သူ့အမည်ကိုမူ ကျွန်တော် တခါမျှ မတွေ့ဖူးပါ။ သူ့စရိုက်နှင့် ပတ်သက်၍ ကျွန်တော် သိရသမျှမှာလည်း အမှုတွဲထဲတွင် ပါသလောက်မျှသာ ဖြစ်ပါသည်။ နောင် အနှစ် ၂၀ ကြာသည့်အခါတွင် ရီယာဟာချာရှိ တရားရုံးချုပ် မော်ကွန်းတိုက်ထဲမှ မိတ်ဆွေများ အကူအညီ ဖြင့် ကျွန်တော် တွေ့လာခဲ့ခြင်း ဖြစ်ပါသည်။ တခါက ပင်လယ်ဓားပြကြီး ဖရန်စစ်ဒရိတ် နှစ်ရက်တာမျှ တည်းခိုသွားခဲ့ဖူးသည့် ဟောင်းနွမ်းအိုမင်းလှပြီဖြစ်သော ကိုလိုနီခေတ် အဆောက်အအုံကြီး၏ ကြမ်းပြင်ပေါ်တွင် ရာစုနှစ် တခုစာရှိ အမှုတွဲများသည် စုပုံလျက်ရှိ၏။ အမှုတွဲများကို အမျိုးအစား ခွဲခြားထားခြင်းလည်း မရှိပါ။ ဒီရေတက်သည့်အခါတွင် ကြမ်းပြင်ကို ရေလွှမ်းသဖြင့် တွဲချုပ်ထားခြင်းမရှိသည့်

အုပ်တွဲများသည် လူသူကင်းမဲ့သော ရုံးခန်းများထဲတွင် မျောပါလျက် ရှိပါသည်။ ကျွန်တော်သည် ပျောက်ဆုံးသွားသော အကြောင်းတရားများ၏ ရေအိုင်ငယ်ထဲက ကျွန်တော့် ခြေကျင်းဝတ်လောက်အထိ ရှိသော ရေထဲတွင် အမှုတွဲများကို မကြာခဏ လိုက်ရှာခဲ့ပါသည်။ ၅ နှစ်တာမျှ မွှေနှောက်သည့်အခါတွင် ကံတရားသည် ကျွန်တော့်အား စာမျက်နှာ ၅၀၀ ကျော်ခန့်မျှရှိသည့် အမှုတွဲထဲမှ စာမျက်နှာ ၃၂၂ မျက်နှာကို သယ်ယူခွင့်ပေးခဲ့ပါသည်။

မည်သည့်အမှုတွဲ စာရွက်ပေါ်တွင်မှ တရားသူကြီး၏အမည်ကို မတွေ့ရပါ။ သို့ရာတွင် သူသည် စာပေငန်းသန္တိပါတ်ရောဂါ ကပ်နေသူတဦးဖြစ်ကြောင်းမှာ ထင်ရှားပါသည်။ သူသည် စပိန် ဂန္ထဝင်စာပေများနှင့် လက်တင်ဂန္ထဝင် နည်းနည်းပါးပါးကိုလည်း ဖတ်ဖူးပါသည်။ သူသည် ထိုခေတ်က တရားသူကြီးများထဲတွင် ခေတ်စားသော စာရေးဆရာဖြစ်သည့် (ဒဿနဆရာ) နစ်ရှေးကိုလည်း တော်တော်ဖတ်ဖူးပုံရပါသည်။ နံဘေး မှတ်ချက်များမှာ မင်ရောင်နှင့် မတူသည့် အတွက် သွေးဖြင့် ရေးထားသယောင် ထင်ရပါသည်။ သူသည် ကံတရားက တွေ့ကြုံအောင် စီမံဖန်တီးပေးလိုက်သော အမှုကြောင့် တော်တော်စိတ်ထိခိုက်နေပုံ ရပါသည်။ သူသည် တင်းကျပ်သော သူ၏ ဥပဒေကြောင်းဆိုင်ရာ သက်မွေးမှု စည်းကမ်းများနှင့် ဆန့်ကျင်စွာ ကဗျာတို၊ စာတိုကလေးတွေကို မျဉ်းဘေးကွက်လပ်တွင် ရေးထားပါသည်။

သို့တိုင်အောင် သူ၏ကြိုးပမ်းအားထုတ်မှု အဆုံးတွင် သူ့ကို အထိတ်တလန့် အဖြစ်စေဆုံးသော အရာမှာ စန်တီယာဂိုနာဆားသည် ပြစ်မှု၏ အကြောင်းရင်းဖြစ်သည် ဆိုသည့် သဲလွန်စကို နည်းနည်းကလေးမျှ ရှာဖွေ၍ မတွေ့ခြင်းပင် ဖြစ်သည်။ သတို့သားကို လိမ်လည်ရန် သူ့အား ပညာပေးခဲ့ကြသည့် အိန်ဂျလာဗီကာရီယို၏ သူငယ်ချင်းမများကလည်း သူမသည် မင်္ဂလာ မဆောင်မီ ရှေးပဝေသဏီကတည်းက သူမ၏ လျှို့ဝှက်ချက်ကို သူတို့အား ပြောခဲ့ကြောင်းဖြင့် တလျှောက်လုံး ထွက်ဆိုခဲ့ကြသည်။ သို့ရာတွင် မည်သူ့ကြောင့် (အပျိုရည်ပျက်ခဲ့ရသည်) ဆိုသည်ကိုမူ ထုတ်ဖော်ခြင်း မပြုခဲ့ကြပေ။

တရားခွင်တွင် သူတို့က ထွက်ဆိုခဲ့ရာ၌ ‘အိန်ဂျလာက တန်ခိုး ပြဋ္ဌိဟာကိုပဲ ပြောတယ်၊ ဖန်ဆင်းရှင် နာမည်ကိုတော့ မပြောဘူးရှင့်’ ဟု ထွက်ဆိုခဲ့ကြသည်။ အိန်ဂျလာဗီကာရီယိုကမူ ဆုတ်ဆိုင်းခြင်း မရှိခဲ့ပါ။ စုံစမ်းစစ်ဆေးသူ တရားသူကြီးက သေသူ စန်တီယာဂို နာဆား မည်သူဆိုသည်ကို သိသလားဟု သူ့ထုံးစံအတိုင်း သွယ်ဝိုက်မေးသည့်အခါတွင် သူမက...

‘သူဟာ ကျွန်မကို ကျူးလွန်သူပဲ’ ဟု ခပ်အေးအေးပင် ဖြေခဲ့သည်။

ယင်းမှာ အမှုတွဲထဲတွင် သူမ ကျိန်ဆိုထားပုံ ဖြစ်သည်။ သို့ရာတွင်

မည်သည့်နေရာတွင် မည်သို့ ကျူးလွန်ခဲ့သည် ဆိုသည်ကိုမူ တိကျခြင်း မရှိပါ။ သုံးရက်သာကြာသည့် အမှုစစ်ဆေးစဉ်ကာလ အတွင်း၌ တရားခံ၏ အကျိုးဆောင်ရှေ့နေက ထိုစွပ်စွဲချက်၏ အားနည်းမှုကို အခွင့်ကောင်းယူ၍ ထိုးနှက်ချေဖျက်ရန် အတတ်နိုင်ဆုံး ကြိုးစားခဲ့သည်။ စန်တီယာဂိုနာဆားအပေါ်တွင် အထောက်အထား မရှိသည့်အတွက် စုံစမ်းစစ်ဆေးသည့် တရားသူကြီးမှာ ဘာကိုမျှ ရေရေရာရာ စဉ်းစားနိုင်ခြင်း မရှိသည့်အလျောက် သူ၏ စစ်ဆေးပုံမှာ တခါတရံတွင် စိတ်ပျက်မှုကြောင့် ပျက်စီးသွားရတော့သည်။ အမှုတွဲစာမျက်နှာ ၄၁၆ တွင် မင်နီရဲရဲကြီးဖြင့် တရားသူကြီးက နံဘေးမှတ်ချက် ရေးထားရာ၌ 'ကျွန်ုပ်အား တဖက်သတ် အတွေးအခေါ်ကိုပေးလျှင် ကမ္ဘာကြီးကို ရွှေ့ပြောင်းပစ်မည်' ဟု ရေးထားသည်။ ထိုစိတ်ပျက်လက်ပျက်ဖြစ်နေသော စကားပိုဒ် အောက်တွင် မြားဖြင့် ထိုးဖောက်ထားသည့် အသည်းနှလုံးပုံတခုကို ထိုမင်နီရဲရဲဖြင့်ပင် ရေးဆွဲထားသည်။ စန်တီယာဂိုနာဆား၏ သူငယ်ချင်းများအဖို့ကဲ့သို့ပင် စုံစမ်းစစ်ဆေးသည့် တရားသူကြီးအဖို့လည်း သူ၏ နောက်ဆုံးအချိန်များတွင် သေသူ၏အပြုအမူသည် သူ၏ အပြစ်ကင်းမှုကို အထင်အရှားပြနေသည့် အထောက်အထားတခု ဖြစ်သည်ဟု ယူဆသည်။

အမှန်အားဖြင့် သူသေမည့်မနက်၌ စန်တီယာဂိုနာဆားအဖို့ သူ့အား စွပ်စွဲထားသည့်အချက်သည် မည်မျှ တန်ဖိုးကြီးကြောင်းကို ကောင်းစွာသိသည့်တိုင် သံသယဟူ၍ စိုးစဉ်းမျှမရှိပေ။ သူသည် ပတ်ဝန်းကျင်လောက၏ အရက်အကြောက်ကြီးပုံကို ကောင်းစွာ သိ၏။ ထို့ပြင် အမွှာညီအစ်ကို နှစ်ယောက်၏ ရိုးအသည့် စရိုက်သည်လည်း စော်ကားမှုတခုကို တွန်းလှန်နိုင်စွမ်းအား မရှိကြောင်းကိုလည်း သူ သဘောပေါက်ခဲ့မည် ဖြစ်၏။ ဘာယာဒိုဆန်ရိုမန်၏ အကြောင်းကို မည်သူမျှ ကောင်းကောင်းမသိပါ။ သို့ရာတွင် ဘာယာဒိုဆန်ရိုမန်သည် အပြင်ပန်းအားဖြင့် ခေတ်မီသယောင် ရှိသည့်တိုင် အခြားသူများကဲ့သို့ပင် သူ့ဇာတိမျိုးရိုး၏ အစွဲများရှိကြောင်းကိုမူ စန်တီယာဂိုနာဆား ကောင်းစွာသိခဲ့သည်။ ထို့ကြောင့် အသတ်ခံရသူက စိတ်ပူပန်မှု မဖြစ်ခြင်းသည် ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်း ဖြစ်နိုင်သည်။ ထို့ပြင် အိန်ဂျလာဗီကာရီယို၏ အစ်ကိုများက သူ့ကို သတ်ရန် စောင့်နေသည်ဟု နောက်ဆုံးအချိန်တွင် သိရသည့်အခါ၌ သူ၏တုံ့ပြန်မှုမှာ အများသူငါ မကြာခဏ ပြောကြသလို ထိတ်လန့်ကြောက်ရွံ့မှု မဟုတ်ဘဲ အပြစ်မရှိသည့် နားမလည်နိုင်ခြင်းမျိုးသာ ဖြစ်နေသည်။

ကျွန်တော့် ကိုယ်ပိုင်ထင်မြင်ချက်မှာ စန်တီယာဂိုနာဆားသည် သူ၏သေခြင်းကို နားမလည်ဘဲ သေသွားခြင်းဖြစ်သည်ဟု ထင်၏။ ကျွန်တော်တို့အိမ်လာပြီး လက်ဖက်ရည်သောက်မည်ဟု ကျွန်တော့်ညီမ မားဂေါ့ကို ပြောပြီးနောက်တွင် ခရစ္စတိုဘီဒိုယာသည် သူ့ကို လက်မောင်းမှဆွဲပြီး သင်္ဘောဆိပ်ဆီသို့ ခေါ်သွားခဲ့ရာ ထိုအချိန်က သူတို့နှစ်ယောက်စလုံးသည်

အေးအေးဆေးဆေး ပင် ဖြစ်သဖြင့် တဖက်လူက တမျိုးထင်စရာ ဖြစ်နေပြန်သည်။

'သူတို့နှစ်ယောက်သွားနေပုံကို ကြည့်ရတာ အေးအေးဆေးဆေးပဲ၊ ပြေလည်သွားတယ်ထင်လို့ ဘုရားကိုတောင် ကျေးဇူးတင်ခဲ့ရသေးတယ်' ဟု မီမီလွိုင်ဇာက ကျွန်တော့်ကို ပြောပြ၏။ မှန်ပါသည်။ လူတိုင်းက စန်တီယာဂိုနာဆားကို ချစ်ခင်ကြသည် မဟုတ်ပါ။ မီးစက်ပိုင်ရှင် ပိုလိုဘာရီလိုကမူ စန်တီယာဂိုနာဆား အေးဆေး တည်ငြိမ်နေခြင်းမှာ အပြစ်ကင်း၍မဟုတ်ဘဲ လျှောင်ပြောင် မထီမဲ့မြင် လုပ်သည့်သဘောကြောင့် ဖြစ်သည်ဟု ပြောပြသည်။

'ပိုက်ဆံရှိတော့ သူ့ကို ဘယ်သူမှ လက်ဖျားနဲ့မတို့ရဲဘူးလို့ ထင်နေတယ်လေ၊ တူရကီလူမျိုး ဆိုတာ ဒီအတိုင်းပဲ' ဟု သူ၏ဇနီး ပေါစတာလိုပက်ဇ်က ပြောသည်။

အင်ဒါလီစီယိုပါဒိုသည် ကလိုတီလ်ဒါအာမင်တာ၏ စတိုးဆိုင်ရှေ့မှ ဖြတ်လာခဲ့စဉ် ဘုန်းတော်ကြီး ၏သင်္ဘော ထွက်သွားသည်နှင့် စန်တီယာဂိုနာဆားကို သတ်မည်ဟု အမြွှာညီအစ်ကိုနှစ်ယောက် က သူ့ကို ပြောသွားခဲ့ကြသည်။ ထိုစကားမှာ အိပ်ရာက စောစောထသူများ၏ စိတ်ရှုပေါက်ရာ ပြောစကားများဖြစ်သည်ဟု အခြားသူများကဲ့သို့ပင် သူ ထင်ခဲ့သည်။ သို့ရာတွင် ကလိုတီလ်ဒါ အာမင်တာက ထိုစကားသည် အမှန်ဖြစ်ကြောင်း ရှင်းပြကာ စန်တီယာဂို နာဆားနောက်သို့ လိုက်ပြီး သတိပေးရန် သူ့ကိုပြောသည်။

'ဘာမှ မစိုးရိမ်ပါနဲ့၊ ဘာပဲဖြစ်ဖြစ် သူက သေသလိုဖြစ်ပြီးသားပါ' ဟု ပီဒရိုဗီကာရီယိုက သူ့ကို ပြောခဲ့သည်။

ယင်းမှာ စိန်ခေါ်ခြင်းဖြစ်ကြောင်း ထင်ရှားသည်။ အင်ဒါလီ စီယိုပါဒိုနှင့် စန်တီယာဂိုနာဆားတို့ ကြားတွင် တွယ်တာမှုကို အမြွှာညီအစ်ကိုနှစ်ယောက် သိကြ၏။ သူတို့အပေါ်တွင် အရှက်မရ စေဘဲ ရာဇဝတ်မှုကို ကျူးလွန်ခြင်းမရှိအောင် လုပ်နိုင်သူမှာလည်း သူ တယောက်သာ ရှိကြောင်း ကို သူတို့တတွေ တွေးမိကြမည် ဖြစ်သည်။ သို့ရာတွင် သင်္ဘောဆိပ်မှ ပြန်လာသူများထဲတွင် စန်တီယာဂိုနာဆားအား ခရစ္စတိုဘီဒိုယာက ဆွဲခေါ်သွားသည်ကို မြင်သည့်အခါ၌ အင်ဒါလီစီယိုပါဒိုသည် သူ့ကို သတိမပေးရဲတော့ပေ။

'ကျွန်တော်လည်း ကြောက်သွားတယ်ဗျာ' ဟု သူက ကျွန်တော့်ကို ပြောသည်။ သူက သူတို့နှစ်ယောက်ကို ကျောတချက်စီ ပုတ်လိုက်ပြီး သွားခွင့်ပြုလိုက်သည်။ သူတို့နှစ်ယောက်ကမူ သတိမထားမိပေ။ ထိုအချိန်က သူတို့နှစ်ယောက်သည် မင်္ဂလာဆောင်စရိတ်ကို တွက်ချက်နေကြ ဆဲ ဖြစ်သောကြောင့် ဖြစ်သည်။

လူအုပ်မှာ ကွဲစပြုနေပြီး လာလမ်းအတိုင်း ကွက်လပ်ဆီသို့ ပြန်လာနေကြ၏။ လူအုပ်မှာ တော်တော်ကြီးသောလူအုပ် ဖြစ်သည်။ သို့ရာတွင် အက်စကိုလာစတီကာဆစ်နားရိုး၏ အမြင်၌ သူငယ်ချင်းနှစ်ယောက်သည် လူအုပ်အလယ်တွင် အခက်အခဲမရှိ လျှောက်နေသည်ကို သတိပြုမိ ၏။ သူတို့အနီးတွင် လူသူရှင်းနေခြင်းမှာ စန်တီယာဂိုနာဆားသည် မကြာခင် သေတော့မည် ဆိုသည်ကို လူတိုင်း သိနေကြသောကြောင့် ဖြစ်၏။ မည်သူမျှ သူ့ကို မထိရဲကြ။ လူအုပ်၏ ထူးဆန်းသော အပြုအမူကို ခရစ္စတိုဘီဒိုယာ သတိပြုလိုက်မိသည်။

'သူတို့ကြည့်နေပုံက ကျွန်တော်တို့နှစ်ယောက် မျက်နှာမှာ ဆေးခြယ်ထားလို့ ကြည့်နေတဲ့ပုံမျိုး' ဟု ခရစ္စတိုဘီဒိုယာက ကျွန်တော့်ကို ပြောပြသည်။

သူတို့ဖြတ်သွားချိန် ဆာရာနောရီယေဂါသည် သူမ၏ဖိနပ်ဆိုင်ကို ဖွင့်နေပြီဖြစ်သည်။ စန်တီယာဂို နာဆား ဖြူဖပ်ဖြူရော် ဖြစ်နေပုံကို မြင်ရသည့်အခါတွင် သူမသည် လန့်သွား၏။ သို့ရာတွင် သူက သူမကို နှစ်သိမ့်ပါသည်။

'အစ်မရေ ... ကျွန်တော်တို့တွေက အမူးသိပ်မပြေချင်သေးဘူးဗျ၊ ဒါကြောင့် ဒီလိုဖြစ်နေတာ' ဟု လမ်းသွားရင်း ပြောသွားသေးသည်။

ဆီလက်စတေဒန်ဂွန်းသည် ညဝတ်အင်္ကျီဖြင့် အိမ်ရှေ့တံခါးဝတွင် ထိုင်ရင်း ဘုန်းတော်ကြီးအား သွားကြိုသူများကို လှောင်ပြောင် သရော်နေရာမှ စန်တီယာဂိုနာဆားအား ကော်ဖီသောက် ခေါ်သည်။

'ဒီကောင် နည်းနည်းပါးပါး စဉ်းစားချိန်ရအောင်ဆိုပြီး ငါက ခေါ်တာ' ဟု သူက ကျွန်တော့်ကို ပြောပြ၏။ သို့ရာတွင် စန်တီယာဂိုနာဆားက ကျွန်တော်တို့အိမ်သို့ လက်ဖက်ရည်သောက် သွားမည် ဖြစ်သဖြင့် အဝတ်အစားလဲဦးမည်ဟု ပြောသွားသည်။

'ငါလည်း ဇဝေဇဝါဖြစ်သွားတာပေါ့ကွ၊ ဒီကောင်က ဒီလောက် အေးအေးဆေးဆေး ဣန္ဒြေမပျက် ဖြစ်နေတော့ သူ့ကို သတ်မယ်ဆိုတာ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူးလို့ ထင်လိုက်တာပေါ့' ဟု ဆီလက်စတေဒန်ဂွန်းက ကျွန်တော့်ကို ပြောပြသည်။

ကိုယ်လုပ်သည့် စိတ်ကူးကို အကောင်အထည်ဖော်သူဆို၍ ယာမီးရှာအိန်း တယောက်တည်းသာ ရှိ၏။ သူသည် ကောလာဟလများကို ကြားသည်နှင့် သူ၏ ကုန်ခြောက်ဆိုင်ရှေ့သို့ ထွက်ကာ စန်တီယာဂိုနာဆားအား သတိပေးရန်

စောင့်နေခဲ့သည်။ သူသည် အီဘရာဟင်နာဆားနှင့်အတူ ရောက်လာသည့် အာရပ်များထဲမှ နောက်ဆုံးဖြစ်ပြီး သူနှင့်အတူ စပ်တူဖဲရိုက်ဖက် ဖြစ်သည်။ ယခုထက်တိုင်လည်း စန်တီယာဂိုနာဆားတို့ မိသားစုကို အကြံဉာဏ်ပေးနေသည့် လူကြီးဖြစ်၏။ သူ့လောက် စန်တီယာဂိုနာဆားအား ပိုင်စိုးပိုင်နင်း ပြောနိုင်သူဆို၍ တယောက်မျှ မရှိသေးပေ။ သို့ရာတွင် ကောလာဟလများက အခြေအမြစ် မရှိလျှင် စန်တီယာဂိုနာဆားအား သက်သက် အလန့်တကြားဖြစ်အောင် လုပ်သလိုဖြစ်နေမည် စိုးသဖြင့် အကြံဉာဏ် ရလိုရငြား ခရစ္စတိုဘီဒိုယာကို လှမ်းခေါ်လိုက်သည်။ ခရစ္စတိုဘီဒိုယာက ကွက်လပ်ထောင့်သို့ ရောက်နေသည့် စန်တီယာဂိုနာဆား၏ ကျောကို ပုတ်လိုက်ရင်း ယာမီးရှာအိန်းကို ပြန်ထူးသည်။

'ဟော့ကောင်... စနေနေ့မှ တွေ့မယ်ကွာ' ဟုလည်း စန်တီယာဂိုနာဆားကို လှမ်းပြောလိုက်သည်။

စန်တီယာဂိုနာဆားက ဘာမျှမဖြေ။ သို့ရာတွင် ယာမီးရှာအိန်းကို အာရဗီစကားဖြင့် တစုံတရာ လှမ်းပြောရာ ယာမီးရှာအိန်းကလည်း အာရဗီဘာသာဖြင့်ပင် ပြန်ပြောပြီး အားရပါးရ ရယ်နေသည်။

'တို့အချင်းချင်း အာရဗီဘာသာနဲ့ စကားလိမ်ပြောနေကြတာကွ' ဟု ယာမီးရှာအိန်းက ကျွန်တော့်ကို ပြောသည်။

စန်တီယာဂိုနာဆားသည် ရပ်မနေတော့ဘဲ သူတို့ကို လက်ပြနှုတ်ဆက်ကာ ကွက်လပ်ထောင့်ချိုး တွင် ပျောက်ကွယ်သွားသည်။

ယင်းမှာ သူ့ကို သူတို့တတွေ နောက်ဆုံးအကြိမ် မြင်လိုက်ရခြင်း ဖြစ်သည်။

ခရစ္စတိုဘီဒိုယာသည် ယာမီးရှာအိန်းပြောသည့်သတင်းကို ကြားလျှင်ကြားချင်း စတိုးဆိုင် အပြင်ဘက်သို့ ပြေးထွက်လာကာ စန်တီယာဂိုနာဆားနောက်သို့ လိုက်သည်။ ကွက်လပ် ထောင့်ချိုးအကွေ့တွင် စန်တီယာဂိုနာဆား ပျောက်ကွယ်သွားသည်ကို မြင်လိုက်သည့်တိုင် ကွက်လပ်ထဲက လူစုကွဲစပြုနေသော လူအုပ်များထဲတွင် သူ့ကို မတွေ့ရပါ။ လူတော်တော် များများကပင် တခုတည်းသော အဖြေကို ပေးကြသည်။

'စောစောကလေးတင် မင်းတို့နှစ်ယောက် အတူတူသွားကြတာပဲ' ဟူသောအဖြေ ဖြစ်သည်။

ထိုမျှ တိုတောင်းသော အချိန်ကလေးအတွင်းတော့ အိမ်သို့ ပြန်မရောက်နိုင်သေး။ သို့ရာတွင် ရောက်လိုရောက်ငြား သူ့ကို မေးရန် မင်းတုပ်မချဘဲ ပွင့်နေသည့် အိမ်ရှေ့တံခါးမကြီးမှ ဝင်လာခဲ့ သည်။

ကြမ်းပြင်ပေါ်တွင်ကျနေသည့် စာရွက်ကလေးကိုပင် မမြင်မိပါ။ သူသည် မှောင်ရီဝိုးဝါး ဖြစ်နေသည့် ဧည့်ခန်းကို ဖြတ်လာခဲ့သည်။ စောစောစီးစီး ဧည့်သည်လာချိန် မဟုတ်သဖြင့် အသံမမြည်အောင် လာခဲ့၏။ သို့ရာတွင် အိမ်နောက်ဖေးမှ ခွေးတွေ နိုးလာကာ သူ့ဆီသို့ ပြေးလာကြသည်။ သို့ရာတွင် သူတို့သခင်လုပ်သလို လက်ထဲမှ သော့ချောင်းများကို လှုပ်ပြရင်း သူတို့ကို ငြိမ်အောင်လုပ်ကာ နောက်မှ ခွေးတွေ တအုပ်ကြီးဖြင့် မီးဖိုဘက်ဆီသို့ လာခဲ့သည်။ ဝရန်တာတွင် ဧည့်ခန်းကို ကြမ်းတိုက်ရန် ရေပုံးတပုံး၊ အဝတ်စုတ်တထည်ဖြင့် လာနေသော ဒီဗီနာဖလိုကို တွေ့ရ၏။ သူမက စန်တီယာဂိုနာဆား ပြန်မလာသေးကြောင်း အခိုင်အမာ ပြောသည်။ မီးဖိုထဲသို့ သူ ဝင်လာသည့်အခါတွင် ဗစ်တိုးရီးယား ဂုဇ်မန်းသည် မီးဖိုပေါ်တွင် ယုန်သားများကို တံစို့ဖြင့် ကင်နေသည်။ သူမက သူရောက်လာသည်ကို ချက်ချင်း သဘောပေါက်လိုက်သည်။ 'သူ့နှလုံးက ပါးစပ်ထဲရောက်တော့မယ်' ဟု ကျွန်တော့်ကို ပြောပြသည်။

ခရစ္စတိုဘီဒိုယာက စန်တီယာဂိုနာဆား အိမ်ပြန်ရောက်မရောက် မေး၏။ သူမက ဘာမှမသိဟန် ဖြင့် ယခုထက်တိုင် ပြန်မလာသေးကြောင်းဖြင့် ဣန္ဒြေရရ ပြောသည်။

'အရေးကြီးတယ်ဗျ၊ သူ့ကိုသတ်မလို့ လိုက်ရှာနေကြတယ်' ဟု ခရစ္စတိုဘီဒိုယာက ပြောသည်။

ဗစ်တိုးရီးယားဂုဇ်မန်းသည် မသိဟန်ဆောင်နေခဲ့သည်ကို မေ့သွား၏။

"ကောင်လေးတွေက ဘယ်သူ့ကိုမှ သတ်မှာ မဟုတ်ပါဘူးကွယ်"

သူမက ပြောသည်။

'စနေနေ့ကတည်းက ဆက်တိုက် သောက်နေကြတာဗျ' ဟု ခရစ္စတိုဘီဒိုယာက ပြော၏။

"ဘယ်အရက်သမားမှ ကိုယ့်ဇာတ်တူသားချင်းကို ပြန်မစားပါဘူးဟဲ့"

ခရစ္စတိုဘီဒိုယာသည် ဧည့်ခန်းဆီသို့ ပြန်လာခဲ့သည်။ ဒီဗီနာဖလိုမှာ ပြတင်းပေါက်များကို ဖွင့်ပြီးလေပြီ။

'အဲဒီတုန်းက မိုးတော့ မရွာဘူးဗျ၊ မနက် ၇ နာရီလောက် ရှိနေပြီ၊ နေရောင်က ပြတင်းပေါက် တွေက ထိုးကျလို့' ဟု ခရစ္စတို ဘီဒိုယာက ကျွန်တော့်ကို ပြောပြသည်။

စန်တီယာဂိုနာဆားတယောက် ဧည့်ခန်းတံခါးမှ ဝင်လာခြင်း ရှိ မရှိကို

နောက်တကြိမ် သူ မေးပြန်သည်။ ထိုအခါတွင်မူ ဒီဗီနာဖလို၏ အဖြေမှာ ပထမတကြိမ်လောက် တိကျသေချာခြင်း မရှိတော့။ သူက ပလေစီဒါလီနာရိုကို မေးသည့်အခါတွင် ယခုကလေးတွင်ပင် သူတို့ ကော်ဖီ တခွက် ဖျော်ထားပေးခဲ့ကြောင်း၊ သို့ရာတွင် မနှိုးခဲ့ကြောင်းဖြင့် ပြောသည်။ ယင်းမှာ သူတို့အိမ် ထုံးစံ ဖြစ်သည်။ ပလေစီဒါလီနာရိုသည် မနက် ၇ နာရီတွင် အိပ်ရာမှ နိုးလာသည်။ ကော်ဖီ သောက်သည်။ ထို့နောက် နေ့လယ်စာ ချက်ပြုတ်ရန် စီမံသည်။ ခရစ္စတိုဘီဒိုယာသည် နာရီကို ကြည့်လိုက်၏။ အချိန်က ၆ နာရီ ၅၅ မိနစ်။ ထို့နောက် သူသည် စန်တီယာဂိုနာဆား ပြန်ရောက် မရောက် သေချာအောင်ကြည့်ရန် အပေါ်ထပ်သို့ တက်လာခဲ့သည်။

အိပ်ခန်းကို အတွင်းက သော့ခတ်ထား၏။ စန်တီယာဂိုနာဆားသည် သူ့အမေအိပ်ခန်းမှဖြတ်၍ အပြင်သို့ ထွက်လာခဲ့သောကြောင့် ဖြစ်သည်။ ခရစ္စတိုဘီဒိုယာသည် အိမ်ကို ကိုယ့်အိမ်လို အတွင်းအပြင် သိနေရုံမျှမက မိသားစုတခုလုံးနှင့်လည်း ရင်းနှီးနေသဖြင့် ပလေစီဒါလီနာရို၏ အိပ်ခန်းမှဖြတ်ကာ စန်တီယာဂိုနာဆားအခန်းသို့ လာခဲ့သည်။ ဖုန်မှုန့်တို့ ဝေ့ဝဲလျက်ရှိသည့် နေရောင်ခြည်တန်း တသွယ်သည် ကောင်းကင်ပေါက်မှ ထိုးကျလျက်ရှိ၏။ လှပသော မိန်းမသည် ကြိုးခုတင်ပေါ်တွင် တစောင်းအိပ်လျက်ရှိရာ သူမ၏ အဝတ်ဦးထုပ်မှ ကြိုးသည် ပါးပေါ်သို့ ကျလျက်ရှိသဖြင့် သဘာဝ ကျသော သဏ္ဌာန်ပေါ်နေသည်။

‘တစ္ဆေတကောင်လိုပဲဗျာ’ ဟု ခရစ္စတိုဘီဒိုယာက ကျွန်တော့်ကို ပြောပြ၏။

သူသည် သူမအလှ၏ ဆွဲဆောင်မှုကြောင့် ခဏမျှ ကြည့်နေမိသည်။ ထို့နောက် အခန်းကို တိတ်ဆိတ်စွာ ဖြတ်လာခဲ့ကာ ရေချိုးခန်းအနီးမှ ဖြတ်၍ စန်တီယာဂို၏ အိပ်ခန်းဆီသို့ လာခဲ့သည်။ ခုတင်မှာ ယခုတိုင် သပ်သပ်ရပ်ရပ် ဖြစ်နေဆဲ ဖြစ်၏။ ကုလားထိုင်ပေါ်တွင် မြင်းစီးဦးထုပ်ရှိပြီး ကြမ်းပြင်က ဖိနပ်သံဆူးများအနီးတွင် မြင်းစီးဖိနပ်ရှည်ကို တွေ့ရသည်။ အိပ်ရာဘေးက စားပွဲပေါ်၌ စန်တီယာဂိုနာဆား၏ လက်ပတ်နာရီသည် ၆ နာရီ ၅၈ မိနစ်ကို ပြနေ၏။

‘သူပြန်လာပြီး လက်နက်တို့ ဘာတို့ယူပြီး ပြန်ထွက်သွားပြီလို့ လက်ခံနဲ ကျွန်တော် ထင်လိုက်တယ်’ ဟု ခရစ္စတိုဘီဒိုယာက ကျွန်တော့်ကို ပြောပြသည်။

သို့ရာတွင် အိပ်ရာဘေးက စားပွဲအံဆွဲထဲတွင် မဂ္ဂနမ်သေနတ်ကို သူ တွေ့ရသည်။

“ကျွန်တော် သေနတ်တခါမှ မပစ်ဖူးပါဘူး၊ ဒါပေမဲ့ ခြောက်လုံးပြူးကို ယူပြီး စန်တီယာဂို နာဆားကို သွားပေးမယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်တယ်”

ခရစ္စတိုဘီဒိုယာက ကျွန်တော့်ကို ပြောပြသည်။ သူသည် ခြောက်လုံးပြူးကို ခါးပတ်ကြားထဲသို့ ထိုးကာ ရှပ်အင်္ကျီဖြင့် ဖုံးထားလိုက်၏။ ရာဇဝတ်မှု ဖြစ်ပွားပြီးသည့်အခါမှပင် ထိုခြောက်လုံးပြူး မှာ ကျည်ထည့်ထားခြင်း မရှိကြောင်းကို သူ သိရသည်။ သူက အံဆွဲကို ပြန်ပိတ်နေသည်။ ပလေစီဒါလီနာရိုသည် ကော်ဖီမတ်ခွက်ကို ကိုင်၍ ပေါ်လာသည်။

"အမယ်လေးကွယ် ... လန့်လိုက်တာ"

ခရစ္စတိုဘီဒိုယာလည်း လန့်သွားပါသည်။ သူသည် သူမကို အလင်းရောင်ဖြိုးဖြိုးထဲတွင် မြင်ရခြင်းဖြစ်၏။ သူမသည် ရွှေပန်းခက်ကလေးများ ယှက်ထားသည့် ညဝတ်အင်္ကျီကို ဝတ်ထားပြီး ဆံပင်မှာ ပြေလျှော့ကျနေ၏။ စွဲလမ်းဖွယ်တို့သည် ပျောက်ကွယ်သွားကြလေပြီ။ သူက ယောင်တိယောင်နဖြင့် စန်တီယာဂိုနာဆားကို လိုက်ရှာနေခြင်းဖြစ်ကြောင်း ပြောပြသည်။

'ဘုန်းတော်ကြီးကို သွားကြိုတယ်လေ' ဟု ပလေစီဒါလီနာရိုက ပြောသည်။

"ဘုန်းကြီးက သင်္ဘောကတောင် မဆင်းဘူး၊ ဖြတ်ရုံ ဖြတ်သွားတာ"

'တို့များလည်း ထင်သားပဲ၊ ဘယ်လိုအမေကများ မွေးလာသလဲ မသိဘူး' ဟု သူမက ပြောသည်။

သူမသည် ထိုစကားကို ဆက်၍မပြောတော့ပေ။ အကြောင်းမှာ ခရစ္စတိုဘီဒိုယာသည် သူ့ကိုယ်သူ မထိန်းနိုင် မသိမ်းနိုင် ဖြစ်နေသည်ကို သဘောပေါက်သွားသောကြောင့် ဖြစ်၏။

'ဘုရားသခင်က တို့ကို ခွင့်လွှတ်လိမ့်မယ် ထင်ပါရဲ့ကွယ်၊ ဒါပေမဲ့ သူ့ကိုကြည့်ရတာ နည်းနည်းမှ အကဲမရဘူး၊ ကေန္တ တို့အိမ်ကိုလုမလို့ လာတယ်လို့ပဲ ထင်လိုက်မိတယ်' ဟု သူမက ကျွန်တော့်ကို ပြောပြ၏။

သူမက 'သူ့ကို ဘာဖြစ်လာသလဲ' ဟု မေးသည်။ သူ့ကို သက်ာမကင်းဖြစ်နေကြောင်း ခရစ္စတို ဘီဒိုယာ သိလိုက်သည်။ သို့ရာတွင် အမှန်ကို ထုတ်ပြောရန်လည်း မရဲဘဲ ဖြစ်နေသည်။

'အိပ်လို့မရလို့ဗျာ၊ တရေးမှ မပျော်ဘူး' ဟု သူက သူမကို ပြောသည်။

သူသည် နောက်ထပ် ဖြေရှင်းချက်မထုတ်တော့ဘဲ ပြန်လာခဲ့သည်။

'ဘယ်လိုပဲဖြစ်ဖြစ် သူ့ကို လုမယ်လို့ ထင်နေပုံရတယ်' ဟု ကျွန်တော့်ကို ပြောပြသည်။

ကွက်လပ်ထဲတွင် ဝတ်တက်နောက်ကျသဖြင့် ဘုရားရှိခိုးကျောင်းသို့ သုတ်သီးသုတ်ပျာ ပြန်လာသော ဘုန်းတော်ကြီး အာမာဒိုကို တွေ့ရသည်။ သို့ရာတွင် သူသည် စန်တီယာဂို ကောင်းရာသုဂတိသို့ ရောက်အောင် ဆုတောင်းပေးရုံမှအပ အခြား ဘာမျှမတတ်နိုင်ဟု ထင်နေသည်။ သူသည် ကလိုတီလ်ဒါအာမင်တာ၏ ကုန်စုံဆိုင်မှ သူတို့ခေါ်သံများကို ကြားရသည့်အခါတွင် ပြန်လှည့်လာခဲ့သည်။ အသားအရေ ဖျော့တော့ကာ မျက်တွင်း ဟောက်ပက် ဖြစ်နေသည့် ပီဒရိုဗီကာရီယိုသည် တံခါးဝတွင် ရပ်နေ၏။ သူ့အင်္ကျီရင်ဘတ်မှာ ဟနေပြီး အင်္ကျီလက်ကို တံတောင်ဆစ်အထိ ပင့်တင်ထားသည်။ လက်ထဲတွင်လည်း ဓားအိမ် မပါသည့် ဓားကြီးတချောင်းကို ကိုင်ထား၏။ သူ့အမူအရာမှာ စော်ကားရိုင်းပျသည့် အမူအရာ ဖြစ်သည်။ သို့ရာတွင် ထိုသို့သော ဟန်ပန်အနေအထားမှာ ရာဇဝတ်မှု ကျူးလွန်မည့် နောက်ဆုံး အချိန်တွင် တကြိမ်တည်းသာ တွေ့ရသည့် ဟန်ပန်အနေအထား မဟုတ်ပါ။

"ဟေ့ ခရစ္စတို၊ စန်တီယာဂိုနာဆားကို ပြောလိုက်စမ်းပါ၊ သူ့ကိုသတ်မလို့ တို့စောင့်နေတယ်လို့"

'ကျွန်တော်သာ သေနတ်ပစ်တတ်ခဲ့ရင် စန်တီယာဂိုနာဆား သေမှာ မဟုတ်ဘူးဗျ၊ အသက်ရှင် ဦးမှာ' ဟု သူက ကျွန်တော့်ကို ပြောပြသည်။

သို့ရာတွင် သူသည် တကယ်ပြောနေခြင်း ဖြစ်ပါသည်။ သံမဏိပြားပတ်ထားသည့် ကျည်ဆန်၏ အဖျက်စွမ်းအားကို သူ သိပြီးသား မဟုတ်လော။

'ဟေ့ကောင်တွေ သူ့မှာ မဂ္ဂနမ်သေနတ် ပါတယ်နော်၊ ပစ်လိုက်ရင် အင်ဂျင်အိုးတောင် ကွဲထွက်သွားမှာ' ဟု သူက လှမ်းအော်သည်။

သူ့စကား မမှန်ကြောင်းကို ပီဒရိုဗီကာရီယိုက သိပါသည်။

'ဒီကောင်က မြင်းစီးဝတ်စုံ မဝတ်ရင် ဘယ်တော့မှ လက်နက်ကိုင်လေ့ မရှိဘူး' ဟု ပီဒရို ဗီကာရီယိုက ကျွန်တော့်ကို ပြောပြသည်။

မည်သို့ဖြစ်စေ သူ့ညီမ၏ ဂုဏ်သိက္ခာကို သန့်ရှင်းသွားအောင် ဆေးကြောသုတ်သင်ပစ်ဖို့ ဆုံးဖြတ်ချက်ချစဉ်ကတည်းက စန်တီယာဂိုနာဆားတွင်လည်း လက်နက်ပါနိုင်သည်ကို သူ တွက်ပြီးသား ဖြစ်၏။

'လူသေက သေနတ်မပစ်နိုင်ပါဘူးကွ' ဟု သူက ပြန်အော်သည်။ ထို့နောက် တံခါးဝတွင် ပက်ဘလို ဗီကာရီယို ပေါ်လာသည်။ သူသည်လည်း သူ့အမြွှာညီနောင်လို ဖြူရော်လျက်ရှိပြီး မင်္ဂလာဆောင်တက်သည့် ဝတ်စုံကို

ဝတ်ထားကာ ခါးကို သတင်းစာစက္ကူဖြင့် ပတ်ထားသည်။

'အဲဒါကလေး တချက်ကြောင့်မို့လို့ပေါ့ဗျာ၊ အဲဒါကလေးသာ မကွာရင် သူတို့နှစ်ယောက်ကို ဘယ်သူဘယ်ဝါ ခွဲလို့ရမှာ မဟုတ်ဘူး' ဟု ခရစ္စတိုဘီဒိုယာက ကျွန်တော့်ကို ပြောပြသည်။

ကုန်စုံဆိုင်ရှင် မိန်းမကြီး ကလိုတီလ်ဒါအာမင်တာသည် ပက်ဘလိုဗီကာရီယိုနောက်တွင် ပေါ်လာကာ မြန်မြန် သွားပြောဖို့ ခရစ္စတိုဘီဒိုယာကို လှမ်းအော်သည်။ နေ့းကွေးလေးကန် လှသည့် ခြံမြို့ကလေးတမြို့တွင် သူ့လိုလူတယောက်သာလျှင် အဖြစ်ဆိုးကို တားဆီးနိုင်သော ကြောင့် ဖြစ်သည်။

ထို့နောက် ပေါ်ပေါက်လာသည့် အဖြစ်အပျက်မှာ အားလုံး သိပြီးသား ဖြစ်ပါသည်။

သဘော်ဆိပ်မှ ပြန်လာသည့် လူအုပ်သည် အော်သံများကြောင့် လန့်ဖျပ်ကာ ရာဇဝတ်မှုကို ကြည့်ရန်အတွက် ကွက်လပ်တဝိုက်တွင် ရပ်နေကြသည်။ စန်တီယာဂိုနာဆာားကိုများ တွေ့ခဲ့ကြ သလားဟု ခရစ္စတိုဘီဒိုယာက သူ့အသိမိတ်ဆွေများကို မေးသည်။ သို့ရာတွင် မည်သူမျှ မတွေ့ခဲ့ကြ။ သဟာယအသင်းတိုက်ရှေ့သို့ ရောက်သည့်အခါတွင် မြို့တော်ဝန် ဗိုလ်မှူးကြီး လာဇာရိုအာပွန်တီနှင့် တွေ့သဖြင့် ကလိုတီလ်ဒါအာမင်တာ၏ ကုန်စုံဆိုင်ရှေ့တွင် ဖြစ်ပျက်သမျှ ကို ပြောပြသည်။

'မဖြစ်နိုင်တာကွာ၊ သူတို့ကို အိမ်ပြန်အိပ်ကြတော့ဆိုပြီး ငါကိုယ်တိုင် ပြန်ခိုင်းလိုက်တာပဲ' ဟု ဗိုလ်မှူးကြီးက ပြောသည်။

"ခုလေးတင် ဝက်ခုတ်ဓားကြီးတွေ ကိုင်လို့ တွေ့ခဲ့တယ်ဗျ"

"မဖြစ်နိုင်ဘူးကွာ၊ သူတို့ဆီက ဓားတွေကို ငါကိုယ်တိုင် ယူထားလိုက်ပြီးမှ အိမ်ကို ပြန်ခိုင်းတာ၊ မင်း မြင်ခဲ့တာ ငါနဲ့မတွေ့ခင် ခပ်စောစောက ဖြစ်ပါလိမ့်မယ်" ဟု ဗိုလ်မှူးကြီးက ပြောသည်။

"ကျွန်တော် မြင်ခဲ့တာ နှစ်မိနစ်လောက်ပဲ ရှိသေးတယ်ဗျ၊ သူတို့လက်ထဲမှာ ဝက်ခုတ်ဓားကြီးတွေ ကိုင်လို့"

"အို… ဒုက္ခပါပဲ၊ ဒီလိုဆို ဒီကောင်လေးတွေ နောက်ထပ် ဓားနှစ်ချောင်းနဲ့ ပြန်လာတာထင်တယ်"

ဗိုလ်မှူးကြီးက ထိုကိစ္စကို ချက်ချင်း ဖြေရှင်းပေးမည်ဟု ကတိပြု၏။

သို့ရာတွင် ထိုနေ့ညက ဒိုမီနီကစားဝိုင်းက ချိန်းထားသည့်ရက်ကို ကြည့်ရန် သဟာယအသင်းတိုက်သို့ ထွက်သွားခဲ့ သည်။ သဟာယအသင်းတိုက်မှ သူ ပြန်ထွက်လာသည့်အခါ၌ ရာဇဝတ်မှုမှာ ကျူးလွန်ပြီးလေပြီ။ ထိုအချိန်၌ ခရစ္စတိုဘီဒိုယာသည် အမှားကြီးတခုကို ကျူးလွန်လိုက်သည်။ အခြားမဟုတ်ပါ။ ယခုအချိန်လောက်ဆိုလျှင် စန်တီယာဂိုနာဆားသည် အဝတ်အစား မလဲတော့ဘဲ ကျွန်တော်တို့ အိမ်သို့သွားပြီး မနက် လက်ဖက်ရည်သောက်နေပြီဟု ထင်ကာ ကျွန်တော်တို့အိမ်သို့သွားပြီး စန်တီယာဂိုနာဆားကို သွားရှာနေခြင်း ဖြစ်သည်။ သူသည် ကမ်းနားလမ်းအတိုင်း ခပ်သုတ်သုတ် လျှောက်လာကာ စန်တီယာဂိုနာဆားကို တွေ့သလားဟု တွေ့သမျှလူတိုင်းကို မေးလာခဲ့သည်။ သို့ရာတွင် မည်သူကမျှ တွေ့သည်ဟု မဖြေကြ။ သူသည် အထိတ်တလန့် မဖြစ်ပါ။ မစိုးရိမ်ပါ။ ကျွန်တော်တို့အိမ်သို့ တခြားလမ်းမှလည်း သွားနိုင်သောကြောင့် ဖြစ်ပါသည်။ တောင်ပေါ်သူ တယောက်ဖြစ်သည့် ပရိုစပါ ရာအာရန်ဂိုက သေကောင်ပေါင်းလဲဖြစ်နေသည့် သူမ၏အဖေကို ဝင်ကြည့်ပေးရန် တောင်းပန်သည်။

'အိမ်ပြန်လာရင်း ကျွန်မ ဝင်ကြည့်ခဲ့သေးတယ်၊ အဘိုးကြီးက အသက်ရှိတဲ့လူနဲ့တောင် မတူတော့ပါဘူး၊ လူသေလို ဖြစ်နေပါပြီ' ဟု ကျွန်တော့်ညီမ မားဂေါ့က ကျွန်တော့်ကို ပြောပြသည်။

ခရစ္စတိုဘီဒိုယာသည် လူနာကို ဝင်ကြည့်နေရသေးသဖြင့် ၄ မိနစ်လောက် နောက်ကျသွားသည်။ မကြာမီ ပြန်လာပြီး အရေးပေါ် ကုသပေးမည်ဟုလည်း ပြောခဲ့သည်။ သို့ရာတွင် လူမမာကို အိပ်ရာထဲသို့ ပြန်ပို့ပေးနေရသေးသဖြင့် နောက်ထပ် ၃ မိနစ်လောက် အချိန်ကုန်သွားခဲ့သည်။ အခန်းထဲမှ ပြန်ထွက်လာသည့်အခါ၌ အဝေးမှ အော်သံများကို ကြားရ၏။ ကွက်လပ်ထဲသို့ မီးကျည်များ ပစ်လွှတ်နေခြင်းဖြစ်မည်ဟု သူ ထင်လိုက်သည်။ သူသည် အပြေးကလေး သွား၏။ သို့ရာတွင် ခါးပတ်တွင်ချိတ်ထားသည့် ခြောက်လုံးပြူးကြီးကြောင့် ကောင်းကောင်းမပြေးနိုင်ပါ။ လမ်းချိုးကို ကွေ့လိုက်သည့်အခါတွင် ကျွန်တော့်ညီ အငယ်ဆုံးကို တွဲခေါ်လာသည့် ကျွန်တော့် အမေကို မြင်လိုက်ရသည်။

"အဒေါ် ... အဒေါ်၊ အဒေါ်ရဲ့ မွေးစားသားကော .... စန်တီယာဂိုနာဆားလေ"

ကျွန်တော့်အမေက လှည့်မကြည့်။ သူ့ကို ကြည့်ရသည်မှာလည်း မျက်ရည်နှင့် မျက်ခွက် ဖြစ်နေသည်။

"သတ်ပစ်လိုက်ကြပြီတဲ့ဟဲ့၊ သတ်ပစ်လိုက်ကြပြီတဲ့"

အဖြစ်အပျက်မှာ ဤသို့ဖြစ်သည်။ ခရစ္စတိုဘီဒိုယာက သူ့ကို လိုက်ရှာနေစဉ် စန်တီယာဂိုနာဆား သည် သူ့ရည်းစားဖြစ်သူ ဖလော်ရာမစ်ဂွယ်၏အိမ်သို့ သွားနေသည်။ သူ့ရည်းစားအိမ်မှာ သူနှင့် စန်တီယာဂိုနာဆားတို့ နောက်ဆုံးခွဲခဲ့သည့် လမ်းထောင့်တွင် ရှိသည်။

"အဲဒီအိမ်ထဲမှာ သူ ရှိမယ်လို့ လုံးလုံးကို မထင်ခဲ့မိဘူးဗျာ၊ သူတို့အိမ်က နေမြင့်မှ အိပ်ရာကထတော့ ဒီကောင် သွားမယ်လို့ ဘယ်ထင်မလဲဗျ" ဟု သူက ကျွန်တော့်ကို ပြောပြ၏။

သူတို့အိမ်မှာ သူတို့အဖေ ဗေဒင်ဆရာ နာဟီးမစ်ဂွယ်၏ အမိန့်အရ နေ့လယ် ၁၂ နာရီအထိ အိပ်လေ့ရှိသည်ဟု ပြောကြသည်။

'ဒီလိုအိပ်လို့ ထင်ပါရဲ့၊ ဖလော်ရာမစ်ရွယ်ဟာ သိပ်အသက် မငယ်တော့ပေမဲ့ နှင်းဆီပွင့်ကလေး တပွင့်လို လှတုန်းပဲ' ဟု မာစီးဒီးက ပြောသည်။

အမှန်ကတော့ ဤသို့မဟုတ်ပါ။ သူတို့သည် အခြားသူများကဲ့သို့ မွန်းတည့်ချိန်လောက်အထိ အိမ်တံခါးများကို ပိတ်ထားကြပါသည်။ သူတို့သည် မနက်စောစော အိပ်ရာမှထပြီး ကြိုးစား ပမ်းစား အလုပ်လုပ်သူများ ဖြစ်ပါသည်။ စန်တီယာဂိုနာဆား၏ မိဘများနှင့် ဖလောရာမစ်ဂွယ်၏ မိဘများမှာ သူတို့နှစ်ယောက်ကို ပေးစားဖို့ သဘောတူထားကြပြီး ဖြစ်သည်။ စန်တီယာဂို နာဆားသည် သူ၏ အရွယ် ပွင့်လန်းချိန်တွင် စေ့စပ်မင်္ဂလာကို ဝမ်းမြောက်ဝမ်းသာ လက်ခံ၏။ သူ့ဘက်က တာဝန်ကျေအောင်နေရန်လည်း ဆုံးဖြတ်ပြီး ဖြစ်၏။ သူသည် သူ့အဖေလိုပင် အိမ်ထောင်မှုကိစ္စကို တာဝန်တရပ်အနေဖြင့် သဘောထားသူ ဖြစ်သည်။ ဖလော်ရာမစ်ဂွယ်သည် လည်း ပန်းပွင့်အရည်အချင်းမျိုးကို ဆောင်နိုင်သူ ဖြစ်၏။ သို့ရာတွင် ပါးနပ်ထက်မြက်ခြင်းတော့ မရှိလှ။ သူနှင့်ရွယ်တူ သူငယ်ချင်းများ၏ မင်္ဂလာဆောင်တွင် သတို့သမီး၏အရန်အဖြစ် မကြာခဏ လုပ်ခဲ့ဖူး၏။ ယခုသော် စေ့စပ်ကြောင်းလမ်းပြီး ဖြစ်သဖြင့် အဆင်ပြေသွားသည်။ သူတို့နှစ်ယောက်၏ စေ့စပ်ကြောင်းလမ်းမှုမှာ လွယ်လွယ်ကူကူပင်။ အခမ်းအနား အဆောင်အယောင်တွေ သိပ်မရှိ။ ဂနာမငြိမ်သော နှလုံးသားတွေ မရှိ။ အကြိမ်များစွာ ရွှေ့ဆိုင်းခဲ့ သော သူတို့မင်္ဂလာဆောင်ကို လာမည့် နာတာလူးပွဲတော်အချိန်တွင် ကျင်းပရန် နောက်ဆုံး ဆုံးဖြတ်ခဲ့သည်။

ထိုတနင်္လာနေ့က ဘုန်းတော်ကြီး၏သင်္ဘောမှ ပထမဆုံး ဥဩဆွဲသံနှင့်အတူ ဖလော်ရာမစ်ဂွယ် အိပ်ရာမှ နိုးလာခဲ့သည်၊ မကြာမီမှာပင် ဗီကာရီယို အမြွှာညီအစ်ကိုနှစ်ယောက်သည် စန်တီယာဂို နာဆားကို သတ်ရန် စောင့်နေကြောင်းကို သိလာခဲ့ရသည်။ သူမက ကျွန်တော့်အစ်မ သီလရှင်ကို

အကြောင်းကြားသည်။ အချင်း ဖြစ်ပြီးသည့်နောက်၌ ထိုသတင်းကို ဘယ်ကရသည်ဟုပင် မမှတ်မိတော့ကြောင်းဖြင့် သူတဦးတည်းကိုသာ ပြန်ပြောခဲ့သည်။

'မနက် ၆ နာရီဆိုတော့ ဒီကိစ္စကို အားလုံး သိပြီးနေပြီလို့ ကျွန်မ သိရတာပါပဲ' ဟု သူမက ပြောခဲ့သည်။

သို့တိုင်အောင် သူတို့ညီအစ်ကိုနှစ်ယောက်သည် စန်တီယာဂိုနာဆားကို သတ်မည်ဟု နည်းနည်းကလေးမျှ မထင်ခဲ့။ သူတို့ အလွန်ဆုံးလုပ်လျှင် သူတို့ညီမငယ်၏ ဂုဏ်သိက္ခာကို ဆယ်သည့်အနေဖြင့် သူ့ကို အတင်း လက်ထပ်ခိုင်းရုံလောက်သာ ဖြစ်မည်ဟု ထင်ခဲ့သည်။ သူမသည် ရှက်စိတ်ကြောင့် ဘာကိုမျှ မစဉ်းစားနိုင်ဘဲ ဖြစ်နေသည်။ မြို့တဝက်ရှိ လူထုက ဘုန်းတော်ကြီးကို စောင့်နေကြစဉ် သူမသည် အခန်းထဲတွင် စိတ်ဆိုးဆိုးဖြင့် ဝိုင်ရှိုက်ရင်း ကျောင်းတွင် ရှိစဉ် စန်တီယာဂိုနာဆားက ပေးသည့် စာများကို တရွက်စီ ထပ်နေသည်။

သူတို့အိမ်နားသို့ ဖြတ်သွားတိုင်း အိမ်တွင် အခြားသူမရှိလျှင် စန်တီယာဂိုနာဆားသည် ပြတင်းပေါက် သံဆန်ခါများကို သော့ဖြင့် ခြစ်သွားတတ်သည်။ ထိုတနင်္လာနေ့က သူမသည် စာတွေ ထည့်ထားသည့် အံကလေးကို ပေါင်ပေါ်တွင်တင်ပြီး စောင့်နေသည်။ လမ်းမှ ကြည့်လျှင် စန်တီယာဂိုနာဆားသည် သူမကို မြင်ရမည်။ သို့ရာတွင် သူက သော့နှင့် မခြစ်မီကတည်းက ပင်လျှင် သူမသည် စန်တီယာဂိုနာဆားကို သံဆန်ခါကြားမှ မြင်နေရသည်။

'ဝင်ခဲ့လေ' ဟု သူမက ခေါ်သည်။

မနက် ၆ နာရီ ၄၅ မိနစ်တွင် သူတို့အိမ်သို့ မည်သူမျှ လာလေ့မရှိပါ။ ဆရာဝန်ပင် မလာဖူးပါ။ စန်တီယာဂိုနာဆားသည် ယာမီး၏ စတိုးဆိုင်တွင် ခရစ္စတိုဘီဒိုယာနှင့် ခွဲလာခဲ့၏။ ထိုအချိန်က ကွက်လပ်ထဲတွင် သူ့သွားလာလှုပ်ရှားမှုကို လူတော်တော်များများက စောင့်ကြည့်နေကြသဖြင့် သူ့ရည်းစားအိမ်ထဲသို့ ဝင်သွားသည်ကို မည်သူမျှမမြင် ဆိုသည့်စကားကို ယုံဖို့ တော်တော် ခက်သည်။ အမှုစစ်ဆေးသည့် တရားသူကြီးက သူ့ကိုမြင်လိုက်သူ တဦးဦးကို လိုချင်သည်။ သို့ရာတွင် တယောက်မျှ ရှာမတွေ့ပါ။ ထို့ ကြောင့် အမှုတွဲစာမျက်နှာ ၃၈၂ တွင် သေခြင်း အကြောင်းတရားကို ကျွန်ုပ်တို့ မမြင်နိုင်ဟု ဘေးတွင် မင်နီဖြင့် ရေးလိုက်သည်။ စန်တီယာဂို နာဆားသည် လူအားလုံး၏ရှေ့တွင် တံခါးမကြီးမှ ဝင်သွားပြီးသည့်နောက်တွင် သူ့ကို မတွေ့ရ ဆိုသည့်အချက် ဖြစ်သည်။ ဖလော်ရာမစ်ဂွယ်မှာ ဧည့်ခန်းထဲတွင် သူ့ကို စောင့်နေသည်။ သူ့ တကိုယ်လုံးမှာ ဒေါသကြောင့် စိမ်းလျက်။ အထူးနေ့များတွင် ဝတ်သည့် ဝတ်စုံကို ဝတ်ကာ

လက်တွင် စာထည့်သည့် အံကလေးကို ကိုင်ထားသည်။

'ရော့ ... ရှင့်စာတွေ ပြန်ယူသွား၊ ရှင့်ကို သတ်ကြမလို့တဲ့' ဟု ပြောသည်။

စန်တီယာဂိုနာဆားသည် ကြောင်အမ်းအမ်းဖြစ်သွားကာ အံကလေးကို လက်ထဲမှလွှတ်ချလိုက်မိ သဖြင့် အချစ်မပါသော သူ့စာများသည် ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေသည်။ သူသည် ဖလော်ရာ မစ်ဂွယ်ကို နောက်မှ လိုက်ဖမ်းသော်လည်း မမီလိုက်တော့။ ဖလော်ရာ မစ်ဂွယ်သည် အိပ်ခန်း ထဲသို့ ဝင်သွားကာ တံခါးကို မင်းတုပ်ချထားလိုက်သည်။ သူသည် တံခါးကို ကြိမ်ဖန်များစွာ ခေါက်၏။ မနက်အစောကြီး ဖြစ်သည့်တိုင် ခပ်ကျယ်ကျယ် ခေါ်၏။ ဤတွင် အားလုံး နိုးလာကာ အလန့်တကြား ဖြစ်ကုန်ကြသည်။ အရင်းအချာထဲကရော၊ အိမ်တောင်ဘက်က ဆွေမျိုးများရော၊ လူကြီးရော၊ လူငယ်ရော အားလုံးပေါင်းလျှင် ၁၄ ယောက် ကျော်သေးသည်။ နောက်ဆုံး ရောက်လာသူမှာ သူမ၏အဖေ နာဟီးမစ်ဂွယ်ဖြစ်ပြီး မုတ်ဆိတ်နီနီ၊ ဘီဒိုအင်းလူမျိုးတွေ ဆောင်းသည့် သိုးမွေးဦးထုပ်ပြားနှင့် ဖြစ်သည်။ ကျွန်တော် သူ့ကို မကြာခဏ မြင်ဖူးရာ ကိုယ်လုံးကိုယ်ထည်ကြီးကြီး၊ တုတ်တုတ်ခိုင်ခိုင် ဖြစ်သည်။ သို့ရာတွင် ကျွန်တော် သတိအထားမိ ဆုံးသောအရာမှာ သူ၏အာဏာသံ ဖြစ်သည်။

'ဖလော်ရာ ... တံခါးဖွင့်စမ်း' ဟု သူတို့ အာရဗီဘာသာစကားဖြင့် ပြောသည်။

သူက ဖလော်ရာမစ်ဂွယ်၏အခန်းထဲသို့ ဝင်သွားစဉ်မှာ ကျန်မိသားစုများက ဧည့်ခန်းထဲတွင် ဒူးထောက်ထိုင်ကာ စာတွေကို ကောက်ပြီး အံဆွဲထဲသို့ထည့်နေသော စန်တီယာဂိုနာဆားကို ဝိုင်းကြည့်နေကြသည်။

'သူ့ကိုကြည့်ရတာ အပြစ်ခံနေရသလိုပဲ' ဟု သူတို့က ကျွန်တော့်ကို ပြောပြကြသည်။ မိနစ် အတန်ကြာသည့်အခါ နာဟီးမစ်ဂွယ်သည် အိပ်ခန်းထဲမှ ပြန်ထွက်လာခဲ့ကာ လက်ဖြင့် အချက်ပြ လိုက်သည်တွင် အားလုံး ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြသည်။

သူက စန်တီယာဂိုနာဆားကို အာရဗီဘာသာဖြင့် ပြောနေသည်။

'ပထမတော့ ဒီကောင်က ငါပြောနေတာကို ဘာတလုံးမှ နားလည်ပုံမရဘူး' ဟု သူက ကျွန်တော့်ကို ပြောသည်။ ထို့နောက် ဗီကာရီယို ညီအစ်ကိုက သူ့ကိုသတ်ရန် လိုက်ရှာနေသည်ကို သိသလားဟု ပွင့်ပွင့်လင်းလင်း မေးသည်။

'သူ့မျက်နှာက သွေးမရှိတော့သလို ဖြူလို့၊ စိတ်လည်း မထိန်းနိုင်တော့ဘူး ထင်တယ်၊ ဟန်ဆောင် တာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး' ဟု သူက

ကျွန်တော့်ကို ပြောပြ၏။ ကြောက်သည်ထက် နားမလည်နိုင်အောင် ဖြစ်နေသည်က ပိုသည်ဟု ထင်ကြောင်းဖြင့် ပြောပြသည်။

"ဘယ်သူ မှားတယ်၊ မှန်တယ် ဆိုတာတော့ မင်းပဲ သိမှာပေါ့၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းလုပ်စရာ နှစ်လမ်းပဲ ရှိတယ်၊ ဒီအိမ်ဟာ မင်းအိမ်၊ ဒီတော့ ဒီမှာ ပုန်းနေမလား၊ ဒါမှမဟုတ် သေနတ်ကိုင် ထွက်မလား"

သူက ပြော၏။

'ကျွန်တော်ကတော့ ဘာမှနားမလည်နိုင်အောင် ဖြစ်နေပြီ ခင်ဗျာ' ဟု စန်တီယာဂိုနာဆားက ပြောသည်။

သူသည် ထိုစကားကိုသာ ပြောနိုင်တော့သည်။ ထိုစကားကို စပိန်ဘာသာဖြင့် ပြောခြင်းဖြစ်၏။

'သူ့ကိုကြည့်ရတာ မိုးရေစိုနေတဲ့ ငှက်တကောင်နဲ့ တူနေတယ်' ဟု နာဟီးမစ်ဂွယ်က ကျွန်တော့်ကို ပြောသည်။ စန်တီယာဂို နာဆားမှာ တံခါးအဖွင့်ရခက်နေသဖြင့် သူ့လက်ထဲက စာသေတ္တာကလေးကို နာဟီးမစ်ဂွယ်က လှမ်းယူထားလိုက်ရ၏။

'တယောက်နဲ့ နှစ်ယောက်နော်' ဟု သူက သူ့ကိုပြောသည်။

စန်တီယာဂိုနာဆားသည် အိမ်ပြင်သို့ ထွက်သွားသည်။ လူများမှာ စစ်ရေးပြသည့်နေ့တွင် ထွက်ကြည့်သလို ကွက်လပ်ထဲသို့ ထွက်ကြည့်နေကြ၏။ သူထွက်လာသည်ကို အားလုံး မြင်လိုက်ကြသည်။ သူ့ကို သတ်မည်ဆိုသည်ကို သိနေကြောင်းလည်း သူတို့ သဘောပေါက် လိုက်၏။ ထိုအချိန်က စန်တီယာဂိုနာဆားမှာ ယောင်တီးယောင်န ဖြစ်နေသည့်အတွက် အိမ်ကို ဘယ်လိုပြန်ရမှန်း မသိ ဖြစ်နေသည်ကိုလည်း သူတို့ သတိထားလိုက်မိကြသည်။ လသာဆောင် တခုပေါ်မှ အော်သံကိုလည်း ကြားလိုက်ရသည်ဆို၏။

"ဟေ့... အဲဒီဘက်ကို မသွားနဲ့၊ ကူးတို့ဆိပ်ဟောင်းဘက်က သွား"

စန်တီယာဂိုနာဆားသည် အသံလာရာဆီသို့ လှမ်းကြည့်၏။ ယာမီးရှာအိန်းက သူ့ကုန်စုံဆိုင်ထဲ ဝင်လာပြီး တောပစ်သေနတ် ဝင်ယူရန် လှမ်းခေါ်သည်။ သို့ရာတွင် ယမ်းတောင့်ကို ဘယ်သွားထားမိမှန်း မသိ။ ဘေးပတ်ပတ်လည်မှ သူ့ကို လှမ်းအော်နေကြသည်။ စန်တီယာဂို နာဆားသည် ရှေ့သွားလိုက်၊ ပြန်လာလိုက် လူးလာခတ်လျက်ရှိကာ အသံပေါင်းစုံကြောင့် ယောင်တောင်တောင် ဖြစ်နေသည်။ သူသည် မီးဖိုကိုဖြတ်၍ အိမ်ထဲသို့ ဝင်မည့်ဟန်ဖြင့် သူ့အိမ်ဆီသို့ သွားနေသည်။ သို့ရာတွင် အိမ်ရှေ့တံခါးမကြီး

ဖွင့်ထားသည်ကို သူ ရုတ်ခြည်း သတိရသည်။

'ဟော… လာနေပြီ… လာနေပြီ' ပီဒရိုဗီကာရီယိုက ပြောသည်။

သူတို့နှစ်ယောက်စလုံး သူ့ကို မြင်လိုက်ကြသည်။ ပက်ဘလို ဗီကာရီယိုက အပေါ်အင်္ကျီကို ချွတ်ပြီး ခုံပေါ်သို့တင်ကာ ပတ်ထားသည့် ဓားကို ထုတ်၍ သံလျက်ကိုကိုင်သလို ခပ်တင်းတင်း ဆုပ်ထား၏။ ကုန်စုံဆိုင်ထဲက မထွက်မီ သူတို့နှစ်ယောက်သည် မတိုင်ပင်ဘဲ လက်နှစ်ဖက်ကို ယှက်၍ ဆုတောင်းသည်။ ထိုစဉ် ကလိုတီလ်ဒါ အာမင်တာက ပီဒရိုဗီကာရီယို၏ အင်္ကျီစကို ဆွဲထားပြီး သူ့ကို သတ်တော့မည်ဖြစ်သဖြင့် ထွက်ပြေးရန်. စန်တီယာဂိုနာဆားကို အော်ပြော သည်။ သူ့အသံက အားကုန်အော်သဖြင့် အခြားအသံများကို ဖုံးသွား၏။

'ပထမတော့ သူ လန့်သွားတယ်ကွဲ့၊ သူ့ကို ဘယ်သူက ဘယ်နေရာက အော်နေမှန်းမှ မသိဘဲကို' ဟု ကလိုတီလ်ဒါအာမင်တာက ပြောသည်။

သို့ရာတွင် သူမကို မြင်လိုက်သည့်အချိန်၌ သူမကို မြေကြီးပေါ်သို့ တွန်းလှဲလိုက်ပြီး သူ့အစ်ကိုကို ဆွဲခေါ်နေသည့် ပီဒရိုဗီကာရီယိုကိုလည်း သူ မြင်လိုက်လေပြီ။ စန်တီယာဂိုနာဆားမှာ သူ့အိမ်နှင့် ကိုက် ၅၀ လောက်သာ ကွာတော့သည်။ သူသည် တံခါးမကြီးဆီသို့ ပြေးလာ၏။

လွန်ခဲ့သည့် ၅ မိနစ်တုန်းကတော့ မီးဖိုထဲတွင် ဗစ်တိုးရီးယား ဂုဇ်မန်းသည် လူတိုင်း သိပြီးသား အကြောင်းကို ပလေစီဒါလီနာရိုကို ပြောပြလျက်ရှိ၏။ ပလေစီဒါလီနာရိုသည် စိတ်တည်ငြိမ်သည့် မိန်းမတယောက်ဖြစ်သဖြင့် အထိတ်တလန့် အမူအရာကို ပြသခြင်း မပြုပါ။ သူမက သူ့သားအား ဘာများပြောခဲ့သနည်းဟု ဗစ်တိုးရီးယားဂုဇ်မန်းကို မေးသည်။ ဗစ်တိုးရီးယားဂုဇ်မန်းကလည်း မနက်ပိုင်း သူ ကောက်ဖီလာသောက်စဉ်က သူမ ဘာမျှမသိရသေးကြောင်းဖြင့် ရိုးသားစွာ လိမ်ပြော၏။ ဧည့်ခန်းတွင် ကြမ်းတိုက်နေသည့် ဒီဗီနာဖလိုသည် ကွက်လပ်ဘက်၌ တံခါးမကြီးမှ ဝင်လာခဲ့ပြီးနောက် လှေကားအတိုင်း အိပ်ခန်းသို့ တက်သွားသော စန်တီယာဂိုနာဆားကို မြင်လိုက်သည်။

'သေသေချာချာ မြင်လိုက်ရတာပါရှင်၊ ဝတ်စုံအဖြူရောင်နဲ့ လက်ထဲမှာ ပစ္စည်းတခု ကိုင်လို့၊ ဘာမှန်းတော့ မသိဘူးရှင့်၊ ကျွန်မအထင်တော့ နှင်းဆီပန်းစည်းတစည်းလို့ ထင်လိုက်တာပဲ' ဟု ဒီဗီနာဖလိုက ကျွန်တော့်ကို ပြောပြ၏။

ထို့ကြောင့် ပလေစီဒါလီနာရိုက သူ့အကြောင်းကို မေးသည့်အခါတွင် ဒီဗီနာဖလိုသည် သူ့ကို နှစ်သိမ့်၏။

'ခုလေးတင်ပဲ သူ့အခန်းကို တက်သွားပါပြီ' ဟု သူမက သူ့ကို ပြောပြ၏။

ထို့နောက် ပလေစီဒါလီနာရှိသည် ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲနေသည့် စာရွက်များကို မြင်ရသည်။ သို့ရာတွင် ကောက်မကြည့်မိပါ။ နောင် အချင်းဖြစ်လာ၍ သူများက လာပြသည့်အခါတွင်မှ ထိုစာရွက်ထဲတွင်ပါသည့် အကြောင်းအရာများကို သိရသည်။ ဗီကာရီယို ညီအစ်ကိုနှစ်ယောက် သည် ဓားများကိုကိုင်၍ သူတို့အိမ်ဆီသို့ ပြေးလာနေသည်ကို တံခါးမှ မြင်နေရသည်။ သူမ ရပ်နေသောနေရာမှ သူတို့ကို မြင်နေရသော်လည်း တခြားတဖက်မှ ပြေးလာနေသော သူ့သားကို မူ မမြင်ရပါ။

'သူတို့က သူ့ကို အိမ်ထဲ ဝင်သတ်ချင်လို့ လာတာပဲလို့ ထင်လိုက်မိတာပေါ့' ဟု သူမက ကျွန်တော့်ကို ပြောပြ၏။

ထို့နောက် သူမသည် တံခါးဆီသို့ပြေးလာကာ တံခါးကို ပိတ်ပစ်လိုက်၏။ တံခါးကို မင်းတုပ် ထိုးနေစဉ် စန်တီယာဂိုနာဆား၏အော်သံကို သူမ ကြားရသည်။ သို့ရာတွင် သူ့သားသည် အပေါ်ထပ်သို့ ရောက်နေပြီး သူ့အခန်းပေါက်မှ ထွက်၍ ဗီကာရီယို အမြွှာညီနောင်ကို ဆဲရေး တိုင်းထွာနေသည်ဟု ထင်လိုက်သည်။

သူမသည် သူ့ကိုကူညီရန် အပေါ်ထပ်သို့ တက်လာခဲ့ရသည်။

တံခါးပိတ်လိုက်ပြီး စက္ကန့်ပိုင်းအတွင်းတွင် စန်တီယာဂိုနာဆားသည် တံခါးနောက်သို့ ရောက်လာ ခဲ့သည်။ သူသည် တံခါးကို အချက်ပေါင်းများစွာ ထုသည်။ ထို့နောက် ဘာလက်နက်မျှ မပါဘဲ သူ့ရန်သူများကို ရင်ဆိုင်ရန် နောက်သို့လှည့်လိုက်၏။

'သူနဲ့လည်း မျက်နှာချင်းဆိုင် တွေ့လိုက်ရော ကြောက်လိုက်တာဗျာ၊ သူ့ကိုကြည့်ရတာ နှစ်ဆလောက် ကြီးနေပုံရတယ်' ဟု ပက်ဘလိုဗီကာရီယိုက ကျွန်တော့်ကို ပြောပြသည်။ စန်တီယာဂို နာဆားသည် သူ့လက်ယာဘက် နံစောင်းကို ဓားဖြင့်စိုက်လိုက်သည့် ပီဒရိုဗီကာရီယို ၏ ပထမတိုက်ကွက်ကို ခုခံရန် လက်ကို မြှောက်လိုက်၏။

'မအေ... တွေ' ဟု သူ အော်သည်။

ဓားဦးသည် သူ့ညာဘက်လက်ဖဝါးကို ဖောက်ထွက်သွားကာ လက်ကိုင်ရိုးထိအောင် နံစောင်း ထဲသို့ စိုက်ဝင်သွား၏။ သူ့အော်သံကြီးကို လူတိုင်း ကြားလိုက်ရသည်။

“အမယ်လေးဗျ ... အမေရေ... အမေ”

ပီဒရိုဗီကာရီယိုသည် ဓားကိုဆွဲနုတ်ပြီး သားသတ်သမား၏

သံမဏိလက်ကောက်ဝတ်ဖြင့် ထိုနေရာကိုပင် ဒုတိယအကြိမ် ထိုးစိုက်ပြန်သည်။

'အံ့သြဖို့တော့ကောင်းတယ်ဗျ၊ ဓားမှာ သွေးတစက်မှ မပေဘူးဗျ၊ ကျွန်တော် ၉ ချက် ဆင့်ထိုးတာ သွေးတစက်မှ မပေဘူး' ဟု ပီဒရိုဗီကာရီယိုက စစ်ဆေးရေးအရာရှိကို ပြောပြသည်။

ထို့နောက်တွင်ကား သူတို့သည် တံခါးကိုမှီရပ်နေသည့် သူ့အား ဓားဖြင့် တယောက်တချက်စီ အလှည့်ကျ မှန်မှန်ထိုးနေကြသည်။ ကြောက်ရွံ့ခြင်း၏ အခြားတဖက်တွင်ရှိနေသော တောက်ပ ပြောင်လက်သည့် နောက်ဘက် ရေစီးကြောင်းထဲတွင် ရောပါနေသကဲ့သို့တည်း။ မိမိ၏ရာဇဝတ်မှု ကို ကြောက်လန့်ကာ အော်ဟစ်နေသော တမြို့လုံး၏ အော်သံများကိုလည်း သူတို့ မကြားတော့။

'ကျွန်တော့်စိတ်ထဲမှာ မြင်းပေါ်မှာ ဒုန်းစီးလိုက်သွားတယ်လို့ ထင်နေတယ်ဗျာ' ဟု ပက်ဘလို ဗီကာရီယိုက ပြောသည်။

သို့ရာတွင် သူတို့သည် အစစ်အမှန်ဘဝသို့ ချက်ချင်း ပြန်နိုးလာကာ သတိရလာကြပါသည်။ ခြေကုန်လက်ပန်းလည်း ကျပြီ။ သို့ရာတွင် စန်တီယာဂိုနာဆားမှာ ဘယ်တော့မှ လဲကျသေဆုံး သွားမည် မဟုတ်ဟု ထင်နေကြသည်။

'သောက်ကျိုးနည်း... လူတယောက်ကို သတ်ရတာ မလွယ်ပါလားဗျာ' ဟု ပက်ဘလိုဗီကာရီယို က ကျွန်တော့်ကို ပြောပြ၏။

သူ့ကို အိပ်ခန်းထဲသို့ လိုက်ရှာပြီး အော်ခေါ်ရင်း သူ့အသံ မဟုတ်သော၊ ဘယ်ကလာမှန်းမသိသော အော်သံများကို ကြားလိုက်ရသည့်အခါတွင် ပလေစီဒါလီနာရိုသည် ကွက်လပ်ကို မျက်နှာ မူနေသော ပြတင်းပေါက်ဆီသို့ လာခဲ့သည်၌ ဘုရားရှိခိုးကျောင်းဆီသို့ ပြေးနေသော ဗီကာရီယို ညီနောင်ကို လှမ်းမြင်လိုက်ရသည်။ သူတို့နောက်တွင် ယာမီးရှာအိန်းက သေနတ်ကိုင်လျက်၊ အခြား အာရပ်များက လက်နက်များကိုင်ဆောင်လျက် ပြေးလိုက်နေကြသည်။ ဤတွင် သူ့သားသည် အန္တရာယ်မှ လွတ်မြောက်သွားပြီဟု ထင်လိုက်၏။ သူမသည် အိပ်ခန်း လသာဆောင်ဘက်သို့ ထွက်လာခဲ့သည်တွင် တံခါးရှေ့ ဖုန်ထဲတွင် မှောက်လျက်လဲကျနေရာမှ သွေးအိုင်ထဲမှ လူးလဲရုန်းထနေသော စန်တီယာဂိုနာဆားကို မြင်လိုက်ရသည်။ သူသည် မတ်တတ်ထလာကာ အူကို လက်ဖြင့်ပွေ့ရင်း သွေးရှူးသွေးတမ်းဖြင့် လျှောက်လာသည်။

ကိုက် ၁၀၀ လောက် လျှောက်မိ၍ အိမ်ကို တပတ်ပတ်ပြီးသည်နှင့် မီးဖိုတံခါးအတိုင်း အထဲသို့ ဝင်လာခဲ့သည်။ လမ်းမသို့ မသွားရန် သတိရှိနေဆဲ

ဖြစ်၏။ ထိုလမ်းမှာ တဖက်အိမ်နီးချင်း၏ အိမ်ကို ကွေ့ပတ်သွားရမည်ဖြစ်သဖြင့် အရှည်ဆုံးလမ်း ဖြစ်၏။ ပွန်ချိုလာနို၊ သူ့ဇနီးနှင့် သူ့ကလေး ၅ ယောက်တို့သည် သူတို့အိမ်တံခါးမှ ခြေလှမ်း ၂၀ လောက် အကွာတွင် ဖြစ်နေသည်ကို ဘာမျှမသိ။

'အော်သံတွေတော့ အကြားသားရှင့်၊ ဒါပေမဲ့ ဘုန်းကြီးကွလာလို့ သဘော်ာဆိပ်က ကြိုတဲ့ အသံတွေပဲလို့ ထင်တာပေါ့' ဟု သူ့ဇနီးက ပြောပြသည်။

'အစာအိမ်ဟောင်းကထွက်တဲ့ အနံ့ကြီးကိုတော့ ဘယ်တော့မှ မေ့လို့ရမှာ မဟုတ်ပါဘူးဗျာ' ဟု ပွန်ချိုလာနိုက ကျွန်တော့်ကို ပြောသည်။

သို့ရာတွင် သူ့သမီးအကြီးဖြစ်သည့် အာဂျင်နီဒါလာနိုကမူ စန်တီယာဂိုနာဆာအားမှာ ခါတိုင်းကဲ့သို့ ခြေလှမ်းမှန်မှန်၊ ဣန္ဒြေရရဖြင့် လျှောက်လာပုံ၊ သူ၏ အာရပ်မျက်နှာပေါက်မှာ ခါတိုင်းထက်ပင် ချောမောခန့်ညားနေသယောင် ထင်ရပုံ၊ ဆံပင်လိပ်ကလေးတွေ နဖူးပေါ် ဝဲကျနေသဖြင့် ခံ့ညားနေပုံတို့ကို ပြောပြသည်။ စားပွဲနားမှ ဖြတ်သွားသည့်အခါတွင် သူတို့ကိုပင် ပြုံးပြသွား သေးသည်။ ထို့နောက် အိပ်ခန်းများမှ ဖြတ်ကာ နောက်ဖေးပေါက်ဆီသို့ လျှောက်သွား၏။

'ကျွန်မတို့တတွေ ကြောက်လန့်ပြီး မင်သက်နေမိကြတယ်' ဟု အာဂျင်နီဒါလာနိုက ကျွန်တော့်ကို ပြောပြသည်။ ကျွန်တော့်အဒေါ် ဝီနီဖရီဒါမားကွက်ဇ်သည် ချောင်းတဖက်ကမ်းက သူ့ဝင်းထဲတွင် ငါးများကို အကြေးသင်နေစဉ် ကူးတို့ဆိပ်ဟောင်း လှေကားထစ်များအတိုင်း သူ့အိမ်ဆီသို့ ဆင်းသွားနေသော စန်တီယာဂိုနာဆာကို လှမ်းမြင်လိုက်သည်။

"ဟဲ့ ... 'လူလေး၊ စန်တီယာဂို၊ ဘာဖြစ်လာတာတုံး" ဟု သူမက လှမ်းအော်သည်။

"အဒေါ်ရေ ... သူတို့ ကျွန်တော့်ကို သတ်ပစ်လိုက်ကြပြီဗျ" သူက ပြောသည်။

အောက်ဆုံးလှေကားထစ်ပေါ်တွင် လဲကျသွားသော်လည်း သူသည် ချက်ချင်း ပြန်ထ၏။

"သူ့အူတွေမှာ ပေနေတဲ့ ဖုတ်တွေကိုတောင် ရပ်ပြီး သုတ်နေသေးသတော့" ဟု ကျွန်တော့်အဒေါ် ဝီနီက ကျွန်တော့်ကို ပြောပြသည်။

ထို့နောက် သူသည် မနက် ၆ နာရီကတည်းက ဖွင့်ထားသော သူ့အိမ် နောက်ဖေးတံခါးပေါက် အတိုင်း အိမ်ထဲသို့ ဝင်သွားကာ မီးဖိုပေါ်တွင် မှောက်လျက်လဲကျသွားခဲ့သည်။

* * * * *

Whisper Of Words